

တက္ကသိုလ်
လေးကျွန်းစကြာရှင်
ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၆၄၇၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၁၂၀၆၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟာင်း။ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

VCD.DVD

တက္ကသိုလ်

# နေလင်းအောင်

---

# လေးကျွန်းစကြာရှင်

(ပထမပိုင်း)

## မျက်နှာစိမ်း

ကျောက်ဖြူမြို့....။

ကျောက်ဖြူမြို့သည် ပင်လယ်ကမ်းရိုးတန်းဒေသနှင့် များစွာအလှမ်းမဝေးသော အရပ်၌ တည်ရှိပြီး စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်သည်။

ကျောက်ဖြူမြို့မှ လူများသည် ပင်လယ်ကမ်းရိုးတန်းဒေသသို့သွားကာ ငါး၊ ငါးခြောက်၊ ပုဇွန်များဝယ်ယူကာ အခြားအရပ်ဒေသအသီးသီးသို့ သွားရောက်ရောင်းချခြင်းဖြင့် စီးပွားရှာကြသူများ ဖြစ်လေသည်။

ငါး၊ ငါးခြောက်များအပြင် 'ပုလဲ' များကိုလည်း ဝယ်ယူကာ တဆင့်ပြန်လည်ရောင်းချခြင်းဖြင့် စီးပွားရှာကြသူများလည်းရှိသည်။

ငါး၊ ငါးခြောက် ရောင်းဝယ်သည့်လုပ်ငန်းကို တစ်မြို့လုံးနီးပါး ကျွမ်းကျင်ကြသော်လည်း ပုလဲရောင်းဝယ်ရေးနှင့် ပက်သက်၍ကား ကျွမ်းကျင်သူ များများစားစားမရှိဘဲ အနည်းအကျဉ်းသာရှိလေသည်။

ထို လက်ချိုးရေတွက်၍ရနိုင်သော လူနည်းစုထဲ၌ ကုန်သည်ကြီးချိန်စန်းက ထိပ်ဆုံးမှ ပါဝင်လေသည်။

ကုန်သည်ကြီးချိန်စန်းသည် ပုလဲတစ်လုံးကို ကြည့်လိုက်သည်နှင့် အလေးချိန်မည်မျှ၊ တန်ဖိုးမည်မျှရှိသည်ကို ဒက်ခနဲ ပြောနိုင်သူဖြစ်လေသည်။

ကုန်သည်ကြီးချိန်စန်းသည် ပုလဲနှင့် ပတ်သက်လာလျှင် ပြိုင်ဘက်ကင်းသူတစ်ယောက် ဖြစ်သကဲ့သို့ သူ၏တပည့်'အာကျယ်'သည်လည်း ပြိုင်ဘက်ကင်းသူဖြစ်လေသည်။

အာကျယ်က ငါး၊ ငါးခြောက်နှင့်ပုလဲရောင်းဝယ်ရေး၌ ကျွမ်းကျင်လိမ္မာကာ ပြိုင်ဘက်ကင်းသူတော့မဟုတ်ပါ။

အာကျယ်က နာမည်နှင့်လိုက်အောင် အကြွားသန်ကာ လေကျယ်ရာ၌ ပြိုင်ဘက်ကင်းခြင်းဖြစ်လေသည်။ ယခု…

ချစ်မိတ်ဆွေလ္ဘက်ရည်ဆိုင်ထဲ၌ အာကျယ်၏ ဟောင်ဖွာဟောင်ဖွာအသံက လွှမ်းမိုးထား၏။

အာကျယ်သည် ကုန်သည်ကြီးချိန်စန်းနှင့်အတူ ကမ်းရိုးတန်းဒေသသို့ လိုက်သွားခဲ့ပြီး မကြာသေးမီကမှ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အာကျယ်က သူ၏ပင်လယ်ပိုင်းဒေသ ခရီးစဉ်အကြောင်းကို အာဘောင်အာရင်းသန်သန်ဖြင့် ပြောဆိုနေခြင်း ဖြစ်ပေတော့သည်။

* * *



ချစ်မိတ်ဆွေလ္ဘက်ရည်ဆိုင်ထဲ၌ လူစည်ကားနေ၏။

အာကျယ်က သူ့မိတ်ဆွေများနှင့်အတူ လ္ဘက်ရည်သောက်ယင်း ပင်လယ်ခရီးအကြောင်းကို ပြောဆိုနေခြင်း ဖြစ်လေသည်။

အာကျယ်သည် အကြွားသန်သူ၊ လေကျယ်သူဖြစ်သည့်အပြင် အငြင်းအခုန်သန်သူဖြစ်၍ မည်သူကမျှ သူနှင့်စကားပြိုင်ပြောခြင်း၊ ငြင်းခုန်ခြင်းများ မပြုလိုကြပါ။

ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် ပြုံး၍ နားထောင်နေကြလေသည်။

ချစ်မိတ်ဆွေလ္ဘက်ရည်ဆိုင်သို့ အမြဲတစေ လာရောက်ကြပြီး တစ်မြို့တည်းသားချင်းများ ဖြစ်ရကား အားလုံးသိကျွမ်းရင်းနှီးပြီးသား မိတ်ဆွေအပေါင်းအသင်းများပင် ဖြစ်ကြပါတော့သည်။

အကြောင်းသိများဖြစ်၍ အာကျယ်က သူ၏ပင်လယ်ခရီးစဉ်အကြောင်း အမွှန်းတင်ကာ ပြောဆိုနေသည်ကို သည်းခံနားထောင်နေကြခြင်း ဖြစ်လေသည်။

အာကျယ်ကတော့ ဘာကိုမှ အမှုမထားပါချေ။

သူများကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူပြောချင်ရာကိုသာ စွတ်ရွတ်ပြောဆိုနေတော့သည်။

"သည်တစ်ခေါက် ပင်လယ်ခရီးသွားရတာ စိတ်လှုပ်ရှားစရာကောင်းလိုက်တာဗျာ၊ ကျုပ်နေရာမှာသာ ခင်ဗျားတို့ဆိုယင် လန့်ဖျန့်ပြီး တစ်ခါထဲမူးမေ့သွားကြမှာပဲဗျ"

အာကျယ်၏မိတ်ဆွေများ အချင်းချင်းကြည့်ပြီး ပြုံးလိုက်

ကြ၏။ အာကျယ်က...

"ကျုပ်က ပုံပြင်ထဲက ရသေ့တွေကို မျက်ဝါးထင်ထင်တွေ့ခဲ့ရတာ"

ပြောယင်း သူ၏မျက်နှာကြီးရှုံ့မဲ့ကာ ခေါင်းကုပ်လိုက်လေသည်။

"ဒါပေမယ့် ကျုပ်ပြောတာကို ဘယ်သူကမှ မယုံကြလို့ ခက်နေတာပေါ့"

ဤတွင် မိတ်ဆွေတစ်ယောက်က မေးလိုက်လေသည်။

"နေပါဦး...ခင်ဗျား ဘာတွေကိုများ တွေ့မြင်ခဲ့ရလို့လဲ၊ ပြောစမ်းပါဦး"

အာကျယ်က...

"ကျုပ်ပြောခဲ့တယ်လေ၊ ပုံပြင်ထဲက ရသေ့တွေကိုတွေ့ခဲ့ရတာပေါ့"

ရှေးဟောင်းပုံပြင်...။

ကမ်းရိုးတန်းဒေသနှင့် ပင်လယ်ပိုင်း၌ ထူးဆန်းသောပုံပြင်တစ်ပုဒ်ကို ပြောဆိုလေ့ရှိကြလေသည်။

ထိုပုံပြင်မှာ ဆိုးသွမ်းသောင်းကျန်းသည့် လူဆိုးဓားပြများ ဒုစရိုက်သမားများအား သိုင်းသမားသူရဲကောင်းလေးယောက်က နှိမ်နင်းခဲ့ကြလေသည်။

ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီး သူရဲကောင်းသိုင်းသမားလေးယောက်၏လက်မှာ သွေးများစွန်းထင်းပေကျံခဲ့လေ



သည်။ သူရဲကောင်းလေးယောက်သည် တိုက်ပွဲများအပြီးတွင် သူတို့၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသူများအတွက် စိတ်မကောင်းဖြစ်ခဲ့ကြသည်။

ရှုပ်ထွေးပွေလီပြီး သွေးထွက်သံယိုတိုက်ပွဲများနှင့် ပြည့်နှက်နေသော သိုင်းလောက၌ ဆက်မနေလိုတော့ဘဲ ကျောခိုင်းလိုက်ကြသည်။

သံဝေဂတရားများရကာ လူဝတ်ကြောင်ကိုစွန့်၍ ရသေ့ရဟန်း ဝတ်လိုက်ကြသည်။

လူသူဝေးရာ ပင်လယ်ပြင်ထဲ၌ နေထိုင်လိုက်တော့သည်။

ထိုသူရဲကောင်းသိုင်းသမားလေးယောက်(ဝါ) ရသေ့လေးပါးသည် ပင်လယ်ထဲမှ ငါးမန်းဆိုးများကို မောင်းထုတ်ဖယ်ရှားနိုင်စွမ်းရှိကြသည်။

လှိုင်းလေမထန်စေရန် တားဆီးနိုင်စွမ်းရှိကြသည်။

ပင်လယ်ပြင်ထဲ၌ ဒုက္ခရောက်နေသူများအား ကူညီကယ်တင်ပေးကြသည်။

ကမ်းခြေဒေသ၌ နေထိုင်ကြသူများ အခက်အခဲဒုက္ခတစ်ခုခု ကြုံတွေ့ရပြီဆိုလျှင် ရသေ့လေးပါးကို တမ်းတကြသည်။

ရသေ့လေးပါးကလည်း ရောက်လာပြီး ကူညီလေ့ရှိကြသည်။

ထိုရသေ့လေးပါးအား ကယ်တင်ရှင်များအဖြစ် ပြောဆိုကြသည့်ပုံပြင်ဖြစ်လေသည်။

အမှန်တော့ ထိုရသေ့လေးပါးပုံပြင်မှာ ထူးခြားသော ပုံပြင်တစ်ပုဒ်မဟုတ်ပါ။

အခြား အခြားသော ပုံပြင်များနှင့်ယှဉ်လျှင် စိတ်ဝင်စားစရာနည်းပါးသော ပုံပြင်တစ်ပုဒ်သာဖြစ်လေသည်။

သို့သော်...

ကမ်းရိုးတန်းဒေသမှလူများက ရသေ့လေးပါးသည် ယခုထက်တိုင်ရှိနေကြသေးပြီး ဒုက္ခကြုံတွေ့နေရသူများအား အကူအညီပေးနေဆဲဟု ယုံကြည်ထားကြလေသည်။

ထို့ကြောင့်လည်း အာကျယ်က ရေးကြီးခွင်ကျယ် ပြောနေခြင်း ဖြစ်လေသည်။

မိတ်ဆွေတစ်ယောက်က အာကျယ်အား မေးလိုက်သည်။

"ရသေ့တွေကို ဘယ်မှာတွေ့ခဲ့ရတာလဲ ပြောပါဦး"

အာကျယ်က...

"ဘယ်မှာတွေ့ရမှာလဲ၊ ပင်လယ်ထဲမှာ တွေ့ခဲ့ရတာပေါ့ဗျာ"

သူတွေ့ခဲ့ရပုံကို အကျယ်တဝင့် ပြောပြလိုက်လေသည်။

* * *



လေပြည်လေညှင်း တိုက်ခတ်နေပါသည်။

လှိုင်းလေငြိမ်သက်နေသော ပင်လယ်ပြင်ထဲ၌ လှေကြီးတစ်စီးခရီးနှင်နေသည်။

ကုန်သည်ကြီးချိန်စန်း၏ ကုန်ပစ္စည်းများ သယ်ဆောင်လာသော လှေကြီးဖြစ်လေသည်။

ကုန်သည်ကြီးချိန်စန်းသည် အဝတ်အထည်၊ ဆေးဝါးနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများ သယ်ဆောင်လာပြီး ပင်လယ်ကမ်းရိုးတန်းဒေသ၌ရောင်းချကာ ပင်လယ်ထွက်ကုန်ဖြစ်သော ငါး၊ ငါးခြောက်နှင့်ပုလဲများကို ပြန်လည်ဝယ်ယူသယ်ဆောင်သွားလေ့ရှိသည်။

ကုန်သည်ကြီးချိန်စန်းနှင့်အတူ တပည့်အာကျယ်လည်း လိုက်ပါလာခဲ့လေသည်။

အာကျယ်က ကုန်းပတ်ပေါ်၌လေညှင်းခံကာ လိုက်ပါလာလေသည်။

ပင်လယ်ခရီးကား ပျင်းရိစရာကောင်းလှသည်ဟု စိတ်ပျက်လက်ပျက်ဖြစ်နေသည်။

"တော်ပြီ..နောက်တစ်ခါဆို အကြောင်းတစ်ခုခုပြပြီး နေခဲ့မယ်၊ မလိုက်တော့ဘူး"

အမှန်တော့အာကျယ်သည် ပင်လယ်ခရီးကို ယခုမှလိုက်ပါလာခဲ့ခြင်းဖြစ်သည်။

ယခင်က ကုန်သည်ကြီးချိန်စန်း ခရီးထွက်လျှင် မြို့မှာပင်

နေရစ်ခဲ့ရလေ့ရှိသည်။

ယခုတစ်ကြိမ် သူကိုယ်တိုင်က ပင်လယ်ခရီး၌ လိုက်ပါရစေ ဟုခွင့်တောင်းကာ လိုက်ခဲ့ခြင်းဖြစ်ပါသည်။

အာကျယ် စိတ်ပျက်လက်ပျက် ညည်းတွားနေစဉ် မမျှော်လင့်ဘဲ ထူးခြားမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ပင်လယ်ရေပြင်ထဲ၌ အရိပ်သဏ္ဍာန်တစ်ခုက လျင်မြန်စွာ ရွေ့လျားနေခြင်းဖြစ်လေသည်။

အာကျယ် မျက်မှောင်ကုပ်သွား၏။

"ဘာပါလိမ့်"

ရေထဲ၌ ငါးကြီးတစ်ကောင်လော၊ ငှက်ကြီးတစ်ကောင်လော။

သူတွေးတောနေစဉ် ထိုအရိပ်သဏ္ဍာန်သည် တစ်စထက်တစ်စ နီးကပ်လာကာ ရုပ်လုံးပေါ်လာလေသည်။

"ဟင်..လူတစ်ယောကင်ပါလား"

အာကျယ်က လူတစ်ယောက်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုလူသည် လှေ၊ ဝါးဖောင်တစ်ခုခုစီးနင်းခြင်းမရှိဘဲ ရေပြင်ကိုမြေပြင်ကဲ့သို့ သဘောထားကာ ပြေးလွှားလာခြင်း ဖြစ်လေသည်။

ရေထဲနစ်မြုပ်သွားခြင်းလည်း မရှိပါ။

ရေပြင်ပေါ် ရုပ်တိုက်ကာ ပြေးလွှားလာလေသည်။

ထိုလူ ပြေးလွှားလာသည့်အရှိန်အဟုန်ကား လျင်မြန်လွန်း



လှသည်။ အာကျယ် စတွေ့လိုက်ရကာစ အစက်အပြောက်လေးတစ်ခုဖြစ်ခဲ့ပြီး တခဏအတွင်း လူရိပ်သဏ္ဍာန်ပီပြင်စွာဖြစ်ပေါ်လာသည်။

ထို့နောက် လှေကြီးနံဘေးမှဖြတ်သန်းကာ ပြေးလွှားသွားကာ အစက်အပြောက်ကလေးအဖြစ် အဝေးသို့ရောက်ရှိသွားတော့သည်။

အာကျယ် ပါးစပ်အဟောင်းသား ဖြစ်သွားကာ...

"ဒါ..ဒါ"

သူက လူတစ်ယောက်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

တကယ်တော့ လူတစ်ယောက်မဟုတ်ဘဲ ရသေ့တစ်ပါးဖြစ်နေသည်ကို အာကျယ်ခွဲခြားတတ်လေသည်။

ပင်လယ်ရေပြင်ကို မြေပြင်အလား သဘောထားကာ ပြေးလွှားသွားနိုင်သော ရသေ့သည် သာမန်မဟုတ်နိုင်တော့ပါ။

ရသေ့သည် အလွန်ထူးဆန်းသူတစ်ယောက်ဖြစ်ကြောင်း အာကျယ် နားလည်လိုက်လေသည်။

အာကျယ်သည် ရေပြင်ပေါ်မှ ဖြတ်သန်းပြေးလွှားသွားသည့် ရသေ့အကြောင်း တွေးတောနေစဉ်။

"ဟူး..ဟူး"

လေပြင်းများ တိုက်ခတ်လာခြင်းကြောင့် သတိဝင်လာလေသည်။ ပင်လယ်ထဲ၌ လေပြင်းမုန်တိုင်းများ ရုတ်တရက် ကျရောက်လာတတ်ကြောင်း အာကျယ်ကြားဖူးထားလေသည်။

အာကျယ်သည် ထိတ်လန့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ...

အရိပ်သဏ္ဍာန်တစ်ခုက လေထဲပျံဝဲလာသည်ကို တွေ့လိုက်ရလေသည်။

"ငှက်ကြီးတစ်ကောင်ပါလား"

လေပြင်းမုန်တိုင်း တိုက်ခတ်လာသည် မဟုတ်ပါ။

အလွန်ကြီးမားသော ငှက်ကြီးတစ်ကောင် ပျံသန်းလာသည်ဟုထင်မိလေသည်။

"ဟူး...ဟူး"

လေပြင်းအားက အရှိန်ပြင်းလာသည်။

ပျံဝဲလာသည့် အရိပ်သဏ္ဍာန်က တစ်စထက်တစ်စ နီးကပ်လာလေသည်။

ထိုအရိပ်သဏ္ဍာန်ကို သေသေချာချာ တွေ့မြင်လိုက်ရလျှင်

"ဟာ"

အာကျယ် ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်တော့သည်။

ထိုသဏ္ဍာန်မှာ ငှက်တစ်ကောင်မဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေသည်။

တိတိကျကျဆိုရလျှင် ရသေ့ကြီးတစ်ပါး ဖြစ်နေသည်။

ထိုရသေ့ကြီးမှာ ငှက်တစ်ကောင်မဟုတ်၍ တောင်ပံရှိမည်မဟုတ်ချေ။



သို့ပါလျှက် အဘယ်ကြောင့် လေထဲပျံဝဲနိုင်ရပါသနည်း။

ရသေ့က လေထဲရောက်နေသည့်တိုင် မြေပြင်ပေါ်၌ရှိနေသည့်အလား ပြေးလွှားသွားနေသည်။

အလွန်လျင်မြန်လှပြီး မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် အဝေးသို့ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

အာကျယ်သည် တွေ့လိုက်ရသော ရသေ့နှစ်ပါးကြောင့် အတန်ကြာသည့်တိုင်အောင် မှင်တက်မိနေ၏။

လေ့သူကြီးနှင့် လေ့ထိုးသားများသည် ရသေ့နှစ်ပါးကို တွေ့မြင်ခဲ့ကြသည်လော။

"သူတို့ကို သွားမေးကြည့်ယင် ကောင်းမယ်ထင်တယ်"

အာကျယ် ထိုစိတ်ကူးကို ချက်ချင်းဖယ်ရှားလိုက်၏။

"သူတို့က မတွေ့ဘူးဆိုယင် ငါအရူးဖြစ်သွားလိမ့်မယ်၊ မသိချင်ဟန်ဆောင်နေတာ အကောင်းဆုံးဖြစ်မှာပါ"

သူ၏စိတ်ထဲတော့ ဘဝင်မကျပါ။

ရေထဲ၊ လေထဲ ဖြတ်ပြေးသွားသော ရသေ့နှစ်ပါးကို သူက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

သို့သော် ပြောပြလျှင် မည်သူကမျှ ယုံကြည်နိုင်ကြမည်

မဟုတ်ကြောင်းလည်း နားလည်ထားလေသည်။

အာကျယ်တွေးတောငေးမောယင်း လှေကြီးနှင့်အတူ ဆက်လက်လိုက်ပါသွားရာ တဖြည်းဖြည်း ခရီးပေါက်လာပြီး ကမ်းခြေကို ပင် တွေ့မြင်လာရလေသည်။

ထိုအချိန်မှာပင်...

"ဝုန်း"

လှေကြီးသည် တစ်စုံတစ်ခုအား ဝင်တိုက်မိလိုက်လေသည်။

ပင်လယ်ရေအောက်မှ ကျောက်ဆောင်တစ်ခုကို ဝင်တိုက်မိလိုက်သည် ထင်ရလေသည်။

ငေးငိုင်နေသော အာကျယ်မှာ လှေကုန်းပတ်ပေါ်သို့ ဝုန်းခနဲပစ်လဲကျသွားတော့သည်။

အာကျယ် အထိတ်တလန့်ဖြင့် လူးလိမ့်ထလိုက်သည်။

ထိုအချိန်မှာပင်..

"တို့လှေကြီး သောင်တင်သွားပြီဟေ့"

"အားစိုက်ပြီး လှော်ကြဟေ့"

လှေထိုးသားများ၏ ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

ယခုမှ လှေကြီးသောင်တင်သွားသည့်အဖြစ်မှန်ကို အာကျယ် သိလိုက်ရလေသည်။

လှေသူကြီးနှင့် လှေထိုးသားများ လှုပ်ရှားပြေးလွှားကာ ဗျာများသွားကြလေသည်။



လှေကြီးအား သောင်ပေါ်မှလွတ်အောင် ထိုးဝါးများဖြင့် ထိုးသူကထိုး၊ လှော်ခတ်သူက လှော်ခတ်ခြင်းဖြင့် အားကြိုးမာန်တက် ကြိုးစားလိုက်ကြလေသည်။

သို့သော် လှေကြီးက အရှိန်ဖြင့် သောင်ပြင်ပေါ် ထိုးတက်လိုက်ကဲ့သို့ဖြစ်နေရကား သောင်ပေါ်မှပြန်မကျနိုင်အောင် ဖြစ်နေတော့သည်။

"ဒီရေတက်လာတော့မှ သောင်ပေါ်ကလွတ်လိမ့်မယ်၊ ဒီရေတက်လာတဲ့အချိန်အထိ စောင့်ရတော့မှာပဲ"

လှေသူကြီး ပြောဆိုနေသောစကားသံကို အာကျယ် အတိုင်းသား ကြားနေရသည်။

အာကျယ်သည် ကုန်သေဍ္ဍာများကြားထဲ ရောက်သွားသဖြင့် သူ့အား မည်သူကမျှ ရုတ်တရက် သတိမထားမိခဲ့ကြချေ။

အာကျယ်က သခင်ဖြစ်သူ ကုန်သည်ကြီးချိန်စန်းနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှာပင်..

လှေကြီးက တစ်ချက်လှုပ်ရှားသွား၏။

တစ်စုံတစ်ယောက်က ဆွဲယူလိုက်သည့်အလား သောင်ခုံပေါ်မှနေ၍ ရေထဲပြန်ကျသွားလေသည်။

ထို့အပြင်...

အင်အားကြီးတစ်ခုက တွန်းထုတ်လိုက်သည့်အလား လျင်မြန်သောအရှိန်အဟုန်ဖြင့် ရွေ့လျားသွားတော့သည်။

ထူးခြားသော အဖြစ်အပျက်ကြောင့် အာကျယ် အံ့ဩသွား

လေသည်။

လှေသူကြီးနှင့် လှေထိုးသားများသည် လှေပဲ့ပိုင်းမှနေ၍ အနောက်ဘက်သို့ ကြည့်နေကြသဖြင့် အာကျယ်လည်း စိတ်ဝင်စားကာ သွားကြည့်လိုက်ရာ ရေထဲ၌ပေါ်ရုံသာရှိနေသည့် သဲသောင်ခုံပေါ်၌ ရသေ့တစ်ပါးရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုရသေ့က လှေကြီးကို သောင်ခုံပေါ်မှ တွန်းထုတ်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ကုန်စည်အပြည့်ရှိနေသော လှေကြီးတစ်စီးအား တွန်းထုတ်နိုင်သည်မှာ မယုံနိုင်စရာ ကောင်းနေပါတော့သည်။

လှေကြီးက အရှိန်ဖြင့်ရွေ့လျားသွားရာ ရသေ့နှင့် တစ်စထက်တစ်စ ဝေးသွားလေတော့သည်။

* * *

အာကျယ်သည် ပင်လယ်ထဲ၌ ဆုံတွေ့ခဲ့ရသော ရသေ့သုံးပါးကြောင့် တွေးတောယင်း လှေကြီးနှင့်အတူ ဆက်လက်လိုက်ပါလာခဲ့ရာ ရုတ်တရက် ရွက်တိုင်ထိပ်ဖျား၌ တင်ပျဉ်ခွေထိုင်ကာ လိုက်ပါလာသော ရသေ့တစ်ပါးကို တွေ့လိုက်ရပြန်လေသည်။

"ဟာ"

အာကျယ် အထိတ်တလန့် ဖြစ်သွားပြန်လေသည်။

ရသေ့က သူ့အား ပြုံးပြလိုက်သည်။



"ကျုပ်က မင်းကိုစောင့်ကြည့်နေခဲ့တာ"

အာကျယ်၏နားထဲသို့ ခြင်တစ်ကောင်ပျံသန်းနေသည့် အသံကဲ့သို့ စူးရှသေးငယ်သော စကားသံ တိုးဝင်လာသည်။

အာကျယ် ငေးကြည့်နေသဖြင့် ရသေ့က စိတ်ပျက်သည့်သဘောမျိုး ခေါင်းခါယမ်းလိုက်သည်ကို တွေ့လိုက်ရလေသည်။

တဖန်...

"ဒါပေမယ့် မင်းဟာ ကျုပ်တို့မျှော်လင့်နေတဲ့ လူစားမျိုး မဖြစ်နိုင်ဘူး"

ဟူသောစကားသံက နားထဲတိုးဝင်လာ၏။

ထို့နောက် ရသေ့က ရွက်တိုင်ပေါ်မှနေ၍ ရေထဲခုန်ချသွားကာမြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

အာကျယ်သည် ထူးဆန်းသော ရသေ့လေးပါးနှင့်ဆုံတွေ့ခဲ့ရပုံကို အကျယ်တဝင့် ပြောပြလိုက်လေသည်။

"နောက်ပိုင်းကျမှ ပင်လယ်ကမ်းရိုးတန်းဒေသမှာ ပုံပြင်လိုပြောဆိုနေကြတဲ့ ရသေ့လေးပါးအကြောင်းကိုသိခဲ့ရတာ၊ သူတို့က တကယ်အသက်ရှင်လျက် ရှိနေတာ"

သူ၏စကားကို မိတ်ဆွေများက ရယ်စရာအလား သဘောထားကြလေသည်။

လေကြွားလွန်းသော အာကျယ် ဘာပြောပြော ပြုံးစရာ ရယ်စရာဟုသာ သဘောထားကြမည် ဖြစ်လေသည်။

ယခုတစ်ကြိမ် အာကျယ်က ကြွားဝါခြင်းထက် သူကြုံရသည်ကို အံ့ဩစိတ်ဖြင့် ပြောပြနေခြင်း ဖြစ်ပါသည်။

အများက ရယ်စရာဟု သဘောထားကြသော်လည်း လူစိမ်းတစ်ယောက်ကမူ စိတ်ဝင်စားနေပါသည်။

ထိုလူသည် အာကျယ်၏စားပွဲနှင့် မလှမ်းမကမ်း၌ စားပွဲတစ်လုံး၌ တစ်ယောက်ထဲထိုင်ကာ စားသောက်နေခဲ့ခြင်းဖြစ်သည်။

အသက်လေးဆယ်နီးပါးရှိပြီး အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ဤအရပ်ဒေသမှ မဟုတ်ဘဲ၊ ရပ်ဝေးမှရောက်သည့်လူစိမ်းတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

ထိုလူစိမ်းက အာကျယ်၏စကားကို စိတ်ဝင်စားနေ၏။

သူ၏စိတ်ထဲမှလည်း တွေးတောစဉ်းစားနေသည်။

"သည်အတိုင်းဆိုယင် ငါတို့အမှောင်ဂိုဏ်းကို ချေမှုန်းပစ်ခဲ့တဲ့ သူရဲကောင်းလေးယောက်ဟာ ရသေ့ဝတ်သွားပြီး ပင်လယ်ထဲကို ထွက်သွားကြတယ်၊ သိုင်းလောကနဲ့ မပတ်သက်တော့ဘူးဆိုတဲ့ သတင်းမှန်နေပြီ၊ ဒါဟာ ငါ့အတွက် အခွင့်အရေးပဲ၊ သိုင်းလောကထဲ ပြန်သွားရမယ်၊ ပြိုကွဲပျက်စီးခဲ့တဲ့ ငါတို့ 'အမှောင်ဂိုဏ်း'ကိုပြန်ပြီး အသက်သွင်းရမယ်"

ထိုလူသည် ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေ



ကိုပေးချေပြီး မယောင်မလည်ဖြင့် ထွက်သွားလေတော့သည်။

* * *

အမှောင်ဂိုဏ်း...။

အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများဖြင့် ဖွဲ့စည်းထူထောင်ထားသော အမှောင်ဂိုဏ်းသည် သိုင်းလောကအား အကြီးအကျယ် ဒုက္ခပေးခဲ့လေသည်။

အမှောင်ဂိုဏ်းကြောင့် အပြစ်မဲ့သူများ သေကြေပျက်စီးခဲ့ရသည်။

ပစ္စည်းဥစ္စာများ ဆုံးရှုံးရသည်။

အမှောင်ဂိုဏ်းကို ချေမှုန်းရန်ကြိုးစားယင်း အသက်ပေးသွားရသော အဖြူရောင်သိုင်းသမားများလည်း မရေမတွက်နိုင်အောင်ပင်။

အမှောင်ဂိုဏ်းကြောင့် သိုင်းလောကတစ်ခုလုံး ပျက်စီးမလိုဖြစ်ခဲ့ရလေသည်။

ရှောင်လင်၊ ဝူတန်း၊ ဂူဗီး အစရှိသည့် ထိပ်သီးသိုင်းဂိုဏ်းကြီးများကလည်း အမှောင်ဂိုဏ်းအား ချေမှုန်းရန် ကြိုးစားခဲ့ကြသော်လည်း ထင်တိုင်းမပေါက်ဘဲ အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရလေသည်။

ထိုအချိန်တွင်...

အမှောင်ဂိုဏ်းအား ချေမှုန်းမည့် သူရဲကောင်းလေးဦး သိုင်းလောက၌ ထွက်ပေါ်လာခဲ့လေသည်။

သူရဲကောင်းသိုင်းသမားလေးဦးက အမှောင်ဂိုဏ်းအား ရင်ဆိုင်ခဲ့ကြသည်။

ပြင်းထန်သော တိုက်ပွဲများ ဆယ့်သုံးရက်တိုင်တိုင် ဖြစ်ပွားခဲ့ပြီးနောက် အမှောင်ဂိုဏ်းချုပ် သေဆုံးသွားပြီး ဒုဂိုဏ်းချုပ်သည်လည်း ဒဏ်ရာများရကာ ထွက်ပြေးသွားရလေသည်။

အမှောင်ဂိုဏ်းလည်း ပျက်စီးသွားတော့သည်။

သူရဲကောင်းသိုင်းသမားလေးဦးသည် တိုက်ပွဲများအပြီးတွင် သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ကြသည်။

နေရာအနှံ့ ထွက်ပြေးသွားခဲ့ကြပြီး အခွင့်အရေးရသည်နှင့် ပြန်လည်ဆိုးသွမ်းသောင်းကျန်းရန် ရည်ရွယ်ထားသော အမှောင်ဂိုဏ်းမှ သိုင်းသမားဆိုး အကြွင်းအကျန်များကို 'သိမ်းငှက်ဂိုဏ်း' မှ ဆက်လက်ချေမှုန်းခဲ့သည်။

သူရဲကောင်းသိုင်းသမား လေးယောက်ပြီးလျှင် သိမ်းငှက်ဂိုဏ်းသည် လူတိုင်းကြည်ညိုလေးစားရသည့် အဖြူရောင်ဂိုဏ်းကြီးအဖြစ် ဆက်လက်ထင်ရှားလာခဲ့လေသည်။

သိုင်းလောကလည်း အေးချမ်းသာယာသွားခဲ့လေတော့သည်။

* * *



အာမခံဌာန

ဖွဲမာန်အာမခံဌာန..။

ဖွဲမာန်အာမခံဌာနသည် ထင်ရှားသော အာမခံဌာနတစ်ခု ဖြစ်သည်။

အာမခံဌာနပိုင်ရှင် လှိုင်စန်းမှာ သိုင်းလောက၌ နှစ်ပေါင်းသုံးဆယ်ခန့် ကျင်လည်ကျက်စားခဲ့ပြီးနောက် ဇနီးဖြစ်သူကွယ်လွန်သွားသောအခါ ဇာတိမြို့သို့ ပြန်လာခဲ့သည်။

နောက်ပိုင်းတွင် အာမခံဌာနထူထောင်ကာ သိုင်းလောက၌ပြန်လည် ကျက်စားခဲ့လေသည်။

လှိုင်စန်းသည် သိုင်းပညာထူးချွန်သည့်အပြင် ရိုးသားကြိုးစားသူ၊ ကတိသစ္စာတည်သူဖြစ်သည်။

အာမခံပစ္စည်းများကိုလည်း မည်သို့သော အခက်အခဲမျိုးကို မဆိုရင်ဆိုင်ကျော်လွှားကာ လိုရာခရီးရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်ချည်းဖြစ်လေသည်။

သို့ဖြင့်...

လှိုစန်း၏ဖွဲ့မာန်အာမခံဌာနမှာ တစ်စထက်တစ်စ ထင်ရှားကျော်ကြားလာခဲ့တော့သည်။

ကုန်သည်ပွဲစားများ သူဌေးသူကြွယ်များက သူတို့၏အဖိုးတန်ပစ္စည်းများအား ယုံကြည်စိတ်ချစွာ အပ်နှံကာပို့ ဆောင်ခိုင်းကြလေသည်။

တစ်နေ့...။

လှိုစန်း၏ ဖွဲ့မာန်အာမခံဌာနအတွက် အလွန်အရေးကြီးသည့်တစ်နေ့ ရောက်ရှိလာလေသည်။

* * *

ယနေ့...။

ယနေ့သည် လှိုစန်း၏ဇနီးသည် ကွယ်လွန်သွားသည့် ငါးနှစ်မြောက်နေ့ဖြစ်သည်။

လှိုစန်းသည် သားကြီးလှိုကျောင်း၊ သားငယ်လှိုဖုန်းဝေနှင့်အတူ ဇနီးသည်၏အုတ်ဂူသို့ သွားခဲ့ကြလေသည်။

ပန်းဆီမီးများ အမွှေးတိုင်များ ထွန်းညှိကြပြီး မြက်ပင်များ



အမှိုက်သရိုက်များ ရှင်းကြသည်။

ဇနီးသည်အတွက် ကောင်းမှုကုသိုလ်လုပ်ကြသည်။

ဆုတောင်းပေးကြသည်။

လှိုစန်း၏ဇနီးက လှိုကျောင်းအသက် ခုနစ်နှစ်အရွယ်ရောက်မှ သားငယ်လှိုဖုန်းဝေအား ထပ်မံမွေးဖွားခဲ့ခြင်းဖြစ်သည်။

လှိုဖုန်းဝေ အသက်ဆယ့်နှစ်နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်လေသည်။

လှိုစန်း၏သားကြီး လှိုကျောင်းက အသက်ဆယ့်ကိုးနှစ်အရွယ်ရောက်ပြီ ဖြစ်ရကား ဖခင်ကြီးအား ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်လေသည်။

လှိုစန်း၊ လှိုကျောင်းနှင့် လှိုဖုန်းဝေတို့ သားအဖသုံးယောက် သင်္ချိုင်းမြေမှ ပြန်လာခဲ့ကြပြီး အာမခံဌာနသို့ ပြန်လည်ရောက်ရှိလာကြသောအခါ ဧည့်သည်တစ်ယောက် ရောက်ရှိနေသည်ကိုတွေ့ရလေသည်။

"သခင်ကြီးခင်ဗျာ အာမခံပစ္စည်း အပ်နှံမယ့်လူတစ်ယောက် ရောက်နေပါတယ်"

အစောင့်တစ်ယောက်က ဦးညွှတ်အစီရင်ခံလာလေသည်။

လှိုစန်း သက်ပြင်းချမိသည်။

ဇနီးသည်၏နှစ်ပတ်လည်နေ့တွင် ကောင်းမှုကုသိုလ်လုပ်ကာ အေးအေးချမ်းချမ်း အနားယူလိုပါသည်။

ထို့ကြောင့် ငြင်းလိုက်မည်ဟု စိတ်ကူးပြီးမှ မိမိထံသို့ ဦး

တည်းလာခဲ့သူတစ်ယောက်အား ငြင်းပယ်လိုက်လျှင် အာမခံဌာန၏ဂုဏ်သိက္ခာထိခိုက်မည်ကို စိုးရိမ်ကာ လက်ခံတွေ့ဆုံလိုက်လေသည်။

ရောက်ရှိနေသူမှာ ကောက်ကျင်းနယ်မှ ကုန်သည်ကြီးတစ်ဦးဖြစ်လေသည်။

ကုန်သည်ကြီးသည် လှိုင်စန်း၏ဖွဲ့မာန်အာမခံဌာနတွင် နှစ်ကြိမ်သုံးကြိမ် ပစ္စည်းအပ်နှံဖူးသူဖြစ်သည်။

လှိုင်စန်းက ဖောက်သည်ကုန်သည်ကြီးအား နှုတ်ဆက်လိုက်သည်။

"ကုန်သည်ကြီးပါလား ကိစ္စက.."

"ထုံးစံအတိုင်းပေါ့ဗျာ၊ ကျုပ်ရဲ့ပစ္စည်း တချို့ကောက်ကျင်းကိုပို့ပေးချင်လို့"

"ဪ..ရပါတယ်၊ ရပါတယ်'

"သည်တစ်ခေါက်ပစ္စည်းက နည်းပေမယ့် တန်ဖိုးကြီးတယ်၊ ဒါကြောင့် အထူးဂရုစိုက်စေချင်ပါတယ်ဗျာ၊ ပစ္စည်းပို့ဆောင်ခကိုလည်း ကျုပ်က ထိုက်ထိုက်တန်တန်ပေးပါ့မယ်"

လှိုင်စန်းက မေးလိုက်သည်။

"ကျုပ်က ဘယ်လိုပစ္စည်းများ ပို့ဆောင်ပေးရမလဲ၊ ပြောပါဦး"

ကုန်သည်ကြီးက...

"ရွှေချောင်းတစ်ရာပါတဲ့ သေတ္တာတစ်လုံးပို့ပေးဖို့ပါပဲ"



လှိုင်စန်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

ရွှေချောင်းတစ်ရာ၏ တန်ဖိုးက ကြီးမားလှသည်။

ပစ္စည်းပို့ဆောင်ပေးခ မြိုးမြိုးမျက်မျက်ရမည့်ကိစ္စဖြစ်သည်။ ထို့အတူ အန္တရာယ်လည်း သေးမည်မဟုတ်ပေ။

ပစ္စည်းပို့ဆောင်ပေးခ ထိုက်ထိုက်တန်တန်ရလျှင် အာမခံအဖွဲ့သားများကို ပို၍ဝေခွဲပေးနိုင်မည် ဖြစ်သည်။

သူက လက်မခံလျှင် ကုန်သည်ကြီးက အခြားအာမခံဌာနတစ်ခုသို့သွားမည်သာ ဖြစ်သည်။

အခြားအာမခံဌာနများက ထိုက်ထိုက်တန်တန်ရမည်ဖြစ်၍ လက်ခံကာ ထိုက်လံပို့ဆောင်ပေးကြမည်သာ ဖြစ်လေသည်

"မိတ်ဆွေကြီး တာဝန်ယူပြီးပို့ပေးမယ် မဟုတ်လားဗျာ"

ကုန်သည်ကြီးက မေးလာလေသည်။

လှိုင်စန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ်တာဝန်ယူပြီး ပို့ဆောင်ပေးပါ့ မယ်"

သူက လက်ခံလိုက်သဖြင့် ကုန်သည်ကြီး ကျေနပ်သွားလေတော့သည်။ အကယ်၍...

ကုန်သည်ကြီး၏ ရွှေချောင်းများကို ကျောက်ကျင်းနယ်သို့ တာဝန်ယူပို့ဆောင်ပေးခြင်းကြောင့် ဝမ်းနည်းကြေကွဲစရာများနှင့် ကြုံတွေ့ရမည်ဆိုသည်ကို ကြိုတင်သိခွင့်ရခဲ့မည်ဆိုပါလျှင်...

လှိုင်စန်းက အလုပ်လက်ခံလိုက်ပြီ ဖြစ်လေသည်။

* * *

လျှိုစန်းက အလုပ်လက်ခံပြီးနောက် သားဖြစ်သူလျှိုကျောင်းနှင့် တိုင်ပင်လိုက်လေသည်။

“ကောက်ကျင်းနယ်ရဲ့ အခြေအနေ ဘယ်လိုရှိသလဲဆိုတာ ပြောပါဦး”

လျှိုကျောင်းမှာ ဖခင်၏သိုင်းပညာကို အမွေဆက်ခံနိုင်ခဲ့သည့်အပြင် အာမခံပစ္စည်းပို့ဆောင်ယင်း သိုင်းလောကအတွေ့အကြုံဗဟုသုတများရရှိထားပြီး ဖခင်ကြီးအားကိုးရသော ညာလက်ရုံးတစ်ယောက်ပမာ ရှိနေပြီဖြစ်လေသည်။

လျှိုကျောင်းက ဖခင်ကြီးအား ဦးညွှတ်လိုက်သည်။

“ဖေဖေ..ကောက်ကျင်းနယ်ဟာ အယင်က တည်ငြိမ်အေးချမ်းပေမယ့် ခုချိန်မှာတော့ လူဆိုးဓားပြတွေ ဒုစရိုက်သမားတွေ ထကြွသောင်းကျန်းနေတာကြောင့် အာမခံဌာနတွေက အန္တရာယ်များတဲ့နယ်မြေအဖြစ် သတ်မှတ်ထားကြပါတယ်”

လျှိုစန်း သက်ပြင်းချလိုက်သည်။

ကောက်ကျင်းနယ်၌ လူဆိုးဓားပြများ ထကြွသောင်းကျန်းနေခြင်းကြောင့် တည်ငြိမ်အေးချမ်းမှု ပျောက်ကွယ်ကာ အန္တရာယ်များသောနယ်မြေဒေသတစ်ခု ဖြစ်နေကြောင်း သူလည်း သိရှိထားပြီး ဖြစ်လေသည်။

လျှိုစန်းက...

“တို့က ကျောက်ကျင်းနယ်ကို ရွှေချောင်းတွေနဲ့ သွားကြမယ်ဆိုယင်ကော”



“ကျိန်းသေလုယက် တိုက်ခိုက်ခံရမှာပါ ဖေဖေ”

လျှိုကျောင်း၏စကားကြောင့် လျှိုစန်း ပြုံးလိုက်လေသည်။

“ဖေဖေက အာမခံပစ္စည်းကို ပို့ဆောင်ပေးမယ်လို့ လက်ခံထားပြီးပြီ”

လက်ခံထားပြီးမှ နောက်ဆုတ်၍ရတော့မည် မဟုတ်ပါ။

လျှိုကျောင်းကလည်း ကန့်ကွက်ခြင်း မပြုပါချေ။

“ကောင်းပါတယ် ဖေဖေ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် အာမခံပစ္စည်းပို့ဆောင်ပေးယင်း လူဆိုးဓားပြတွေကိုလည်း ဆုံးမနိုင်တာပေါ့၊ ကောက်ကျင်းနယ်ကိုသွားမယ့် ခရီးဟာ ကျွန်တော်တို့အတွက် အမြတ်ထွက်တယ်လို့ သဘောထားရမှာပါ”

လျှိုစန်းက သားဖြစ်သူ၏သတ္တိကို သဘောကျသွားလေသည်။

“ဒါဖြင့် ခရီးထွက်ဖို့ ငါ့သားပဲသွားပြီး စီစဉ်လိုက်ပေတော့”

“ဟုတ်ကဲ့”

လျှိုကျောင်းက ဖခင်ကြီးအား ဂါရဝပြုပြီး ခပ်သွက်သွက် ထွက်သွားတော့သည်။

* * *

လှိုကျောင်း ထွက်သွားပြီဖြစ်သည်။

ကောက်ကျင်းနယ်သို့ အာမခံပစ္စည်း ပို့ဆောင်ရေးခရီးစဉ်ကို လိုလေသေးမရှိအောင် စီမံဆောင်ရွက်လိမ့်မည် ဖြစ်သည်။

လှိုကျောင်းသည် အာမခံဌာနကိစ္စနှင့်ပတ်သက်ပြီး မျက်နှာလွှဲထား၍ရအောင် စိတ်ချရသူမဟုတ်ပါလား။

လှိုကျောင်း ထွက်သွားပြီး မရေးမနှောင်းမှာပင် သားငယ်လှိုဖုန်းဝေ ဝင်လာလေသည်။

"ဖေဖေ"

လှိုစန်း ပြုံးလိုက်လေသည်။

"လာသား..လာ"

လှိုဖုန်းဝေသည် အရွယ်နှင့်မလိုက်အောင် ဉာဏ်ကောင်းပြီး လိမ္မာယဉ်ကျေးသော ကောင်လေးတစ်ယောက်ဖြစ်ပါသည်။

လှိုစန်းက မိတဆိုးသားလေးမို့ အလွန်ချစ်မြတ်နိုးဏ်။

လှိုဖုန်းဝေက...

"ဖေဖေ သည်ကနေ့ မေမေ့ရဲ့နှစ်ပတ်လည်နေ့မှာ ကျွန်တော်လိုချင်တာ တောင်းနိုင်တယ်၊ ကျွန်တော့်ဆန္ဒကို မငြင်းဘဲဖြည့်ဆည်းပေးမယ်လို့ ဖေဖေကတိပေးခဲ့တယ်နော်"

လှိုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ဖေဖေ ကတိပေးခဲ့တာပဲ"

လှိုဖုန်းဝေက...

"ဒါဖြင့် ကျွန်တော် လိုချင်တာကိုတောင်းဆိုယင် ဖေဖေ



မငြင်းရဘူးနော်"

လှိုစန်း ရယ်မောလိုက်လေသည်။

"သားရယ်..ဖေဖေ မငြင်းပါဘူး၊ ဘာလဲ ငါ့သားက သိုင်းသင်ချင်တယ်ပြောမလို့ မဟုတ်လား၊ စိတ်ချ၊ သားရဲ့အရွယ်ဟာ သိုင်းသင်လို့အကောင်းဆုံး အရွယ်ရောက်နေပါပြီ၊ ဒါကြောင့် သားမတောင်းဆိုယင်တောင် သားကို သိုင်းပညာသင်နိုင်အောင် ဖေဖေစီစဉ်ပေးမှာပါ"

လှိုဖုန်းဝေ ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော် သိုင်းသင်ပေးဖို့ တောင်းဆိုချင်တာ မဟုတ်ပါဘူးဖေဖေ"

"ဟေ"

လှိုစန်းမှာ အထင်နှင့်အမြင် လွဲသွားသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လှိုဖုန်းဝေကို မျက်မှောင်ကုပ်၍ ကြည့်လိုက်ဏ်။

"သားက ဘာများတောင်းဆိုချင်လို့လဲ၊ ပြောပါဦး"

လှိုဖုန်းဝေက..

"ကျွန်တော် တောင်းဆိုယင် ဖေဖေမငြင်းရဘူးနော်"

"အေးလေ..ဖေဖေကတိပေးထားတာပဲ၊ ကဲ ဘာများတောင်းဆိုချင်တာလဲ၊ ပြောပါဦး"

"ကောက်ကျင်းနယ်ကို ဖေဖေတို့ ခရီးထွက်တဲ့အခါ ကျွန်တော်လည်း လိုက်ခဲ့ချင်ပါတယ် ဖေဖေ"

"ဘာ"

လှိုုဖုန်းဝေ၏ တောင်းဆိုချက်ကြောင့် လှိုုစန်း အလန့်တကြားဖြစ်သွားလေတော့သည်။

သားဖြစ်သူကို မျက်လုံးပြူးကာ ကြည့်လိုက်၏။

လှိုုဖုန်းဝေက...

"ကျွန်တော့်ကို ခေါ်သွားမယ် မဟုတ်လားဖေဖေ"

ဟု မျှော်လင့်တကြီး မေးလိုက်လေသည်။

လှိုုစန်း ဘာမှပြန်မပြောနိုင်တော့ဘဲ ကြက်နာကြီးလည်လိမ်ထားသလို ဖြစ်သွားပါတော့သည်။

သူက ငြင်းရန်ဟန်ပြင်လိုက်မိသေးသည်။

သို့သော်...

ဇနီးသည်အား သတိရလွမ်းဆွတ်နေမိပြီး မိတဆိုးသားငယ်လေးကိုလည်း ဂရုဏာသက်မိသည်ဖြစ်ရကား ယနေ့တွင် လိုအင်ဆန္ဒရှိသမျှ မငြင်းဘဲ ဖြည့်ဆည်းပေးမည်ဟု ကတိပြုခဲ့သည်။

ယခု...

လှိုုဖုန်းဝေက ကောက်ကျင်းနယ်သို့ လိုက်ခွင့်တောင်းဆိုလာလေသောအခါ လှိုုစန်း အခက်ကြုံသွားရလေတော့သည်။

လှိုုဖုန်းဝေသည် ဖခင်ကြီး မျက်နှာညှိုးသွားသည်ကိုမြင်လျှင် ကပျာကယာ ပြောလိုက်သည်။

"ကျွန်တော့်ကို ခေါ်သွားဖို့ အခက်အခဲရှိတယ်ဆိုယင်လည်း နေပါစေတော့ဖေဖေ၊ ကျွန်တော် မလိုက်တော့ပါဘူး"



လှိုုစန်း သက်ပြင်းချလိုက်ပြန်လေသည်။

"ကောက်ကျင်းနယ်ကို သွားရမယ့်ခရီးဟာ အန္တရာယ်အတော်များတယ်၊ သားက ငယ်သေးတယ်ဆိုတော့ ခေါ်သွားဖို့ အတော့်ကိုစဉ်းစားရမှာ၊ အင်းလေ သားအစ်ကိုနဲ့ ဖေဖေ တိုင်ပင်လိုက်ဦးမယ်၊ ဟုတ်ပြီလား"

"ကျွန်တော်.."

"ကဲ သား သွားလိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

လှိုုဖုန်းဝေသည် ဖခင်ကြီးအား ဂါရဝပြုကာ အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

လှိုင်ဖုန်းဝေ ထွက်သွားပြီး မရှေးမနှောင်းမှာပင်လှိုင်ကျော်းက ပြန်လည်ရောက်ရှိလာလေသည်။

လှိုင်ကျော်းက ဖခင်ကြီးကို ဦးညွှတ်လိုက်သည်။

"ဖေဖေ..ကောက်ကျင်းနယ်ကို ခရီးထွက်ဖို့ အားလုံးစီစဉ်ပြီးပါပြီ ဖေဖေ"

လှိုင်စန်းက...

"ကောင်းတယ်၊ တို့တတွေ အမြန်ဆုံး ခရီးထွက်ကြမယ်"

"ဟုတ်ကဲ့ ဖေဖေ၊ တကယ်သွားမယ်ဆိုယင် သည်ကနေ့ ညနေခင်းမှာပဲ ခရီးထွက်လို့ရပါပြီ"

ကုန်သည်ကြီးသည် သူ၏ရွှေချောင်းများအား လာရောက်ပို့ဆောင်ပေးသွားပြီးပြီ ဖြစ်လေသည်။

လှိုင်စန်းက...

"အင်း...သားကြီးကို ဖေဖေ ပြောစရာတစ်ခုရှိသေးတယ်ကွယ့်"

"ဟုတ်ကဲ့ပြောပါ ဖေဖေ"

"တို့တတွေ ခရီးထွက်တဲ့အခါ သားငယ်ကလည်း လိုက်ခဲ့ချင်တယ် ပြောနေတယ်"

"ဗျာ"

လှိုင်ကျော်း ရင်ထိတ်သွားလေသည်။

ကောက်ကျင်းနယ် ခရီးမှာ အန္တရာယ်များလှသည် မဟုတ်ပါလား။



ဖခင်ကြီးအား တစ်ချက်ကြည့်မိသည်။

သို့သော်...

ဖခင်ကြီးက အဘယ်ကြောင့် သူ့အားပြောပြနေသည်ကိုလည်း ချက်ချင်း နားလည်မိလေသည်။

ယနေ့ နံနက်ပိုင်းက မိခင်ကြီး၏ အုတ်ဂူရှေ့၌ ညီငယ်လှိုင်ဖုန်းဝေ တောင်းဆိုသည့်ဆန္ဒကို မငြင်းဘဲဖြည့်ဆည်းပေးမည်ဟု ကတိပြုခဲ့သည် မဟုတ်ပါလား။

ဖခင်ကြီးသည် ကတိတည်ပြီး ပြောပြီးသားစကားကို ပြန်ပြင်လေ့ရှိသူ မဟုတ်ပေ။

လှိုင်ဖုန်းဝေက ကောက်ကျင်းနယ်သို့ လိုက်လိုသည်ဟု တောင်းဆိုလာသောအခါ ခေါ်သွားရခက်၊ ငြင်းရထက် အကြပ်အတည်းဖြစ်သွားသည်ကို နားလည်မိလေသည်။

ရုတ်တရက် ဆုံးဖြတ်ရခက်သွားခြင်းကြောင့် မိမိအား တိုင်ပင်လိုသည့်သဘောဖြင့် ပြောလာခြင်း မဟုတ်ပါလား။

ခါတိုင်းဆိုလျှင် အရေးကြီးသောကိစ္စမှန်သမျှကို ဖခင်ကြီးကပင် ပြတ်သားစွာ ဆုံးဖြတ်ချက်ချလေ့ရှိပေသည်။

ဖခင်ကြီး၏အခက်အခဲကို နားလည်မိသော လှိုင်ကျော်းက

"ညီလေးက အကြောင်းမသိလို့ ပြောမိတာဖြစ်မှာပါ၊ သူ မလိုက်ဘဲ နေခဲ့အောင် ကျွန်တော် ဖျောင်းဖျလိုက်ပါ့မယ် ဖေဖေ"

ဟုပြောလိုက်လေသည်။

လှိုင်စန်းက လက်ကာပြလိုက်သည်။

"နေပါစေတော့ သားရယ်"

"ဖေဖေ.."

"တို့တတွေ သူ့ကိုခေါ်သွားကြမယ်"

ကောက်ကျင်းနယ်တွင် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပါလျှင်။

အာမခံအဖွဲ့သားများသည် သွေးထွက်သံယို တိုက်ပွဲများနှင့် မကြာခဏ ရင်ဆိုင်ကြရလေသည်။

လောဘသားကောင်များ၏ ချောင်းမြောင်းတိုက်ခိုက်မှုများလည်း မကြာခဏ ကြုံတွေ့ရလေသည်။

တစ်ချက်ကလေး သတိလက်လွတ် ဖြစ်သွားသည်နှင့် အသက်ဆုံးရှုံးသွားလိမ့်မည် ဖြစ်သည်။

ကောက်ကျင်းနယ်သို့ သွားသော ခရီးစဉ်၌လည်း မည်သို့ ကြုံတွေ့ရမည်ကို မည်သူကမျှ တပ်အပ်ပြောဆိုနိုင်ကြမည် မဟုတ်ပါ။

တိုက်ပွဲများကင်းဝေးကာ အာမခံပစ္စည်းများအား လိုရာခရီးပို့ဆောင်ပေးနိုင်မည်ဆိုလျှင် ပျော်စရာခရီးစဉ် ဖြစ်ပေမည်။

တိုက်ပွဲများနှင့် ကြုံတွေ့ရမည်ဆိုပါလျှင်...

တိုက်ပွဲဆိုသည်နှင့် ထိခိုက်ကျဆုံးမှုများ ရှိလာမည်သာ ဖြစ်ပါသည်။

အဖွဲ့သား တစ်ယောက်ယောက် သို့မဟုတ် ဖခင်ကြီးကိုယ်တိုင် သို့မဟုတ် မိမိ တစ်ယောက်မဟုတ်တစ်ယောက် ထိခိုက်သွား



မည်ဆိုပါလျှင်။

ဘယ်အရာကိုမှ သေသေချာချာ မပြောနိုင်ပါ။

ကောက်ကျင်းခရီးစဉ် ပြီးဆုံးသွားပြီး သားအဖသုံးယောက် စုံစုံညီညီရှိမည်၊ မရှိဘဲနေမည်ကို မည်သူပြောနိုင်ပါမည်နည်း။

ထိုသို့တွေးပြီး ဖခင်ကြီးက လျှိုဖုန်းဝေအား ခေါ်ဆောင်သွားရန် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း လျှိုကျောင်း နားလည်ကာ စောဒကမတက်တော့ပေ။

လျှိုဖုန်းဝေ လိုက်ပါလာမည်ဆိုခြင်းကြောင့် ပို၍ဂရုစိုက်သွားရန် ကြိုးစားအားထုတ်ဖို့သာ ဆုံးဖြတ်လိုက်လေတော့သည်။

လျှိုစန်းက...

"အားလုံး စီစဉ်ပြီးပြီဆိုယင် သည်ညနေပဲ ခရီးထွက်ကြမယ်"

ဟုပြောလိုက်လေသည်။

* * *

## နိမိတ်

ည...။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လှိုင်းပုတ်သံများက ည၏တေးသံအလား။

ဖြူလွလွသဲသောင်ပြင်ကြီး အဆုံး၌ အပြောကျယ်လှသော ပင်လယ်ပြင်ကြီး ရှိနေပါသည်။

သဲသောင်စပ်ဝယ် ကျောက်ခဲကျောက်ဆောင်များက နေရာယူထားသေး၏။

လှိုင်းများ တဝုန်းဝုန်း ပုတ်ခတ်နေသည့် ကျောက်ဆောင်ကြီးတစ်ခုပေါ်၌ ရသေ့တစ်ပါး ရှိနေသည်။



ရသေ့ကြီးသည် ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက် ရပ်ကာ ကောင်းကင်ပေါ်မှ လဝန်းနှင့်ကြယ်ကလေးများကို ငေးမော ကြည့်နေသည်။

နက္ခတ်ကြယ်တာရာများ စုံစုံညီညီရှိနေသော မိုးကောင်းကင်ကြီးမှာ အနက်ရောင်ကမ္ဗလာပေါ်၌ စိန်ပွင့်ကလေးများကြဲထားသည့်အလား။

ရုတ်တရက်...

ကောင်းကင်ပေါ်၌ အလင်းတန်းတစ်ခု ဖြစ်ပေါ်လာလေသည်။

ကြယ်ကြွေသွားခြင်း ဖြစ်သည်။

ရသေ့ကြီး မျက်တောင်တစ်ချက် ခတ်သွား၏။

ကြယ်ကြွေသွားပြီး မရှေးမနှောင်းမှာပင် ဥက္ကာခဲလေးခုသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ ရွေ့လျားလာပြီး စတုရန်းပုံသဏ္ဌာန်ဆုံတွေ့မိကာ ရပ်တန့်သွား၏။

ထိုဥက္ကာခဲလေးခု၏ အလယ်၌ ဝင်းလက်တောက်ပနေသောကြယ်ကလေးတစ်လုံး ရှိနေ၏။

ထိုအချင်းအရာကို ကြည့်ယင်း ရသေ့ကြီးနှုတ်ခမ်း တလှုပ်လှုပ်ဖြစ်လာလေသည်။

"ထူးဆန်းလိုက်တာ၊ နက္ခတ်တာရာတွေ၊ ဥက္ကာခဲတွေရဲ့ သဘာဝလှုပ်ရှားဖြစ်ပေါ်မှုကို အတိတ်နိမိတ်ကောက်ယူရယင်.."

သူ၏မျက်နှာ တည်ကြည်လေးနက်လာသည်။

မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေတော့သည်။

တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောစဉ်းစားပြီး အဓိပ္ပါယ်ကို ကောင်းစွာနားလည် သဘောပေါက်လိုက်သည့်အလား ဦးခေါင်း တဆတ်ဆတ်ညိတ်ကာ...

"အုံ့ဩစရာကောင်းလိုက်တာ၊ အုံ့ဩစရာကောင်းလိုက်တာ"

ဟု ရေရွတ်နေလေတော့သည်။

* * *

ဖွဲ့မာန်အာမခံဌာန၏ ကောက်ကျင်းနယ်သို့သွားသော ခရီးစဉ်မှာ မူလက ဆယ့်ငါးရက်သတ်မှတ်ထားသော်လည်း လှိုုဖုန်းဝေလိုက်ပါမည်ဆိုခြင်းကြောင့် နောက်ထပ် ငါးရက်တိုးကာ ရက်နှစ်ဆယ်သတ်မှတ်လိုက် ရလေသည်။

ခရီးစဉ်ကို ရက်တိုးလိုက်ရသည်မှာ သွားရိုးသွားစဉ် ခရီးအတိုင်းမသွားဘဲ အခြားဒေသများမှကွေ့ပတ်ကာ သွားလာရန် စီစဉ်လိုက်ခြင်းကြောင့်ဖြစ်သည်။

အန္တရာယ်ကင်းနိုင်သည့် လမ်းကြောင်းများကို ရွေးချယ်ကာ အန္တရာယ်ရှိနိုင်သော နေရာများကိုကွေ့ပတ်ရှောင်ကွင်း သွားလာမည်ဖြစ်၍ အချိန်ပိုယူလိုက်ရခြင်း ဖြစ်ပါသည်။



ခရီးစဉ် နှောင့်နှေးသွားသော်လည်း အန္တရာယ်ကင်းနိုင်မည်ဖြစ်၍ လှိုုဖုန်းဝေအတွက် စိတ်အေးရလိမ့်မည် ဖြစ်လေသည်။

လှိုုစန်းနှင့်လှိုုကျောင်းတို့က ထောင့်စေ့အောင် စီမံဆောင်ရွက်ခဲ့ကြသည်။

လမ်းခရီးတလျှောက် ရေ့တော်ပြေးများ စေလွှတ်ကာ သတင်းစုံစမ်းခြင်း၊ အန္တရာယ်ရှိနိုင်ပါက လမ်းကြောင်းပြောင်းခြင်း၊ အာမခံအဖွဲ့တစ်ခုကဲ့သို့မဟုတ်ဘဲ သာမန်ခရီးသည်များပမာ သွားလာလှုပ်ရှားခြင်း စသည်ဖြင့် ဝီရိယထားကာ ခရီးနှင်ခဲ့ကြရာ ကောက်ကျင်းနယ်နှင့် တစ်စထက်တစ်စ နီးကပ်လာခဲ့လေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး စိမ်းလန်းသော တောအုပ်များ၊ တောင်ကုန်းများနှင့် တောင်ကုန်းတောင်တန်းများကြားမှ ဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်းအင်းအိုင်များ နေရာယူထား၏။

လှိုုစန်းနှင့် လှိုုကျောင်းတို့ တိုင်ပင်ကာ ပင်လယ်ကမ်းရိုးတန်းဘက်မှ ကွေ့ပတ်ကာ ကောက်ကျင်းနယ်သို့သွားရန် စီစဉ်ခဲ့ကြခြင်းဖြစ်လေသည်။

လှိုုစန်းက အဖွဲ့သားနှစ်ယောက်နှင့်အတူ ရှေ့ဆုံးမှ ဦးဆောင်ကာသွားလေသည်။

လှိုုစန်းနှင့် မလှမ်းမကမ်းမှ လှိုုကျောင်းနှင့် လှိုုဖုန်းဝေတို့

ညီမအစ်ကိုနှစ်ယောက်သည် ရွှေချောင်းသေတ္တာတင်ထားသော မြင်းတစ်ကောင်ကို တာဝန်ယူစောင့်ရှောက်ကာ လိုက်လာကြသည်။

ကျန်အဖွဲ့သားများက နောက်ဆုံးမှ လိုက်လာကြသည်။

လမ်းခရီးတလျှောက် အန္တရာယ်ကင်းဝေးခဲ့သဖြင့် အားလုံးဝမ်းသာပျော်ရွှင်နေကြလေသည်။

အပျော်ရွှင်ဆုံးလူကား လှိုင်ဖုန်းဝေဖြစ်လေသည်။

သူ့ဘဝတွင် ပထမဆုံးအကြိမ် ပြင်ပလောသို့ ခရီးထွက်ခဲ့ရခြင်းဖြစ်၍ တွေ့မြင်ရသမျှ အထူးအဆန်းများချည့် ဖြစ်နေသည်။

သို့သော်...

သူ့ကြောင့် ဖခင်ကြီး၏ အလုပ်ကိစ္စအနှောက်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ခဲ့လေသည်။

လမ်းခရီးတလျှောက်၌ ဆောင်ရန်၊ ရှောင်ရန်များကို အစ်ကိုလှိုင်ကျောင်းပြောထားသမျှ တသွေမတိမ်း လိုက်နာဆောင်ရွက်ခဲ့လေသည်။

လှိုင်ဖုန်းဝေ၏ သိတတ်နားလည်မှုနှင့် အကင်းပါးမှုကို လှိုင်ကျောင်း ချီးကျူးမိလေသည်။

"ညီလေး...ကောက်ကျင်းနယ်ကို ရောက်လို့ အာမခံပစ္စည်းတွေ ပိုင်ရှင်လက်ထဲအပ်ပြီးယင် တို့ညီအစ်ကိုနှစ်ယောက် လျှောက်လည်ကြမယ်"

ဟုပြောလိုက်သည်။

လှိုင်ဖုန်းဝေက...



"အစ်ကိုကြီး တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဟေး...ဒါမှ တို့အစ်ကိုကြီးကွ"

လှိုင်ဖုန်းဝေ ပိုပြီးပျော်ရွှင်သွားလေသည်။

ထိုအချိန်မှာပင်...

"ရွှီ"

လေချွန်သံတစ်ချက် ထွက်ပေါ်လာလေသည်။

လှိုင်ကျောင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ညီလေး...သတိထား"

ချက်ချင်းပင် သစ်ပင်ချုံပုတ်များကြားသို့ မြင်းကိုတိုးဝင်လိုက်သည်။

ထူးခြားမှုတစ်ခုခု ဖြစ်လာပြီဟု လှိုင်ဖုန်းဝေ နားလည်လိုက်လေသည်။

အာမခံအဖွဲ့သားများသည် တိုက်ပွဲ အတွေ့အကြုံရှိထားကြသူများဖြစ်ရကား အချက်ပေး လေချွန်သံကိုကြားရလျှင် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း နားလည်လိုက်ကြပြီး သစ်ပင်ချုံနွယ်များနောက်သို့ တိုးဝင်ပုန်းကွယ်လိုက်ကြလေသည်။

အားလုံး ကိုယ်ရောင်ဖျောက်လိုက်ကြလေသည်။

လှိုင်ဖုန်းဝေက အစ်ကိုဖြစ်သူကို ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့် မေးလိုက်လေသည်။

"အစ်ကို လူဆိုးတွေလားဟင်"

လှို့ကျောင်းက…

"အစ်ကိုတို့က တောလမ်းအတိုင်းလာခဲ့ကြတာ၊ သည်ဘက်မှာ သွားလာလှုပ်ရှားတဲ့လူ မရှိသလောက်ပဲ၊ အခု တစ်စုံတစ်ယောက်ကို တွေ့ရလို့ ရှေ့ကအချက်ပေးတာ၊ ဒါပေမယ့် လူဆိုးဓားပြမဟုတ်ဘဲ ထင်းခုတ်သမားတွေ၊ အမဲလိုက်မုဆိုးတွေလည်း ဖြစ်နိုင်ပါတယ်၊ သိပ်လည်း စိတ်မပူပါနဲ့"

အားလုံး သတိဝီရိယဖြင့် စောင့်ကြည့်နေစဉ်မှာပင်…

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။

လှို့ဖုန်းဝေက ချုံပုတ်ထဲမှ ချောင်းကြည့်ယင်း မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လှို့ဖုန်းဝေ ထိတ်လန့်သွားလေသည်။

"လူဆိုးတွေပါလား"

"ရှူး…တိတ်တိတ်နေ"

လှို့ကျောင်းက ချက်ချင်း သတိပေးလိုက်လေသည်။

လှို့ဖုန်းဝေလည်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မြင်းစီးသမားများသည် တောလမ်းအတိုင်း ဒုန်းစိုင်းလာနေကြပြီး ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ခွေမျက်နှာဖုံးတစ်ခု စွပ်ကာ ရုပ်ဖျက်ထားလေသည်။



သူ၏ခွေမျက်နှာဖုံးမှာ ကြောက်စရာကောင်းသော ရုပ်သွင်ဖြစ်နေခြင်းကြောင့် လှို့ဖုန်းဝေ ကြောက်ရွံ့သွား၏။

ခွေမျက်နှာဖုံးရှင် ဦးဆောင်သော မြင်းစီးသမားများမှာ မကြာခင် ဖြတ်ကျော်သွားလိမ့်မည် ဖြစ်လေသည်။

"သူတို့ မြန်မြန်သွားကြပါစေ"

လှို့ဖုန်းဝေ ဆုတောင်းလိုက်လေသည်။

ထိုအချိန်မှာပင်…

"ထွက်လာခဲ့စမ်း"

ခွေမျက်နှာဖုံးရှင်၏ အော်ဟောက်သံ ထွက်ပေါ်လာလေသည်။

သူ၏လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင်…

"ချို…ချို…ချို"

လက်နက်ပုန်းလေးများသည် လမ်းဘေးရှိ ချုံပုတ်များဆီသို့ပစ်လွှင့်သွားလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ပုန်းအောင်းနေသော အာမခံအဖွဲ့သားများ လက်နက်ပုန်း

ထိသွားကြ၏။

လျှို့ကျော်း မျက်နှာပျက်သွားလေသည်။

"တို့တတွေ ပုန်းအောင်းနေတာကို သူတို့သိနေပြီ"

သူက လျှို့ဖုန်းဝေကို မှာကြားလိုက်လေသည်။

"ညီလေး..ဘာတွေပဲဖြစ်နေပါစေ၊ ထွက်မလာနဲ့၊ ချုံပုတ်ထဲမှာပဲနေပါ"

ထို့နောက် ဓားတစ်လက်ဆွဲထုတ်ကာ ချုံပုတ်ထဲမှ ခုန်ထွက်သွားလေသည်။

သူတို့ ပုန်းအောင်းနေကြသည်ကို ရွှေမျက်နှာသိသွားပြီးနောက် ထွက်၍ရင်ဆိုင်ရန်သာ ရှိတော့သည် မဟုတ်ပါလား။

"ဟူး"

လျှို့စန်းက လျှို့ကျော်းထက်ဦးအောင် ငှက်ကြီးတစ်ကောင်အလား ပျံဝဲကာထွက်လာလေသည်။

လျှို့စန်း ဦးဆောင်သော ဖွဲမာန်အာမခံအဖွဲ့သားများ အလျှိုအလျှိုထွက်လာကြပြီး ရန်သူကို စုပေါင်းရင်ဆိုင်ကြတော့မည် ဖြစ်လေသည်။

ရွှေမျက်နှာဖုံးရှင်တို့လူစုကလည်း မြင်းများ ရပ်တန့်ကာ အသီးသီး ခုန်ဆင်းလိုက်ကြလေသည်။

လျှို့စန်းသည် အပြင်ဘက်ခုန်ထွက်လာသည်နှင့် ရန်သူ မြင်းစီးသမားတစ်ယောက်အား လက်ဦးအောင် တိုက်ခိုက်လိုက်လေသည်။



ဓားရောင် ဝင်းခနဲလင်းလက်သွားပြီးလျှင်..

"အား"

ရန်သူ မြင်းစီးသမား မြေပေါ်လဲကျသွားတော့သည်။

"ဟား..ဟား..ဟား"

ရွှေမျက်နှာက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဖွဲမာန်အာမခံဌာနခေါင်းဆောင် လျှို့စန်းဟာ အင်မတန်ကြည်ညိုလေးစားစရာကောင်းတဲ့လူ တစ်ယောက်လို့ သတင်းကြီးနေတာပဲ"

လျှို့စန်း မဲ့ပြုံးပြုံးလိုက်သည်။

"ရွှေမျက်နှာက ပိုပြီး သတင်းကြီးပါတယ်ဗျာ၊ သူ့ရဲကောင်းသိုင်းသမားလေးယောက် ချေမှုန်းလိုက်လို့ အမှောင်ဂိုဏ်းပြိုကွဲသွားပေမယ့် ဒုဂိုဏ်းချုပ်က လွတ်မြောက်ထွက်ပြေးသွားခဲ့တယ်၊ သူဟာ ကောက်ကျင်းနယ်ထဲမှာ ရွှေမျက်နှာဖုံးဆိုတဲ့ ဓားပြကြီးတစ်ယောက်အဖြစ် ပြန်လည်ထွက်ပေါ်လာတယ်၊ လူသတ် ဓားပြတိုက် ထင်တိုင်းကျဲနေတယ်လို့ သတင်းကြီးနေတာကိုလည်း ကျုပ်ကြားပြီးပါပြီဗျာ"

ရွှေမျက်နှာက ရယ်မောလိုက်ပြန်လေသည်။

"ကျုပ်တို့ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြပြီပဲဗျာ၊ ခင်ဗျားတို့ ဘာကြောင့် ကောက်ကျင်းနယ်ထဲ ရောက်လာတယ်ဆိုတာ ကျုပ်သိထားပြီးပြီ၊ ဒါကြောင့် ရှည်ရှည်ဝေးဝေး မပြောချင်တော့ပါဘူး၊ ရွှေချောင်းတွေထားပြီး ထွက်သွားယင် ခင်ဗျားတို့ အသက်ချမ်းသာရာရလိမ့်မယ်"

လှိုူစန်းလည်း ရယ်မောလိုက်လေသည်။

"ဖွဲမာန်အာမခံဌာနအကြောင်းကို တကယ်ပဲ သိတယ်ဆိုယင် ခင်ဗျားလည်း မနှောက်ယှက်ဘဲ အေးအေးဆေးဆေး ထွက်သွားတာ ကောင်းလိမ့်မယ်"

ထို့နောက် နှစ်ယောက်သား ရယ်မောရာမှ ရပ်တန့်လိုက်ကြလေသည်။

သူတို့၏မျက်နှာ တည်ကြည်လေးနက်သွား၏။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

ရွှေမျက်နှာက...

"ကျုပ်က ထွက်သွားမှာ မဟုတ်သလို၊ ခင်ဗျားကလည်း ရွှေချောင်းတွေကို သည်အတိုင်းထားခဲ့မှာ မဟုတ်ဘူး၊ သည်တော့ ကျုပ်က ရအောင်ယူမယ်၊ ခင်ဗျားကလည်း မပေးရအောင် ကာကွယ်တားဆီးပေါ့ဗျာ"

စကားဆုံးလျှင်...

"တိုက်ကြဟေ့"

သူ၏လူများအား အမိန့်ပေးလိုက်လေသည်။

ထိုအခါ....

"ယား"

ရွှေမျက်နှာ၏ နောက်လိုက်များသည် ဓားလှံလက်နက်များဆွဲကိုင်ကာ တဟုန်ထိုး တိုက်ခိုက်လာကြလေတော့သည်။

လှိုူစန်းကလည်း ဖွဲမာန်အာမခံအဖွဲ့သားများအား အမိန့်



ပေးလိုက်လေသည်။

"လူဆိုးဓားပြတွေကို ဆုံးမလိုက်ကြစမ်း"

ဖွဲမာန်အာခံအဖွဲ့သားများက တညီတညာတည်း သံပြိုင်ဟစ်ကြွေးလိုက်ကြလေသည်။

"ဖွဲမာန်အာမခံဌာန"

"နှောက်ယှက်လာသူမှန်သမျှ ဆုံးမကြ"

ထို့နောက် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

"ဟိတ်"

"ယား"

ညာသံပေးသံများ။

"ထန်း..ထန်း"

"ခြွမ်း..ခြွမ်း"

"ဒိုး"

လက်နက်များဝှေ့ယမ်းသံ၊ လက်နက်ချင်းထိတွေ့မိသံများ။

"အား"

"အမယ်လေး"

"ဝုန်း"

"သေပါပြီဗျ"

ရူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာကာ ကမ္ဘာပျက်မတတ် ဆူညံသွားလေတော့သည်။

လှိုစန်းက ရွှေမျက်နှာနှင့် ရင်ဆိုင်လိုက်သကဲ့သို့ လှိုကျောင်းက ရွှေမျက်နှာ၏ ညာလက်ရုံး လူသန်ကြီးတစ်ယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

လှိုဖုန်းဝေသည် ချုံပုတ်ကြီးထဲမှနေပြီး တိုက်ပွဲကိုကြည့်ယင်း ထိတ်လန့် တုန်လှုပ်နေပါတော့သည်။

"ဖေဖေနဲ့အစ်ကိုကြီးတော့ ဒုက္ခပါပဲ၊ လူဆိုးဓားပြတွေကို မောင်းထုတ်နိုင်ကြပါစေ"

ဟုလည်း ဆုတောင်းနေတော့သည်။

တိုက်ပွဲမှာ ပိုမိုပြင်းထန်လာသည်။

အာမခံအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသကဲ့သို့ လူဆိုးဓားပြများလည်း တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

မြေပေါ်၌ လက်နက်အကျိုးအပဲ့များ၊ သွေးကွက်များ၊ လူသေအလောင်းများ ပြန့်ကျဲသွားလေတော့သည်။

လှိုဖုန်းဝေမှာ ကြောက်ရွံ့လွန်းသဖြင့် သတိလစ်မေ့မျောသွားမတတ် ဖြစ်နေပါတော့သည်။

လှိုစန်းနှင့်လှိုကျောင်းတို့က ရန်သူအား အနိုင်မခံအရှုံးမပေးရင်ဆိုင်နေကြလေသည်။

"ဟိတ်"

"ယား"

ညာသံပေးသံများ ထွက်ပေါ်လာကာ ရွှေမျက်နှာနှင့် လှိုစန်းတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မရေးမနှောင်းမှာပင်...



"အား"

စူးရှသောအော်ဟစ်သံနှင့်အတူ လှိုစန်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

သူ၏ရင်ဝ၌ ဒဏ်ရာတစ်ချက်ရရှိသွားပြီး သွေးချင်းချင်းနီရဲနေ၏။

"ဖေဖေ"

လှိုကျောင်း ထိတ်လန့်သွားလေသည်။

ဖခင်ကြီးအား ကူညီဖို့ပြေးသွားရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

"မင်း ဘယ်သွားမလို့လဲ"

လူသန်ကြီးက ဟန့်တားတိုက်ခိုက်လိုက်ရာ လှိုကျောင်း ဒေါသထွက်သွားတော့သည်။

"ခင်ဗျား သေချင်ပြီထင်တယ်"

ချာခနဲလှည့်ကာ ဓားဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များကြောင့် လူသန်ကြီး မပေါ့ဆဝံ့ဘဲ ကပျာကယာ နောက်ဆုတ်ရောင်လိုက်စဉ်...

"ဟိတ်"

လှိုကျောင်းက မြေပေါ်ခြေဆောင့်ကာ ခြေနှစ်ချောင်းဖြင့် ကန်ကျောက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ စွန်ရဲတစ်ကောင်ပမာ လျင်မြန်နေပါ

တော့သည်။

လူသန်ကြီး အငိုက်မိသွားပြီး ပြင်းထန်သောကန်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဝုန်း"

လှိုင်ကျောင်းက လူသန်ကြီးအား တိုက်ခိုက်ပြီးလျှင် ဖခင်ရှိရာသို့ ပြေးသွားလိုက်လေသည်။

လှိုင်စန်းကား ရွှေမျက်နှာဖုံးရှင်၏ လက်ချက်ကြောင့် ဒဏ်ရာရထားပြီ ဖြစ်လေသည်။

"ဖေဖေ"

လှိုင်ကျောင်းသည် ဖခင်ကြီးရှေ့သို့ ခုန်ဝင်သွားပြီး အကာအကွယ်ပေးထားလိုက်လေသည်။

လှိုင်စန်းက အခြေအနေ မဟန်တော့ကြောင်း နားလည်ထား၏။

"သား..ရန်သူတွေကို ဖေဖေဟန့်တားထားမယ်၊ သားက အဖွဲ့သားတွေကိုခေါ်ပြီး ရှောင်ထွက်သွားပါ၊ ညီလေးနဲ့ရွှေချောင်းတွေကို ကာကွယ်စောင့်ရှောက်ဖို့ အရေးအကြီးဆုံးပဲ"

ဟုမှာကြားလိုက်လေသည်။

လှိုင်ကျောင်း စိတ်ထိခိုက်သွားလေသည်။

သူတို့သတိထားပြီး ခရီးနှင်လာသည့်တိုင်အောင် ကောက်ကျစ်နယ်တွင် ကြောက်စရာအကောင်းဆုံးဟု သတင်းကြီးနေသည့် ရွှေမျက်နှာနှင့်မှ တည့်တည့်တိုးမိသည် မဟုတ်ပါလား။



ရွှေမျက်နှာကြောင့် ဖခင်ကြီးပင်လျှင် ဒဏ်ရာရရှိထားပြီဖြစ်ရာ သူလည်း ဘာမှတတ်နိုင်မည်မဟုတ်ကြောင်း လှိုင်ကျောင်းနားလည်ထားလေတော့သည်။

"သား..မြန်မြန်သွား"

လှိုင်စန်းက မောင်းထုတ်လိုက်၏။

"ဖေဖေ..ကျွန်တော်.."

"သွားဆိုယင် သွားစမ်းကွာ"

လှိုင်စန်း ဒေါသထွက်သွားကာ အော်ငေါက်လိုက်၏။

အာမခံအဖွဲ့သားများသည် အာမခံပစ္စည်းအား မိမိတို့၏ အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ပါမည်ဟု သစ္စာပြုထားကြသူများ ဖြစ်ပါသည်။

လှိုင်ကျောင်းသည် အာမခံဌာန၏စည်းကမ်း၊ ကတိသစ္စာ၊ ဂုဏ်သိက္ခာနှင့်တာဝန်ဝတ္တရားများကို ကောင်းစွာသိရှိနားလည်ထားသူဖြစ်သည်။

"မင်း..ညီလေး"

လှိုင်စန်း၏စကား တစ်ပိုင်းတစ်စ လှိုင်ကျောင်းနားထဲ တိုးဝင်လာလေသည်။

လှိုင်ကျောင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ဖခင်ကြီးသည် ကျွဲရိုင်းတစ်ကောင်ပမာ တဟုန်ထိုးတိုးဝင်တိုက်ခိုက်လာသော ရွှေမျက်နှာအား တားဆီးလိုက်ရခြင်းကြောင့် စကားကိုပင် ဆုံးအောင်မပြောနိုင်သည့်အဖြစ်ကို နားလည်လိုက်၏။

ဒဏ်ရာပြင်းထန်စွာ ရရှိထားသည့်ကြားမှ ရွှေမျက်နှာအား အကြောက်အကန် ရင်ဆိုင်ဟန့်တားလိုက်သည်မှာ အဘယ်ကြောင့် ဆိုသည်ကိုလည်း နားလည်လိုက်လေသည်။

လျှို့ကျောင်း အံတင်းတင်းကြိတ်လိုက်သည်။

"ညီလေး..လာခဲ့"

လျှို့ဖုန်းဝေကို လှမ်းခေါ်လိုက်သည်။

"အစ်ကိုကြီး"

လျှို့ဖုန်းဝေကလည်း ချုံပုတ်ထဲမှ ကြောက်လန့်တကြား ပြေးထွက်လာလေသည်။

"မြန်မြန်လာ"

လျှို့ကျောင်းက အနီးသို့ရောက်လာသော လျှို့ဖုန်းဝေ၏ လက်ကိုဆွဲကာ ရွှေချောင်းသေတ္တာတင်ထားသည့် မြင်းကျော ပေါ်သို့ တင်လိုက်သည်။

တဖန် မြင်းဇက်ကြိုးကိုဆွဲကာ ပြေးလွှားသွားလေသည်။

အဖွဲ့သားများသည်လည်း လျှို့ကျောင်းနောက်သို့ ပြေး လိုက်သွားကြလေတော့သည်။

* * *



လျှို့ကျောင်းက လျှို့ဖုန်းဝေနှင့် ရွှေချောင်းများယူကာ ရှောင်တိမ်းသွားပြီ ဖြစ်လေသည်။

လျှို့စန်းက ရွှေမျက်နှာအား ရင်ဆိုင်ဟန့်တားထား၏။

ရွှေမျက်နှာ ဒေါသထွက်သွားလေသည်။

"သည်လောက် ဒဏ်ရာရနေတာတောင် မမှတ်သေးဘူး လား၊ သေချင်ပြီထင်တယ်"

အော်ငေါက်ယင်း လက်ဝှေ့ယမ်းလိုက်လျှင်..

"ဝှစ်...ဝှစ်...ဝှစ်"

လက်နက်ပုန်းကလေးများမှာ ပျားပိတုန်းလေးများပမာ ပစ်လွှင့်သွားလေသည်။

လျှို့ဝန်းက ဓားဝှေ့ယမ်းရိုက်ချလိုက်၏။

သို့တိုင်..

ပစ်လွှင့်လာသည့် လက်နက်ပုန်းလေးများထဲမှ အဆိပ်အပ် လေးတစ်ချောင်းက လျှို့စန်း၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။

"အား"

လျှို့စန်း စူးရှစွာ အော်ဟစ်လိုက်လေသည်။

အဆိပ်အပ်လေး၌ သုတ်လိမ်းထားသော ပြင်းထန်သော အဆိပ်များကြောင့် လျှို့စန်း၏တစ်ကိုယ်လုံး ပြာနှမ်းသွား၏။

"ဝုန်း"

လူတခြား ဓားတခြား မြေပေါ်လဲကျသွား၏။

သိုင်းလောက၌ ထင်ရှားကျော်ကြားသော ဖွဲမာန်အာမခံဌာ

နခေါင်းဆောင် လျှိုစန်းကား ရွှေမျက်နှာဇ၏လက်ချက်ဖြင့် အသက်ပျောက်သွားပြီ ဖြစ်လေသည်။

ရွှေမျက်နှာ ရယ်မောလိုက်သည်။

"သူရဲကောင်းကြီး ခုတော့ ဘာတတ်နိုင်သေးသလဲဗျ"

သူက နောက်လိုက်ငယ်သားများအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ထွက်ပြေးသွားတဲ့ကောင်တွေ နောက်ကို လိုက်သွား၊ တစ်ယောက်မှအရှင်မထားနဲ့၊ ရွှေချောင်းတွေယူပြီး ပြန်လာခဲ့"

ဟုလည်း အမိန့်ပေးလိုက်သည်။

နောက်လိုက်များက သံသေးသံကြောင် အော်ဟစ်ယင်း လက်နက်များဝှေ့ယမ်းကာ ရှောင်တိမ်းသွားသော လျှိုကျောင်းတို့နောက်သို့ လိုက်သွားကြလေတော့သည်။

* * *



## လမ်းခွဲမျက်ရည်

အေးချမ်းသာယာနေသော သဘာဝအလှအပများကား လူသားတို့ကြောင့် အရုပ်ဆိုးအကျည်းတန်သွားခဲ့ရပြီ ဖြစ်လေသည်။

တိုက်ပွဲများ အဆုံးတွင် လျှိုကျောင်းတို့က ဒရောသောပါး ရှောင်တိမ်းလာခဲ့ကြလေသည်။

ဖခင်ကြီးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီဖြစ်ရကား ရွှေမျက်နှာတို့လူစုကို ကြာကြာဟန့်တားထားနိုင်မည် မဟုတ်ကြောင်း လျှိုကျောင်း နားလည်ထားလေသည်။

ဖခင်ကြီးသည် ရွှေမျက်နှာတို့လူစုကို ဟန့်တားယင်း သူရဲကောင်းပီသစွာ ကျဆုံးသွားလိမ့်မည် ဖြစ်ပေသည်။

လျှိုကျောင်း၏ မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲနေသော်လည်း အံတင်းတင်းကြိတ်ထားလေသည်။

လှိုဖုန်းဝေ၊ ရွှေချောင်းများနှင့် အဖွဲ့သားများကို ခေါ်ဆောင်ကာ ထွက်လာသည့်တိုင် ရွှေမျက်နှာ အလွတ်မပေးလိုက်လာလိမ့်မည် ဖြစ်လေသည်။

လှိုကျောင်းက အနည်းငယ် စဉ်းစားတွေးတောလိုက်ပြီး ရွှေမျက်နှာတို့ မျက်စိလည်သွားစေရန် လူစုခွဲရန် ဆုံးဖြတ်လိုက်လေသည်။

အဖွဲ့သားအချို့ကို အနောက်ဘက်အရပ်သို့ သွားခိုင်းလိုက်၏။

အချို့အား မြောက်ဘက်အရပ်သို့ သွားခိုင်းသည်။

သူနှင့်အတူ အဖွဲ့သားသုံးယောက်ခေါ်ကာ တောင်ဘက်အရပ်သို့ ထွက်လာခဲ့လေသည်။

လမ်းခရီးတလျှောက် လုံးဝရပ်နားခြင်းမပြုဘဲ လျင်မြန်စွာသွားခဲ့ကြလေသည်။

သို့ဖြင့်...

အတန်ကြာ သွားမိလျှင် တိုက်ခတ်လာသောလေပြည်နှင့်အတူ အနောက်ဘက်အရပ်မှ စူးရှသော အော်ဟစ်သံများ လွင့်မျောလာသည်ကို သဲ့သဲ့ကြားရလေသည်။

လှိုကျောင်း မျက်နှာပျက်သွား၏။

အနောက်ဘက်သို့ လမ်းခွဲကာ ထွက်သွားသော အဖွဲ့သားများ ရန်သူ့လက်ချက်မိသွားပြီဖြစ်ကြောင်း နားလည်လိုက်၏။

"မြန်မြန်လာကြ"



လှိုကျောင်းက အဖွဲ့သားသုံးယောက်ကိုခေါ်ကာ လှိုဖုန်းဝေနှင့်အတူ ဆက်လက်ထွက်ခွာလာခဲ့တော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

ညနေဆည်းဆာအချိန်၌ လှိုကျောင်းတို့လူစုသည် တောင်ထိပ်တစ်ခုပေါ်သို့ ရောက်ရှိလာကြလေသည်။

တောင်ထိပ်ပေါ်မှကြည့်လျှင် အောက်ဘက်၌ အရှိန်အဟုန်ပြင်းစွာ စီးဆင်းသွားနေသော ချောင်းတစ်ခုနှင့် အဝေးတွင် ပင်လယ်ပြာပြာကြီးကို တွေ့မြင်နေရလေသည်။

လှိုကျောင်း သက်ပြင်းချလိုက်သည်။

ပြေးမိပြေးရာ ပြေးလာယင်း ကောက်ကျင်းနယ်သို့ မရောက်တော့ဘဲ ပင်လယ်ကမ်းခြေဒေသဘက်သို့ ရောက်ရှိလာခဲ့သည် မဟုတ်ပါလား။

မည်သို့ဆိုစေ...

ရွှေမျက်နှာ၏လက်ထဲမှ သူတို့လွတ်မြောက်သွားကြဖို့က အရေးအကြီးဆုံးဖြစ်လေသည်။

မည်သည့်နေရာသို့ ရောက်နေပါစေ၊ အရေးမကြီးပါ။

သူတို့လွတ်မြောက်သွားပါက တစ်ချိန်တွင် အာမခံပစ္စည်း

များအား ပိုင်ရှင်လက်ထဲသို့ ပို့ဆောင်ပေးနိုင်လိမ့်မည် မဟုတ်ပါလား။

လှိုင်ဖုန်းဝေက...

"အစ်ကိုကြီး..ဖေဖေ လိုက်လာမယ် မဟုတ်လားဟင်"

ဟု မေးလိုက်လေသည်။

လှိုင်ကျောင်း ဟန်ဆောင်ပြုံးလိုက်သည်။

"လိုက်လာမှာပေါ့ ညီလေးရယ်၊ ဖေဖေက သူရဲကောင်းတစ်ယောက်ပဲ မဟုတ်လား၊ ရန်သူတွေကို ချေမှုန်းပြီး လိုက်လာမှာပါ"

လှိုင်ဖုန်းဝေ စိတ်သက်သာရာရသွား၏။

"ရွှေမျက်နှာဆိုတဲ့လူကြီးက အတော့်ကို ကြောက်စရာကောင်းတာပဲ၊ သူ့လက်ချက်နဲ့ အဖွဲ့သားလေးယောက် သေဆုံးသွားတာ ကျွန်တော်တွေ့ခဲ့တယ်၊ ဖေဖေလည်း ဒဏ်ရာရသွားတယ်"

လှိုင်ကျောင်းက...

"အေး..ညီလေး သူ့ကို သေသေချာချာ မှတ်ထားရမယ်၊ ညီလေး ကြီးပြင်လာတဲ့တစ်နေ့ကျယင် သူ့ကိုရှာဖွေပြီး ဆုံးမရမယ်နော်"

လှိုင်ဖုန်းဝေ ခေါင်းညိတ်လိုက်လေသည်။

"စိတ်ချပါ အစ်ကိုကြီး၊ သူ့ကို ကျွန်တော် တကယ်ကိုမုန်းတာ၊ ကျွန်တော်ကြီးပြင်းလာတဲ့ တစ်နေ့ သူ့ကိုဆုံးမသွားမှာပဲ"

လှိုင်ကျောင်း ကျေနပ်သွားလေသည်။

ထို့နောက် တောင်ထိပ်ပေါ်မှာပင် တစ်ညတာ အနားယူရန်



စီစဉ်လိုက်တော့သည်။

* * *

အေးစိမ့်သောလေများက တဟူးဟူးမြည်ကာ တိုက်ခတ်နေသည်။

တောင်ပေါ်၌ အေးစိမ့်နေ၏။

ရွှေမျက်နှာ၏ အန္တရာယ်ရှိနေသဖြင့် လှိုင်ကျောင်းတို့ မီးပုံတစ်ခုမပြုလုပ်ဝံ့ကြချေ။

အအေးဒဏ်ကို ကျိတ်မှိတ်ခံစားယင်း ကောင်းစွာအိပ်မပျော်နိုင်အောင် ဖြစ်နေကြ၏။

လှိုင်စန်းကိုလည်း မျှော်လင့်စောင့်စားနေကြသည် မဟုတ်ပါလား။

လှိုင်စန်း၏ အရိပ်အရောင်ပင် မတွေ့ရသေးပါ။

လှိုင်ဖုန်းဝေက အချမ်းဒဏ်သက်သာစေရန် လက်နှစ်ဘက်ကို ပိုက်ထားယင်း...

"ဖေဖေကလည်း ကြာလိုက်တာ၊ ခုထိမလာသေးဘူး"

ဟု ညည်းတွားနေ၏။

လှိုင်ကျောင်း တတ်နိုင်သမျှ ဖေးမနေရတော့သည်။

ကောင်းကင်ပေါ်၌ လဝန်းရှိနေ၏။

အေးမြသော လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာသာယာ

ယာရှိနေ၏။

ညသည် တိတ်ဆိတ်နေပြီး အောက်ဘက်မှ တဝေါဝေါဖြင့် အရှိန်ပြင်းစွာ စီးဆင်းနေသော ချောင်းထဲမှရေစီးသံများကသာ မင်းမူထား၏။

လှိုကျောင်းသည် ရွှေမျက်နှာ၏လက်မှ လွတ်မြောက်လာခဲ့ပြီးနောက် သူနှင့်အတူ လိုက်ပါလာခဲ့ကြသည့် အဖွဲ့သားသုံးယောက်ထဲမှ တစ်ယောက်ကို အခြေအနေစုံစမ်းရန် လွှတ်လိုက်သည်။

အခြားတစ်ယောက်အား တောင်ခြေ၌ ကင်းစောင့်ခိုင်းထား၏။

ကျန်တစ်ယောက်ကို သူ့အနီး၌ ခေါ်ထားခဲ့လေသည်။

အာမခံပစ္စည်း ရွှေချောင်းများအား ဆက်လက်သယ်ဆောင်သွားရန် ခက်ခဲနေပြီဖြစ်၍ တောင်ထိပ်ပေါ်၌ပင် ကျင်းတူးကာ မြှုပ်နှံထားလိုက်လေသည်။

နံနက်မိုးလင်းသည့်တိုင်အောင် ရွှေမျက်နှာ ရောက်မလာပါက အန္တရာယ်မှ လွတ်မြောက်သွားပြီဟု လှိုကျောင်းတွက်ဆထားသည်။

အချိန် မြန်မြန်ကုန်သွားပါစေ၊ မိုးလင်းပါစေတော့ဟု ဆုတောင်းနေမိလေသည်။

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာလေသည်။

ရုတ်တရက်...



"အား"

စူးရှသောအော်ဟစ်သံ တစ်ချက်ထွက်ပေါ်လာလေသည်။

တောင်ခြေမှ ဖြစ်သည်။

"ဟင်"

လှိုကျောင်း ခုန်ထလိုက်လေသည်။

လှိုဖုန်းဝေနှင့် နောက်ဆုံးကျန်နေသော အဖွဲ့သားကလည်း အနီးသို့ ချက်ချင်းရောက်လာကြသည်။

အဖွဲ့သားက...

"တောင်ခြေမှာ ကင်းစောင့်နေတဲ့ ကျွန်တော်တို့အဖွဲ့သားရဲ့ အော်သံပဲ သခင်လေး"

လှိုကျောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုပ် သွားကြည့်လိုက်ဦးမယ်"

"ကောင်းပြီ..သတိထားပါ"

"ဟုတ်ကဲ့"

အဖွဲ့သားသည် ဦးညွှတ်ကာ ပြေးလွှားသွားလေသည်။

လှိုကျောင်းက လှိုဖုန်းဝေဘက်သို့ လှည့်လိုက်သည်။

"ညီလေး..တကယ်လို့ ရန်သူရောက်လာပြီး အခြေအနေမဟန်ဘူးဆိုယင် ညီလေး ရှောင်တိမ်းသွားရလိမ့်မယ်"

"ကျွန်တော်.."

"အစ်ကိုကြီး စကားကို ညီလေးနားထောင်ရမယ်"

လှိုင်ကျောင်းက ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

လှိုင်ဖုန်းဝေ ခေါင်းငုံ့သွား၏။

လှိုင်ကျောင်းက....

"ညီလေး..မင်းနားထောင်မယ် မဟုတ်လား"

"ဟုတ်..ဟုတ်ကဲ့ နားထောင်ပါ့မယ် အစ်ကိုကြီး"

"ကောင်းပြီ ညီလေးက ဟိုဘက် တောင်စွန်းနားမှာ သွားပုန်းနေပါ"

"ကျွန်တော်.."

"အစ်ကိုကြီးစကားကို မင်း နားထောင်မယ်ဆို"

လှိုင်ကျောင်းက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်ရာ လှိုင်ဖုန်းဝေ ဘာမှမတတ်နိုင်တော့ပါ။

"ဟုတ်ကဲ့"

"ကဲ သွားပေတော့"

လှိုင်ဖုန်းဝေသည် လှိုင်ကျောင်းညွှန်ပြသည့် တောင်စွန်းတစ်နေရာ၌ သွားနေလိုက်လေသည်။

ထိုနေရာ၌ ကျောက်တုံးကျောက်ခဲများ ရှိနေ၍ ပုန်းခို၍ကောင်းသော်လည်း တစ်ဘက် ချောက်ကမ်းပါးကြီးနှင့် နီးကပ်နေ၍ အန္တရာယ်မကင်းချေ။

အောက်ဘက်၌ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းကြီး ရှိနေပါသေး၏။

လှိုင်ဖုန်းဝေသည် အစ်ကိုဖြစ်သူအား လေးစားရမည်ဖြစ်၍



ကျောက်တုံးကျောက်ခဲများကြား၌ သွားပုန်းနေလိုက်ရသော်လည်း ဘဝင်မကျမိပါချေ။

လှိုင်ဖုန်းဝေ ပုန်းအောင်းလိုက်ပြီး မရှေးမနှောင်းမှာပင်...

"အား"

စူးရှသော အော်ဟစ်သံထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရလေသည်။

တောင်ခြေသို့ ဆင်းသွားသည့် အဖွဲ့သား၏အော်ဟစ်သံဖြစ်လေသည်။

ထိုလူသည့် တောင်ခြေသို့ မရောက်သေးမီ တိုက်ခိုက်ခံလိုက်ရခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

ရန်သူက တောင်ပေါ်သို့တက်လာနေပြီဖြစ်လေသည်။

လှိုင်ကျောင်းက...

"ညီလေး..အပြင်မထွက်နဲ့နော်"

ဟု သတိပေးလိုက်သည်။

ထို့နောက် ပြေးထွက်သွားလေသည်။

လှိုင်ဖုန်းဝေက 'အစ်ကိုကြီး' ဟုအော်ခေါ်ရန် ဟန်ပြင်ပြီးမှ ထိန်းချုပ်ကာ ပါးစပ်ပိတ်ထားလိုက်လေသည်။

လှိုင်ကျောင်းက ပြေးလွှားသွားယင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

"အစ်ကိုကြီး မြန်မြန် ပြန်လာပါစေ"

လှိုင်ဖုန်းဝေ ဆုတောင်းလိုက်လေသည်။

ထိုအချိန်မှာပင်...

"အား"

လှိုကျောင်း၏ အော်ဟစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။

* * *

"အစ်ကိုကြီး"

လှိုဖုန်းဝေ အထိတ်တလန့် ဖြစ်သွားလေသည်။

ကျောက်တုံးကျောက်ခဲများကြားမှ ခုန်ထွက်ရန်ပင် ဟန်ပြင်မိလေသည်။

သို့သော်...

ပုန်းအောင်းနေရမည်ဟု လှိုကျောင်းက မှာကြားထားခြင်းကြောင့် မထွက်ဝံ့တော့ပေ။

လှိုကျောင်း ပြန်ရောက်လာမည့်အချိန်ကို ရင်မောစွာစောင့်စားနေလိုက်လေသည်။

ရုတ်တရက်...

လူရိပ်တစ်ခု တောင်ထိပ်ပေါ်သို့ ပြေးတက်လာသည်ကိုတွေ့လိုက်ရလေသည်။

လှိုဖုန်းဝေ ဝမ်းသာသွားလေသည်။

"အစ်ကိုကြီး ပြန်လာပြီ"



သူက ကျောက်တုံးကျောက်ခဲများကြားမှ ထွက်ရန်ဟန်ပြင်လိုက်မိလေသည်။

သို့သော်...

ထိုလူရိပ်သည် လရောင်အောက်၌ ပီပြင်ထင်ရှားကာ လူလုံးပေါ်လာသောအခါ လှိုဖုန်းဝေ အပြင်မထွက်ရဲအောင် ဖြစ်သွားလေတော့သည်။

အကြောင်းကား...

ထိုလူသည် ရွှေမျက်နှာဖြစ်နေသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ရွှေမျက်နှာ...။

ရွှေမျက်နှာကား သူတို့နောက်သို့လိုက်လာပြီ ဖြစ်သည်။

တောင်အောက်သို့ ပြေးဆင်းသွားသည့် လှိုကျောင်း မည်သို့ရှိမည်နည်း။

ရွှေမျက်နှာသည် တောင်ထိပ်ပေါ်သို့ ရောက်လာလျှင် ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

တောင်ထိပ်ပေါ်၌ လူသူကင်းရှင်းနေပါသည်။

လှိုဖုန်းဝေမှာ ရွှေမျက်နှာကို ချောင်းကြည့်ယင်း ရင်ထဲတထိတ်ထိတ်ဖြစ်နေသည်။

သူ့အား တွေ့မြင်သွားပါက ချမ်းသာပေးမည်မဟုတ်ကြောင်း နားလည်ထားလေသည်။

"ဖေဖေလည်း ရောက်မလာသေးဘူး၊ အစ်ကိုကြီးကော

ဘယ်လိုနေလဲ မသိဘူး"

လျှိုဖုန်းဝေ တွေးတောစဉ်းစားနေစဉ်မှာပင်...

"ကောင်လေး..မင်း ထွက်ခဲ့စမ်း"

ရွှေမျက်နှာ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လျှိုဖုန်းဝေ အပြင်ထွက်မိမလို ဖြစ်သွားလေသည်။

"ကောင်လေး..မင်းပုန်းနေတာ ငါမသိဘူးများ မှတ်နေသလား၊ ထွက်ခဲ့စမ်း"

ရွှေမျက်နှာက အော်ငေါက်လိုက်ပြန်သည်။

လျှိုဖုန်းဝေက ပုန်းနေမြဲပုန်းနေ၏။

ရွှေမျက်နှာ ဒေါသထွက်လာပုံရလေသည်။

"မင်း ထွက်မလာယင် ငါလာခဲ့မယ်၊ သေဖို့သာပြင်ထားပေတော့"

အော်ငေါက်ခြိမ်းခြောက်ယင်း ရှေ့တိုးလာ၏။

ပတ်ဝန်းကျင်၌ ပုန်းအောင်းနေစရာဟူ၍ ကျောက်တုံးကျောက်ခဲများစုပုံနေသော နေရာတစ်ခုသာ ရှိလေသည်။

မည်သူမဆို ပုန်းအောင်းမည်ဆိုလျှင် ကျောက်တုံးကျောက်ခဲများကြား၌သာ ပုန်းအောင်းနေလိမ့်မည် ဖြစ်လေသည်။

ရွှေမျက်နှာက ကျောက်တုံးကျောက်ခဲပုံများရှိရာသို့ ဦးတည်လှမ်းလာလေတော့သည်။

"ဟိုက်..ဒုက္ခပဲ"



လျှိုဖုန်းဝေ အထိတ်တလန့် ဖြစ်သွားလေသည်။

ရွှေမျက်နှာက တစ်လှမ်းချင်းလှမ်းလာယင်း တဖြည်းဖြည်းနီးကပ်လာလေသည်။

လျှိုဖုန်းဝေမှာ ကြောက်ရွံ့လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်လာလေသည်။

ဇောချွေးများပျံကာ တစ်ကိုယ်လုံး စိုရွှဲသွား၏။

ကြောက်စိတ်က ဖိစီးလွန်းသောအခါ ဒေါသထွက်လာလေတော့သည်။

"တောက်"

ကျောက်ခဲတစ်လုံး ကောက်ယူကာ ပစ်ပေါက်လိုက်မိလေတော့သည်။

"ဗွီး"

ရွှေမျက်နှာသည် ပစ်လွှင့်လာသော ကျောက်ခဲကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဖုတ်"

ကျောက်ခဲ အစိတ်စိတ်အမွှာမွှာ ကြေမွသွားတော့သည်။

လျှိုဖုန်းဝေ မျက်လုံးပြူးသွား၏။

ရွှေမျက်နှာမှာ အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွား၏။

ရွှေမျက်နှာသည် သူ့အား တိုက်ခိုက်ရကောင်းလားဟု ဒေါသဖြစ်ကာ...

"သိကြသေးတာပေါ့ကွာ"

ကြုံးဝါးပြီး လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ရိုက်ထုတ်လိုက်လေသည်။

"ဟူး"

"ဝုန်း"

ပြင်းထန်သော လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး ကျောက်တုံးကျောက်ခဲပုံကြီးဆီသို့ တိုးဝင်သွားတော့သည်။

ကျယ်လောင်မြည်ဟီးသံကြီး ထွက်ပေါ်လာပြီး ကျောက်တုံးကျောက်ခဲများ ဖွာခနဲ လွင့်စဉ်သွားတော့သည်။

လေပွေလှိုင်းတစ်ခုက အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်ပစ်လိုက်သည့်နှင့်အလား သဏ္ဍာန်တူနေပါတော့သည်။

"အမယ်လေး"

လှိုဖုန်းဝေ အထိတ်တလန့် အော်လိုက်လေသည်။

လေပြင်းအရှိန်ကြောင့် သူလည်းလွင့်စဉ်သွားတော့သည်။

လှိုဖုန်းဝေ လေထဲမြောက်တက်သွားပြီး ချောက်ထဲထိုးကျသွားတော့သည်။

ထို့နောက်...

* * *



## ရသေ့လေးပါး

တရုတ်ပြည်တောင်ဘက်တွင် ထင်ရှားသော ကျွန်းကြီးတစ်ခုရှိသည်။

ဟိုင်နန်ကျွန်း ဖြစ်သည်။

ဟိုင်နန်ကျွန်းသည် လူနေထူထပ်ပြီး စည်ကားသိုက်မြိုက်မှုရှိလေသည်။

နေထိုင်သူအများစုကား တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ပင်လယ်ပျော်များဖြစ်လေသည်။

စည်ကားသိုက်မြိုက်လှသော ဟိုင်နန်ကျွန်းနှင့် လီပေါင်းငါးဆယ်ခန့် ဝေးကွာသောနေရာ၌ ကျွန်းလေးကျွန်းရှိလေသည်။

ထိုကျွန်းလေးကျွန်းသို့ကား လူသူအရောက်အပေါက်နည်းပါးပြီး လူအများနှင့် အဆက်အသွယ်ပြတ်လျှက် သီးခြားတည်ရှိသော ကျွန်းများဟုဆိုနိုင်သည်။

ထိုကျွန်းလေးကျွန်း၌ ရသေ့လေးပါး နေထိုင်လျက်ရှိကြပေသည်။

ထိုရသေ့လေးပါးသည် တစ်ချိန်က အမှောင်ဂိုဏ်းကို ချေမှုန်းကာ သိုင်းလောကကို ကယ်တင်ခဲ့ကြသော သူရဲကောင်းသိုင်းသမားလေးယောက် ဖြစ်လေသည်။

သူရဲကောင်းများသည် တိုက်ပွဲများကို စိတ်ကုန်ကာ ကျောခိုင်းလိုက်ကြပြီး လူသူကင်းဝေးသည့် ပင်လယ်ထဲမှ ကျွန်းလေးကျွန်း၌ နေထိုင်ခဲ့ကြလေသည်။

ရသေ့လေးပါးသည် ကျွန်းတစ်ကျွန်းစီ၌ သီးခြားနေထိုင်ကြယင်း သုံးလတစ်ကြိမ် တွေ့ဆုံကြလေသည်။

ရသေ့လေးပါးနေထိုင်သည့် ကျွန်းလေးကျွန်းမှာ တစ်ကျွန်းနှင့်တစ်ကျွန်း ပုံသဏ္ဌာန်ချင်း မတူညီကြချေ။

စက်ဝိုင်းသဏ္ဌာန်ရှိပြီး ပန်းပေါင်းစုံဝေဆာပွင့်ဖူးလျက်ရှိနေသောကျွန်းမှာ ရသေ့လေးပါးထဲမှ 'ရသေ့တောက်ကျို' နေထိုင်သည့်ကျွန်းဖြစ်သည်။

'ရသေ့တောက်ခုံး' နေထိုင်သည့်ကျွန်းမှာ မျက်ခုံးမွေးသဏ္ဌာန်ရှိပြီး ကျွန်းတစ်ခုလုံး သဲများသာရှိသော သောင်ပြင်ကြီးဖြစ်ပြီး တောင်ကုန်းလေးနှစ်ခုသာရှိလေသည်။

'ရသေ့တောက်ဂူ' နေထိုင်သောကျွန်းမှာ လခြမ်းပုံသဏ္ဌာန်ရှိပြီး ကျွန်းက သေး၏။

'ရသေ့တောက်ခုံး'နေထိုင်သည့်ကျွန်းနှင့် အရွယ်အစားချင်း



မကွာလှပေ။

ကမ်းစပ်တလျှောက် အုန်းပင်များစီတန်းကာ ပေါက်ရောက်လျက်ရှိပြီး လေတိုက်လျှင် ယိမ်းကသည့်အလား ဘယ်ညာယိမ်းနေသည်မှာ အလွန်ကြည့်ကောင်းလှပေသည်။

'ရသေ့တောက်ချိန်' နေထိုင်သည့်ကျွန်းကား စတုဂံပုံသဏ္ဌာန်ရှိလေသည်။

ကျွန်းပတ်လည်ကမ်းခြေမှာ ဖြူလွလွသဲသောင်ပြင်ကြီးဖြစ်လေသည်။

အုန်းပင်များလည်း စီတန်းကာ ပေါက်ရောက်လျက်ရှိလေသည်။

သောင်ပြင်မှနေ၍ ကျွန်းအတွင်းပိုင်းသို့ ခြေလှမ်း တစ်ရာငါးဆယ်ခန့် ဝင်သွားလျှင် ရသေ့တောက်ကျို၏ ကျွန်းကလေးနှင့်တူပြီး သဲများမတွေ့ရတော့ပါ။

မြေသားများကို စတင်တွေ့ရကာ ပန်းပင်ကြီးငယ်များစွာ အဖူးအပွင့်များကလည်း ရောင်စုံကာ လှချင်တိုင်းလှနေတော့သည်။

ကျွန်းကလေး၏ သာယာတင့်မောဖွယ်ရာများသည် ရသေ့တောက်ကျို၏ကျွန်းကလေးနှင့်ယှဉ်လိုက်လျှင် အနည်းငယ်ပိုပြီး လှပသလိုဖြစ်နေပါတော့သည်။

ရသေ့လေးပါးသည် သုံးလတစ်ကြိမ် အချင်းချင်းတွေ့ဆုံကာ စကားဝိုင်းဖွဲ့တတ်ကြလေသည်။

သိုင်းလောကကို ကျောခိုင်းလိုက်ကြသော်လည်း သူတို့

သည့် သိုင်းပညာကို မေ့ပျောက်ပစ်လိုက်ခြင်းမပြုခဲ့ကြပါချေ။

အချိန်ရှိတိုင်း သိုင်းလေ့ကျင့်ကြသည်။

တရားဓမ္မ ကျင့်ကြံအားထုတ်ကြသည်။

အချင်းချင်းတွေ့ဆုံမိကြသောအခါ သိုင်းပညာနှင့်ပတ်သက်၍လည်းကောင်း၊ တရားဓမ္မနှင့် ပတ်သက်၍လည်းကောင်း တိုင်ပင်ဆွေးနွေးကြသည်။

ပညာချင်း အမြင်ချင်း ဖလှယ်ကြသည်။

ထို့နောက် လူချင်းခွဲကာ ကိုယ်နေထိုင်သောကျွန်းသို့ ကိုယ်စီပြန်ကြလေသည်။

ကုန်သည်ကြီးချိန်စန်း၏ တပည့်အာကျယ်သည် လှေကြီးဖြင့်လိုက်ပါလာယင်း ပင်လယ်ထဲ၌ ရသေ့လေးပါးအား တွေ့ခဲ့ရသည်။

ရသေ့လေးပါး အချင်းချင်းတွေ့ဆုံရန် ကျွန်းများမှထွက်လာချိန်နှင့် တိုက်ဆိုင်ကာ တွေ့ခဲ့ရခြင်း ဖြစ်ပါတော့သည်။

အာကျယ်ထံမှ ရသေ့လေးပါးနှင့် ပတ်သက်သောသတင်းကို ရရှိသွားသည့် မျက်နှာစိမ်းမှာ...

* * *



သုံးလ...။

ရသေ့လေးပါးတွေ့ဆုံနေကျ သုံးလဟူသောအချိန် ကျရောက်လာပြန်ပြီ ဖြစ်လေသည်။

ရသေ့လေးပါးသည် ရသေ့တောက်ကျိ နေထိုင်သောကျွန်း၌ တွေ့ဆုံကြမည် ဖြစ်လေသည်။

တောက်ချိန်ရသေ့က ခရီးထွက်လာယင်း တောက်ကျိနေထိုင်သောကျွန်းအနီးသို့ ရောက်ကာနီး သဲသောင်ပြင်ပေါ်၌ လူတစ်ယောက်လဲကျနေသည်ကို တွေ့ရလေသည်။

တောက်ချိန်ရသေ့ အံ့ဩသွားလေသည်။

“လူတစ်ယောက်ပါလား၊ ရေစီးနဲ့မျောပါလာပြီး သဲသောင်ပြင်ပေါ်တင်နေတာပဲ ဖြစ်မယ်”

ချက်ချင်းပင် လူငယ်အနီးသို့ ချဉ်းကပ်သွားပြီး စစ်ဆေးကြည့်လိုက်လေသည်။

လူငယ်၏တစ်ကိုယ်လုံး အေးစက်ကာ အသားအရေများက ပြာနှမ်းနေသည်။ မလှုပ်မယှက် တောင့်တောင့်ကြီးရှိနေ၏။

လူသေအလောင်းကြီး တစ်လောင်းဟုပင် ထင်မှတ်ရသည်။

သို့သော်...

တောက်ချိန်ရသေ့က နှာဝ၌လက်ဝါးခံကာ စစ်ဆေးကြည့်လိုက်လျှင် အသက်ငွေ့ငွေ့ရှူရှိုက်နေသေးကြောင်း သိလိုက်ရလေတော့သည်။

တောက်ချိန်ရသေ့ ဝမ်းသာသွားလေသည်။

"တော်တော် အသက်ပြင်းတဲ့ကောင်လေးပဲ၊ ဘာပဲဖြစ်ဖြစ် ငါနဲ့တွေ့တာ မင်းကံကောင်းသွားပြီ"

ချက်ချင်းပင် ကောင်လေးကို ပခုံးပေါ်ထမ်းလိုက်၏။

သူ၏လှုပ်ရှားမှုမှာ ညင်သာညက်ညောလှသည်။

ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်သည်နှင့် အဝေးသို့ ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

ကျွန်းအတွင်းပိုင်း၌ စိမ်းလန်းသော သစ်ပင်များရှိနေ၏။

အေးမြသော တောအုပ်တစ်ခုကဲ့သို့ရှိနေသော သစ်ပင်များ အလယ်တွင် ကျောင်းသခ်မ်းလေးတစ်ခု ရှိလေသည်။

ထိုကျောင်းသခ်မ်းလေးပေါ်၌ ရသေ့သုံးပါး ဝိုင်းဖွဲ့ထိုင်ကာ ရေနွေးကြမ်းသောက်နေကြ၏။

ကျွန်းရှင် တောက်ကျိုရသေ့နှင့် မကြာသေးမီက ရောက်ရှိလာကြသော တောက်ဂူရသေ့၊ တောက်ခုံးရသေ့တို့ ဖြစ်ကြလေသည်။

ရသေ့လေးပါး ဆုံတွေ့နေကျဖြစ်သော်လည်း ယခု သုံးပါးသာ ရှိနေပါသေး၏။

တောက်ဂူရသေ့က ရေနွေးကြမ်းတစ်ကျိုက်သောက်လိုက်ပြီး...



"တောက်ချိန်ရသေ့ နောက်ကျနေပါလား"

ဟုရေရွတ်လိုက်လေသည်။

တောက်ခုံးရသေ့က...

"ခါတိုင်းဆို သူက အယင်ဆုံး ရောက်နေတတ်တာ၊ ခုတစ်ကြိမ် နောက်ကျနေတာ အကြောင်းထူးရှိမယ်ထင်တယ်"

တောက်ကျိုရသေ့ ပြုံးလိုက်လေသည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့လေ၊ သူလာနေပါပြီ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

"ဟူး"

အဝတ်အစားလေတိုးသံနှင့်အတူ တောက်ချိန်ရသေ့ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

သူက တစ်ယောက်ထဲ ရောက်လာခြင်းတော့ မဟုတ်ပါ။

လူငယ်တစ်ယောက်အား ပခုံးပေါ်ထမ်းကာ အဖော်ခေါ်လာခြင်း ဖြစ်လေသည်။

တောက်ကျိုရသေ့၊ တောက်ဂူရသေ့နှင့် တောက်ခုံးရသေ့တို့ အံ့သြသွားကြလေသည်။

တောက်ချိန်ရသေ့က....

"ကျုပ်က သည်ကိုလာယင်း ကမ်းခြေမှာ လဲကျနေတဲ့လူငယ် တစ်ယောက်ကိုတွေ့လို့ ခေါ်လာခဲ့တာ၊ လူတစ်ယောက်ရဲ့အသက် တစ်ချောင်းကို ကယ်ကောင်းတယ်လို့ ထင်မိတာပဲ"

ပခုံးပေါ်မှ ကောင်လေးအား ဖရပ်ပေါ် အသာအယာချ

လိုက်လေသည်။

တောက်ဂူ၊ တောက်ခုံးနှင့် တောက်ကျိုရသေ့သုံးပါး အချင်းချင်းကြည့်လိုက်ကြလေသည်။

တောက်ဂူက...

"မှန်းစမ်း"

ကြမ်းပြင်ပေါ် မလှုပ်မယှက်ရှိနေသော ကောင်လေး၏ ဇက်ကြောမှ သွေးကြောနေရာနှစ်ခုကို လက်ညှိုးဖြင့် ဆတ်ခနဲ ထိုးလိုက်လေသည်။

တဆက်တည်းပင် နှာခေါင်းအောက်ဘက်မှ နှုတ်ခမ်းစပ်ကို လက်မဖြင့် အသာထောက်လိုက်ရာ...

"အင့်"

မသဲမကွဲညည်းညူသံနှင့်အတူ ကောင်လေး လှုပ်လှုပ်ရှားရှားဖြစ်လာလေတော့သည်။

"ဝေါ့"

ပါးစပ်ထဲမှ ရေများအန်ချလိုက်လေသည်။

ဝေါ့ဝေါ့ဖြင့် ရေများ သုံးလေးကြိမ် အန်ထုတ်လိုက်ပြီးနောက် မျက်လုံးပွင့်လာလေတော့သည်။

အနီးပတ်ဝန်းကျင်၌ ရသေ့လေးပါး ဝိုင်းနေသည်ကိုမြင်လျှင် ထိတ်လန့်တုန်လှုပ်သွားဟန်ဖြင့် လူးလိမ့်ထလိုက်လေသည်။

သို့သော် အားအင်ကုန်ခမ်း ချည့်နဲ့နေသည်ဖြစ်ရကား ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြန်လည်လဲကျသွားတော့သည်။



တောက်ကျို ခေါင်းခါယမ်းလိုက်လေသည်။

"ကောင်လေး..မင်း အားမရှိသေးဘူး၊ မထနဲ့၊ အသာလေး လှဲနေပါကွယ်"

ဂရုဏာသက်စွာ ပြောလိုက်လေသည်။

တောက်ကျိုရသေ့၏ ဂရုဏာအသံကြောင့် ကောင်လေး ကြောက်ရွံ့စိတ်များ လျော့ပါးသွားလေသည်။

ကြမ်းပြင်ပေါ်၌ အသာမှိန်းနေလိုက်လေတော့သည်။

ရသေ့လေးပါး အချင်းချင်းကြည့်လိုက်ကြသည်။

"ကဲ..သူအနားယူပါစေ"

တောက်ကျိုရသေ့က ထသွားရာ ကျန်သုံးယောက်လည်း လိုက်သွားကြလေသည်။

မလှမ်းမကမ်း တစ်နေရာ၌ သွားရောက်ဝိုင်းဖွဲ့ထိုင်ကာ တိုင်ပင်ဆွေးနွေးလိုက်ကြလေသည်။

တောက်ခုံး၊ တောက်ဂူနှင့်တောက်ချိန်တို့က အကြီးဆုံးဖြစ်သော တောက်ကျိုရသေ့ကို ကြည့်လိုက်ကြသည်။

တောက်ခုံးက...

"အစ်ကိုကြီးတောက်ကျိုပြောတာ မှန်နေပြီ"

ဟုပြောလျှင် တောက်ချိန်နှင့်နှင့်တောက်ဂူတို့ ခေါင်းညိတ်လိုက်ကြလေသည်။

တောက်ကျိုရသေ့၏မျက်နှာ တည်ကြည်လေးနက်နေ၏။ တစ်ည...။

ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်၌ရှိနေစဉ် မိုးကောင်းကင်ပေါ်မှ နက္ခတ်တာရာများနှင့် ဥက္ကာခဲများ၏ ထူးခြားမှုကိုတွေ့မြင်ခဲ့ရပြီး အတိတ်နိမိတ် ကောက်ယူခဲ့လေသည်။

သူတို့လေးယောက်၏ ပညာအမွေကို ခံယူမည့်သူတစ်ယောက်ပေါ်ပေါက်လာလိမ့်မည်ဟု အတိတ်ကောက်ယူခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို တောက်ကျိုက ကျန်ရသေ့သုံးပါးအား ပြောပြထားပြီး ဖြစ်လေသည်။

ထို့ကြောင့် တောက်ခုံးက ပြောလိုက်ခြင်းဖြစ်သည်။

တောက်ဝူက...

"အစ်ကိုကြီးတောက်ကျိုက သူကောက်ယူထားတဲ့ နိမိတ်ပုံ အကြောင်းပြောပြပြီးကတည်းက ကျုပ်တို့ဆီက ပညာအမွေဆက်ခံမယ့်သူ ဘယ်သူဖြစ်နိုင်မလဲလို့ သတိထားစောင့်ကြည့်နေခဲ့တာ၊ ပင်လယ်ခရီးသွားလှေကြီး တစ်စီးပေါ်မှာ လူငယ်တစ်ယောက်ကိုတွေ့လို့ သူများဖြစ်နိုင်မလား ထင်မိသေးတယ်လို့ ကျုပ်ပြောဖူးသေးတာပဲ"

ကုန်လှေကြီးပေါ်၌ လိုက်ပါလာသော အာကျယ်ကိုရည်ရွယ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

တောက်ဝူရသေ့က...

"အခုတွေ့ရတဲ့ကောင်လေးကလည်း ကျုပ်တို့ မျှော်လင့်နေတဲ့ကောင်လေး ဟုတ်မဟုတ် တတ်အပ်သေချာ မပြောနိုင်သေးပါဘူး၊ သူ့ရဲ့အကျင့်စရိုက်၊ မျိုးရိုးဗီဇနဲ့ ပညာအမွေခံယူနိုင်မယ့်လူ ဟုတ်မဟုတ်ဆိုတာ အင်မတန် သတိထားပြီး စစ်ဆေးကြည့်ရမှာပါ၊ သူဟာ လူကောင်းတစ်ယောက် မဟုတ်ခဲ့ဘူးဆိုယင်တော့ ကျုပ်တို့ ပညအမွေပေးမိယင် ကောင်းကျိုးထက်ဆိုးကျိုးကိုပဲ ဖြစ်ပေါ်စေတော့မှာ မဟုတ်လား"



သူ၏သဘောထားကို ရှင်းပြလိုက်ခြင်း ဖြစ်လေသည်။

အကြီးဆုံးဖြစ်သော တောက်ကျိုက...

"သိပ်လည်း စိတ်မပူကြပါနဲ့ဦးလေ၊ အမှန်ကိုပြောရယင် ကျုပ် တွက်ချက်ထားတဲ့အတိုင်းဆိုယင် သည်ကနေ့ သည်အချိန် ကျုပ်တို့လေးယောက်ဆုံတွေ့မိတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတဲ့လူဟာ ကျုပ်တို့ရဲ့ပညာအမွေကို ဆက်ခံနိုင်မယ့်လူပါပဲ၊ ရှေးရေစက် ဆုံစည်းမိတဲ့အချိန်လို့ ဆိုရမှာပေါ့"

ဟုပြောလေသည်။

တောက်ကျိုရသေ့သည် နက္ခတ်တာရာများအကြောင်းနှင့် ဗေဒင်လက္ခဏာပညာရပ်များကို နားလည်ကျွမ်းကျင်ထားသူ ဖြစ်လေသည်။

တောက်ကျိုရသေ့က ဆက်ပြောသည်။

"ဒါပေမယ့် အစ်ကိုလေးပြောသလို ကောင်လေးကို စောင့်ကြည့်တာ မမှားပါဘူး၊ ဘယ်ကိစ္စမဆို သတိဝီရိယထားပြီး ဆောင်ရွက်တာ အကောင်းဆုံးပဲ မဟုတ်လား"

ရသေ့လေးပါးသည် ကောင်လေးနှင့် ပတ်သက်ပြီး အချင်း

ချင်းဆွေးနွေး တိုင်ပင်လိုက်ကြလေသည်။

ထို့နောက် ကောင်လေးဘက်သို့ ပြန်လှည့်လိုက်ကြသည်။

ထိုအခါ ကောင်လေးသည် လဲလျောင်းမနေတော့ဘဲ ကြမ်းပြင်ပေါ်ထထိုင်နေပြီ ဖြစ်သည်ကို တွေ့လိုက်ရလေသည်။

ရသေ့လေးပါးလည်း ကောင်လေးအနီးသို့ လှမ်းသွားလိုက်ကြလေတော့သည်။

* * *



ကောင်လေး အသက်ဘေးမှ လွတ်မြောက်လာခဲ့ပြီဖြစ်လေသည်။

ရေထဲ၌ အချိန်အတော်ကြာ နေခဲ့ရခြင်းကြောင့် ဖြူဖွေးနေသောမျက်နှာမှာ သွေးရောင်သန်းလာပြီဖြစ်သည်။

ရသေ့လေးပါးက ကောင်လေးအနီးသို့ ရောက်ရှိသွားကြလေသည်။

ကောင်လေးသည် မျက်လုံးလေးကြောင်စီစီဖြင့် ငေးကြည့်နေ၏။

တောက်ကျိုက ဦးဆောင်ကာ မေးလိုက်သည်။

"ကောင်လေး...မင်းက ဘယ်သူလဲ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ၊ သည်ကျွန်းကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ပြောပါဦး"

ကောင်လေးမှာ လိမ္မာယဉ်ကျေးသူလေး ဖြစ်ပါသည်။

ရသေ့လေးပါးအား ဦးညွှတ်ဂါရဝပြုလိုက်သေည်။

တဖန်....

"ကျွန်တော့်နာမည် လှိုဖုန်းဝေလို့ခေါ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်အဖေဟာ ဖွဲမာန်အာမခံဌာနပိုင်ရှင်ပါ၊ ကျွန်တော်တို့သားအဖတွေဟာ အာမခံပစ္စည်းတွေ သယ်ဆောင်ပြီး ကောက်ကျင်းနယ်ကို လာခဲ့ကြတာပါ"

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ထိုကောင်လေးကား တောင်ထိပ်ပေါ်မှနေ၍ ချောက်ထဲကျသွားသော လှိုဖုန်းဝေဖြစ်ပါသည်။

လှိုဖုန်းဝေသည် ရေစီးသန်လှသော ချောင်းထဲမှတဆင့် ပင်လယ်ထဲသို့တိုင် မျောပါသွားခဲ့ခြင်း ဖြစ်သည်။

ပင်လယ်ထဲတွင် ခြောက်ရက်လုံးလုံး မျောပါနေခဲ့ပြီးမှ တောက်ကျိုရသေ့ နေထိုင်သောကျွန်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတော့သည်။

ရသေ့လေးပါး အချင်းချင်းကြည့်လိုက်ကြလေသည်။

လှိုဖုန်းဝေမှာ လူကောင်းလေးတစ်ယောက် ဖြစ်ကြောင်း နားလည်သွားကြသည်။

သူ၏အစ်ကိုနှင့် ဖခင်ဖြစ်သူတို့ဟာ ရွှေမျက်နှာ၏ လက်ချက်ဖြင့်သေဆုံးသွားကြပြီဖြစ်ကြောင်းလည်း တွေးမိလိုက်ကြ၏

ဖွဲမာန်အာမခံဌာန ပျက်စီးသွားသလို လှိုဖုန်းဝေမှာ မိဘမဲ့ကစ်ကောင်ကြွက်လေး ဖြစ်ရချေပြီ။

သို့တိုင်...

လှိုဖုန်းဝေသည် သူ၏ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့ အသက်ရှင်နေဦးမည်၊ သူ့အား လိုက်လံရှာဖွေကြလိမ့်မည်ဟု ယုံကြည်နေကြောင်း တွက်ဆမိကြသည်။

တောက်ကျိုရသေ့က....

"အင်း..မင်းရဲ့အဖြစ်က အတော်ဆိုးဝါးပါလား၊ အေးလေ ငါတို့ဆီကိုရောက်လာပြီဆိုတော့ ဘာမှပူစရာမလိုတော့ပါဘူး၊ ကဲ



အနားယူလိုက်ဦး၊ ဟုတ်ပြီလား"

လှိုဖုန်းဝေအား အစာရေစာများ ကျွေးမွေးပြီး အခန်း တစ်ခန်းပေးကာ အနားယူစေလိုက်လေသည်။

လှိုဖုန်းဝေမှာ ကံကောင်းထောက်မကာ အသက်ချမ်းသာရာရခဲ့ပြီး ရသေ့လေးပါးနှင့် ဆုံတွေ့မိခြင်းကြောင့် သူ၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရလေတော့သည်။

* * *

## ပညာအမွေ

လျှို့ဖုန်းဝေသည် တောက်ကျိုရသေ့ စီစဉ်ပေးသည့် အခန်းတွင်း၌ အနားယူယင်း အိပ်ပျော်သွားခဲ့လေသည်။

ထိုအချိန်တွင် ရသေ့လေးပါးက လျှို့ဖုန်းဝေနှင့် ပတ်သက်ပြီး အချင်းချင်း တိုင်ပင်ပြောဆိုနေကြလေသည်။

တောက်ကျို၏မျက်နှာ ပြုံးရွှင်နေသည်။

အလွန်ပင် အားရကျေနပ်နေသည့်အသွင်မျိုး ဖြစ်လေသည်။

"ကျုပ် တွက်ကိန်းမှန်နေပြီလို့ ပြောရတော့မှာပဲ၊ ကျုပ်တို့ရဲ့ပညာတွေ အလဟဿမဖြစ်နိုင်တော့ဘူး"

ရသေ့လေးပါးသည် သူရဲကောင်းလေးယောက်ဖြစ်ခဲ့သလို သူတို့၏ သိုင်းပညာ ထက်မြက်မှုရှိလေသည်။



ရသေ့ဝတ်ပြီး ပင်လယ်ကျွန်းများ၌ နေထိုင်ကြယင်း သိုင်းပညာဆက်လက်လေ့ကျင့်ခဲ့ကြရာ ယခုအချိန်တွင် သူတို့၏ သိုင်းပညာ အထွဋ်အထိပ်ရောက်နေပြီ ဖြစ်ပါသည်။

ရသေ့လေးပါးမှာ အသက်အရွယ် ကြီးရင့်လာကြသကဲ့သို့ လေးပါးဆုံမိတိုင်း သူတို့ကွယ်လွန်သွားပါက နှစ်ပေါင်းများစွာ သူတို့လေ့ကျင့်ထားခဲ့သော ပညာများ အကျိုးမဲ့ဖြစ်သွားမည်ကို စိုးရိမ်ပူပန်မိကြလေသည်။

သူတို့က အမှောင်ဂိုဏ်းအား ချေမှုန်းပြီးနောက် သိုင်းလောကအေးချမ်း သာယာသွားခဲ့သော်လည်း ယခုတော့ အခြေအနေများ ပြောင်းလဲနေပြီ ဖြစ်လေသည်။

သိုင်းသမားဆိုးများ အမှောင်လောကသားများ ပြန်လည်ထကြွသောင်းကျန်းလာကြသည်။

သိုင်းလောကကြီး ဆူပူလှုပ်ရှားလာသည်။

ထိုသတင်းများ ကြားသိရလျှင် ရသေ့လေးပါး ရတက်မအေးနိုင်အောင် ဖြစ်ရလေတော့သည်။

သူတို့၏ပညာများလည်း အလဟဿမဖြစ်ရလေအောင် သိုင်းသမားဆိုးများကိုလည်း နှိမ်နင်းနိုင်အောင် တပည့်တစ်ယောက်မွေးကာ ပညာအမွေပေးလိုကြသည်။

တပည့်ဖြစ်သူက သူတို့၏ ပညာများကို အမွေဆက်ခံကာ သိုင်းလောက၌ မကောင်းသူပယ် ကောင်းသူကယ် အေးချမ်းသာယာသွားအောင် ရသေ့လေးပါးကိုယ်စား တာဝန်ယူဆောင်ရွက်ရ

မည် ဖြစ်လေသည်။

တောက်ချိန်၊ တောက်ဂူးနှင့် တောက်ခုံးတို့သည် ဝါရင့်သမ္မာရင့်များဖြစ်ကြ၍ လှိုဖုန်းဝေအား တစ်ချက် အကဲခတ်လိုက်သည်နှင့် မည်သို့သော လူစားမျိုးဖြစ်ရမည်ဟုသုံးသပ်နိုင်ခဲ့ကြရာ ကန့်ကွက်စရာအကြောင်း မရှိကြပါချေ။

သို့တိုင်...

"အစ်ကိုကြီး..ခဏလောက်တော့ စောင့်ကြည့်ယင် မကောင်းဘူးလား"

"တစ်လ၊ နှစ်လလောက်ဆိုယင် ရပါပြီ၊ ကျုပ်တို့ လူကဲခတ်ညံ့ကြတာ မဟုတ်ပါဘူး၊ အချိန်နည်းနည်းရယင် သူဘယ်လိုလူစားဆိုတာ ဆုံးဖြတ်နိုင်ပါတယ်"

"ခုချိန်မှာ သူ့အဖေနဲ့အစ်ကိုအတွက် စိုးရိမ်ပူဆွေးနေဦးမှာပါ၊ သိုင်းပညာသင်ပေးမယ်ဆိုယင်တောင် စိတ်ပါလက်ပါ ရှိဦးမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ရဲ့စိတ် တည်ငြိမ်မှုလည်းရအောင် ကျုပ်တို့လည်း စောင့်ကြည့်အကဲခတ်နိုင်အောင် အချိန်ယူလိုက်တာ အကောင်းဆုံးဖြစ်မှာပါ"

ဟူ၍ သူတို့၏ သဘောထားများကို ပြောပြကြလေသည်။

အကြီးဆုံးဖြစ်သော တောက်ကျိုရသေ့ကလည်း လက်ခံလိုက်လေတော့သည်။

* * *



ဆန္ဒ

လှိုဖုန်းဝေသည် သိုင်းလောက သူရဲကောင်းလေးဦး(ဝါ) ရသေ့ကြီးလေးပါးထံသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

ရသေ့လေးပါး သုံးသပ်ထားသကဲ့သို့ လှိုဖုန်းဝေက အသက်ရှင်သန် လွတ်မြောက်ခဲ့သော်လည်း ပျော်ရွှင်မှုမရှိခဲ့ပါချေ။

အချိန်ရှိသရွေ့ ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့အား တွေ့လိုသောဆန္ဒဖြင့် ပင်လယ်ကမ်းခြေသဲသောင်ပြင်သို့ဆင်းကာ မျှော်နေတတ်လေသည်။

တစ်ရက်။

နှစ်ရက်။

သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ရသေ့လေးပါးက လှိုဖုန်းဝေ စားသောက်နေထိုင်ရေးအတွက် လိုလေသေးမရှိအောင် စီစဉ်ပေးကြလေသည်။

လှိုဖုန်းဝေ၏ အခြေအနေကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြလေသည်။

သို့ဖြင့် တစ်လဟူသောအချိန် ကုန်ဆုံးသွားခဲ့လေတော့သည်။

* * *

တစ်လ...။

တစ်လအတွင်း လှိုဖုန်းဝေမှာ တဖြည်းဖြည်း ပြောင်းလဲလာလေသည်။

မိုးလင်းမိုးချုပ် သဲသောင်ပြင်သို့သွားကာ ဖခင်နှင့်အစ်ကို ရောက်လာလေမည်လားဟု သွားရောက်စောင့်မျှော်နေခြင်းမျိုး မရှိတော့ပါ။

သူ၏စားဝတ်နေရေးကို တာဝန်ယူထားသော ရသေ့လေးပါးကို အားတုန့်အားနာဖြစ်ကာ ဝေယျာဝစ္စကိစ္စများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး အားလပ်သည့်အချိန်မှ သဲသောင်ပြင်သို့ သွားတော့သည်။

ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့ သူ့ထံသို့ရောက်မလာနိုင်တော့ဟုလည်း ယုံကြည်လာသည့် သဘောဖြစ်လေသည်။



လှိုဖုန်းဝေ တစ်စထက်တစ်စ ပြောင်းလဲလာသည်ကို ရသေ့လေးပါး သတိပြုမိကြပြီး သူတို့မျှော်လင့်စောင့်စားနေသော အချိန်သို့ ရောက်လာတော့မည်ဟု ယုံကြည်နေကြလေသည်။

တစ်နေ့...။

လှိုဖုန်းဝေက တောက်ကျိုရသေ့အား ခွင့်တောင်းလေသည်။

"ရသေ့ကြီးခင်ဗျာ၊ ကျွန်တော့်ကို သည်နေရာက ထွက်သွားခွင့်ပြုပါ ခင်ဗျာ"

တောက်ကျို ခေါင်းညိတ်လိုက်သည်။

"မင်းလည်း နေကောင်းပြီး ကျန်းမာလာပြီပဲ၊ သွားမယ်ဆိုယင် သွားနိုင်ပါတယ်ကွယ်"

"ကျေးဇူးပါပဲခင်ဗျာ"

လှိုဖုန်းဝေက ဦးညွတ်ပြီးမေးလေသည်။

"ကျွန်တော် ဘယ်လိုထွက်သွားရမယ်ဆိုတာ ကျေးဇူးပြုပြီး လမ်းညွှန်ပေးစေချင်ပါတယ် ခင်ဗျာ"

တောက်ကျို ခေါင်းကုပ်လိုက်လေသည်။

"အဲဒါ ခက်တာပဲ၊ 'လှေ' ဒါမှမဟုတ် 'ဖောင်' နဲ့မှ ပင်လယ်ကိုဖြတ်သန်းသွားနိုင်မှာ၊ ဒါတွေ ကျုပ်တို့မှာမရှိဘူး၊ မင်းဘာသာ လုပ်ယူမှရနိုင်မှာကွယ့်"

လှိုဖုန်းဝေကလည်း မလုပ်တတ်မကိုင်တတ် ဖြစ်ရကား အခက်ကြုံသွားလေတော့သည်။

တောက်ကျဲကို အားကိုးတကြီး ကြည့်လိုက်လေသည်။

"ရသေ့ကြီး လိုက်ပို့ပေးလို့ကော မဖြစ်နိုင်ဘူးလားခင်ဗျာ" တောက်ကျဲ ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်ဘူးကွယ့်၊ ကျုပ်တို့ဟာ ကျွန်းလေးကျွန်းကနေ တဖဝါးမခွာတော့ဘူးလို့ သစ္စာဆိုထားကြတာကြောင့် မင်းကိုလိုက်ပို့ပေးချင်တာတောင် ပို့ပေးလို့ မဖြစ်နိုင်တော့ပါဘူးကွယ်"

လျှံဖုန်းဝေ စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

ဤအတိုင်းဆိုလျှင် ကျွန်းလေးကျွန်းမှ ထွက်သွားရန် ဖြစ်နိုင်တော့မည် မဟုတ်ကြောင်း နားလည်လိုက်၏။

ရသေ့ကြီးများက သူ့အား ကယ်တင်စောင့်ရှောက်ထားခြင်းကြောင့် အပြစ်တင်ရန်လည်း မဖြစ်နိုင်ပါ။

ရသေ့ကြီးလေးပါးနှင့် အတူနေရုံမှလွဲပြီး အခြားနည်းလမ်း မရှိတော့ပြီ။

လျှိုဖုန်းဝေ ကျွန်းပေါ်မှ ထွက်သွားလိုစိတ်ကို မေ့ပျောက်ထားလိုက်ရလေတော့သည်။

* * *



လျှိုဖုန်းဝေသည် ကျွန်းပေါ်မှ ရုတ်တရက် ထွက်သွားရန် မဖြစ်နိုင်တော့ခြင်းကြောင့် ထွက်သွားလိုစိတ်ကို မေ့ပျောက်ထားလိုက်ပြီး ပျော်သလို နေလိုက်တော့သည်။

ရသေ့လေးပါး၏ ဝေယျာဝစ္စများကို လိုလေသေးမရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးသည်။

ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းပေးသည်။

သို့ဖြင့်...

နောက်ထပ်သုံးလခန့် ကြာသွားသောအခါ ခါတိုင်းလို မှိုင်တွေငေးမောနေခြင်းမျိုး မရှိတော့ဘဲ လန်းဆန်းတက်ကြွပြီး ပျော်ပျော်နေတတ်သော ကောင်လေးတစ်ယောက်အဖြစ် ပြောင်းလဲသွားတော့သည်။

ရသေ့ကြီးလေးပါးနှင့်လည်း ပို၍ရင်းနှီးလာသကဲ့သို့ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်တာလာခဲ့ကြလေတော့သည်။

ဤတွင် အခြေအနေ အချိန်အခါကို စောင့်ကြည့်နေသော တောက်ကျဲရသေ့က စကားစလိုက်လေသည်။

"လျှိုဖုန်းဝေ..မင်းသည်က ထွက်သွားလို့လည်း မရသေးဘူး၊ သည်မှာ ခုအတိုင်းနေယင်လည်း အကျိုးရှိမှာမဟုတ်ဘူး၊ သည်တော့ မင်းဘဝအတွက် အဓိပ္ပါယ်ရှိတဲ့ အလုပ်တစ်ခုခုလုပ်ယင်ကောင်းမယ်လို့ ငါယူဆတယ်၊ မင်းရဲ့သဘောဆန္ဒကကော ဘယ်လိုလဲ ပြောပါဦး"

လှိုဖုန်းဝေသည်လည်း ယခုကဲ့သို့ နေထိုင်ရသည်မှာ ပျင်းရိစရာကောင်းပြီး အဓိပ္ပါယ်ကင်းမဲ့လှသည်ဟု ယူဆထားပြီးဖြစ်သည်။

ဖခင်ကြီး လှိုစန်းက သူ့အား စာပေပညာသင်ပေးထားသကဲ့သို့ လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်အောင် မည်သို့ပြုမူပြောဆိုကျင့်ကြံနေထိုင်ရမည်ကို သွန်သင်ညွှန်ပြ ဆုံးမထားခဲ့လေသည်။

လှိုဖုန်းဝေကိုယ်တိုင်က ဥာဏ်ရည်ထက်မြက်သကဲ့သို့ နှလုံးသားဖြူစင်ကာ မကောင်းမှုကို ရွံရှာမုန်းတီးသူဖြစ်ပါသည်။

ထို့ကြောင့်လည်း တောက်ကျိရသေ့ဆိုလိုသည့် သဘောအဓိပ္ပါယ်ကို ကောင်းစွာ နားလည်ထားလေတော့သည်။

"ကျွန်တော်ဟာ သည်ကျွန်းကနေပြီး ရုတ်တရက် ထွက်သွားနိုင်ဦးမှာ မဟုတ်သေးတဲ့အတွက် အချိန်တွေ အလဟဿမဖြစ်ရလေအောင် အကျိုးရှိတဲ့အလုပ်တစ်ခုခု လုပ်ချင်ပါတယ်ခင်ဗျာ"

တောက်ကျိ ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းသည်မှာ နေရဦးမယ်ဆိုတာ ပထမဦးဆုံး အချက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဖြင့် ငါတို့က မင်းကိုလက်ခံနိုင်မလား၊ လက်မခံနိုင်ဘူးလားဆိုတာ အယင်ဆုံးမေးရမယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

တောက်ကျိက…

"ဒါဖြင့် မင်းဘာကြောင့် မမေးသေးတာလဲ"



လှိုဖုန်းဝေက ဦးညွှတ်လိုက်လေသည်။

"ကျွန်တော့်ကို သည်မှာ နေထိုင်ခွင့်ပြုဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

ထိုစကားကြားလျှင် တောက်ကျိ ကျေနပ်သွားလေသည်။

"ကောင်းတယ်..ကောင်းတယ်"

ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ငါတို့က မင်းကို လက်ခံချင်နေတာပါ၊ မင်းက ခုလိုခွင့်တောင်းတာတော့ ခွင့်မပြုနိုင်စရာအကြောင်း မရှိပါဘူး၊ ကျွန်းလေးကျွန်းမှာ မင်းကြိုက်သလောက် နေနိုင်ပါတယ်ကွယ်"

"ကျေးဇူးကြီးလှပါတယ် ခင်ဗျာ"

တောက်ကျိက…

"မင်းက သည်မှာနေပြီး ဘဝအတွက် အကျိုးရှိမယ့် အလုပ်တစ်ခုခု မလုပ်ချင်ဘူးလား"

"ဟုတ်ကဲ့ ကျွန်တော် လုပ်ချင်ပါတယ် ခင်ဗျာ"

"ဒါဖြင့် မင်းကို မေးရဦးမယ်၊ မင်း သိုင်းပညာမသင်ချင်ဘူးလား"

"ကျွန်တော်…"

လှိုဖုန်းဝေက မော့ကြည့်လိုက်လေသည်။

တောက်ကျိ ထပ်မေးလိုက်သည်။

"မင်းက သိုင်းပညာ မသင်ချင်ဘူးလား"

လှိုဖုန်းဝေ သက်ပြင်းချလိုက်သည်။

"ကျွန်တော် မသင်ချင်ပါဘူး ခင်ဗျာ"

သူက ငြင်းလိုက်ခြင်းကြောင့် တောက်ကျို အံ့သြသွားလေတော့သည်။

လှိုဖုန်းဝေကို မယုံနိုင်စွာ ကြည့်လိုက်လေသည်။

"မင်းဘာကြောင့် သိုင်းပညာမသင်ချင်တာလဲ၊ ပြောပါဦး"

"ကျွန်တော် မုန်းတီးလို့ပါ ခင်ဗျာ"

"ဟေ"

လှိုဖုန်းဝေက အံတင်းတင်းကြိတ်ကာ ပြောလိုက်သည်။

"သိုင်းပညာကို ကျွန်တော် အလွန်မုန်းတီးစက်ဆုပ်ပါတယ် ခင်ဗျာ"

တောက်ကျို စိတ်ပျက်ပြီး ခေါင်းခါယမ်းလိုက်လေတော့သည်။

"ငါ မှားသွားပြီ"

ဟုလည်း ညည်းတွားလိုက်လေသည်။

လှိုဖုန်းဝေက ငေးကြည့်နေ၏။

တောက်ကျိုက...

"ကောင်းပြီလေ၊ မင်း အနားယူလိုက်ပါဦး၊ နောက်မှ တို့တွေအေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟုပြောလိုက်လေတော့သည်။

* * *



## သိုင်းပညာ

လှိုင်းလုံးများက ကျောက်ဆောင်ကြီးကို ဝုန်းခနဲ ဝုန်းခနဲ လာရောက်ရိုက်ခတ်လျက်ရှိသည်။

စင်ရော်ငှက်တစ်အုပ်က အသံစာစာပေးကာ ပျံသန်းသွားလေသည်။

ကျောက်ဆောင်ကြီးပေါ်၌ လှိုဖုန်းဝေ ထိုင်ကာ ပင်လယ်ပြင်ကြီးကို ငေးမောကြည့်နေ၏။

"ဖေဖေနဲ့အစ်ကိုကြီးတို့ ဘယ်ရောက်နေကြပြီလဲ"

"သူတို့ အသက်ရှင်နေသေးရဲ့လား"

"ငါ့ဆီကို လာနိုင်ကြပါ့မလား"

"ငါတို့သားအဖသုံးယောက် သည်တစ်သက်မှာ ပြန်ပြီးဆုံတွေ့နိုင်ပါဦးမလား"

အမျိုးမျိုးတွေးတော စဉ်းစားနေမိလေသည်။

အတွေးများအဆုံးတွင် နောက်ဆုံး သူတစ်ယောက်ထဲသာ အထီးကျန်ရှိနေသည်ကို သတိပြုမိလိုက်သည်ချည်း ဖြစ်လေသည်။

"ငါကော ပင်လယ်ထဲမှာ တစ်သက်လုံးနေသွားရတော့မှာလား"

"ရသေ့ကြီးတွေက ကျွန်းပေါ်က တဖဝါးမခွာဘူးလို့ သစ္စာဆိုထားကြတော့ ငါ့ကို လိုက်ပို့ပေးနိုင်ကြမှာလည်း မဟုတ်ဘူး၊ ငါတစ်ယောက်ထဲနဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်သွားဖို့ဆိုတာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ငါ ဘာလုပ်ရမလဲ"

လှိုဖုန်းဝေ တွေးတောစဉ်းစားယင်း ဦးခေါင်းထဲ မူးနောက်လာလေသည်။

ဆက်လက်တွေးတောခြင်း မပြုတော့ဘဲ မျက်လုံးစုံမှိတ်ကာ အနားယူနေလိုက်သည်။ တဖန်...

ထိုင်ရာမှထရပ်ကာ ခြေလက်လှုပ်ရှား ဆန့်တန်းယင်း အသက်ပြင်းပြင်း ရှူရှိုက်လိုက်လေသည်။

တခဏအတွင်း ပြန်လည်၍ လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

ပင်လယ်ကမ်းခြေသို့ လာရောက်အချိန်ဖြုန်းသကဲ့သို့ ရှိနေခြင်းကြောင့် ကျောက်ဆောင်ပေါ်မှဆင်းကာ ကျောင်းသင်္ခမ်းဘက်သို့ပြန်လာခဲ့လေသည်။



သဲသောင်ပြင်ကိုဖြတ်ကာ ကျွန်းအတွင်းပိုင်းသို့ ဝင်လာခဲ့ယင်း တစ်နေရာသို့အရောက်တွင် ထူးခြားသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

အပွင့်များဝေဝေဆာဆာ ဖူးပွင့်နေသည့် စကားဝါပင်ကြီး တစ်ပင် ဖြစ်သည်။ အလွန်လှပပြီး ကြည့်ကောင်းလှပေသည်။

ထိုစကားဝါပင်ကြီးအောက်၌ ရသေ့ကြီးလေးပါး ရှိနေပါသည်။

ရသေ့လေးပါးသည် တစ်ယောက်တစ်နေရာစီခွဲကာ စတုရန်းပုံအကွာအဝေးညီစွာ မျက်နှာချင်းဆိုင် ထိုင်နေကြခြင်းဖြစ်လေသည်။

သူတို့ ထိုင်နေကြသည့်ပုံဟန်မှာ အတွင်းအားလေ့ကျင့်နေကြပုံမျိုး ဖြစ်လေသည်။

လှိုဖုန်းဝေသည် ရသေ့လေးပါးအား တွေ့လိုက်ရသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

အသံမထွက်အောင်လည်း ဂရုစိုက်လိုက်သည်။

ရသေ့လေးပါးက ကျောက်ရုပ်များအလား မလှုပ်မယှက် ရှိနေကြသည်။

လက်ဝါးနှစ်ဘက်ကို ပေါင်ပေါ်တင်ထားကာ မျက်လွှာချထားကြသည်။

လှိုဖုန်းဝေ အကဲခတ်ကြည့်နေစဉ် အကြီးဆုံးဖြစ်သော တောက်ကျိုရသေ့က စတင်လှုပ်ရှားလိုက်လေသည်။

တောက်ကျိုက လက်တစ်ဘက်ကို ဆန့်ထုတ်လိုက်၏။

လက်ဝါးလှန်ကာ တစ်စုံတစ်ခုအား အပေါ်သို့ပင့်တင်လိုက်ပုံနှင့်တူလှပေသည်။

"ဟူး"

ရုတ်တရက် ငြိမ်သက်နေသော လေထုတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

လေပွေလှိုင်းများ ဖြစ်ပေါ်လာကာ စကားဝါပင်ကြီး ယိမ်းနွဲ့လှုပ်ရှားသွားလေတော့သည်။

ဝေဝေဆာဆာ ပွင့်ဖူးနေသော စကားဝါပွင့်များလည်း တဖြုတ်ဖြုတ် ကြွေကျလာလေတော့သည်။

စကားဝါပွင့်များသည် ရသေ့လေးပါး၏ ဦးခေါင်းပေါ်သို့ ကြွေကျလာခြင်း ဖြစ်သည်။

ဤတွင် ရသေ့လေးပါးစလုံး ပြိုင်တူလှုပ်ရှားလိုက်ကြလေသည်။

အတွင်းအားများ ဖော်ထုတ်ကာ လက်ဝါးကို လှန်၍အပေါ် ပင့်တင်လိုက်ကြခြင်း ဖြစ်လေသည်။

တဖြုတ်ဖြုတ်ကြွေကျလာသည့် စကားဝါပွင့်များသည် အုံ့ဩစရာကောင်းလောက်အောင် တစ်နေရာထဲ၌ စုစည်းသွားလေသည်။

စကားဝါပွင့်များ အောက်ဘက်မြေပေါ်သို့ ကျမလာစေရန် အတွင်းအားဖြင့် ထိန်းထားလိုက်ကြခြင်း ဖြစ်သည်။

ရသေ့လေးပါးက လက်ဝါးများ လှုပ်ရှားလိုက်ကြပြန်သည်။



စကားဝါပွင့်များသည် ညီညီညာညာ ကွဲကွာသွားကြပြီး တစ်ခုနှင့်တစ်ခု ပြန်ဆက်ကာ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်ပေါ်ပြောင်းလဲသွားလေသည်။

လှိုဖုန်းဝေသည် ထိုအချင်းအရာကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေလေတော့သည်။

ရသေ့များက သိုင်းပညာနှင့် အတွင်းအား၏အစွမ်းကို သဘောတရားအဖြစ် ထုတ်ဖော်ပြသလိုက်ကြခြင်း ဖြစ်သည်။

လှိုဖုန်းဝေ ကြည့်နေစဉ်...

"ဟူး"

တောက်ကျိုရသေ့သည် တင်ပျဉ်ခွေထိုင်လျက် အနေအထားဖြင့်မြေပေါ် ကြွတက်သွားသည်ကို တွေ့လိုက်ရလေသည်။

"ဟူး...ဟူး...ဟူး"

ကျန်ရသေ့သုံးပါးလည်း အသီးသီးလှုပ်ရှားကာ တစ်ယောက်တစ်နေရာစီ ခွဲထွက်သွားကြလေသည်။

ထို့နောက်....

အတွင်းအား ကိုယ်ဖော့ပညာနှင့် အခြားသိုင်းပညာရပ်များကိုလေ့ကျင့်နေလိုက်ကြ၏။

လှိုဖုန်းဝေသည် ရသေ့များ သိုင်းလေ့ကျင့်နေကြသည်ကို ငေးမောကြည့်ယင်း ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားလေတော့သည်။

* * *

လှိုင်ဖုန်းဝေသည် လိမ္မာယဉ်ကျေးသော ကောင်လေးတစ်ယောက်ဖြစ်သည့်အတိုင်း ရသေ့ကြီးလေးပါး၏ ဝေယျာဝစ္စကိစ္စမှန်သမျှကို မညည်းမညူလုပ်ကိုင်ဆောင်ရွက်ပေးခဲ့လေသည်။

ထို့ကြောင့်လည်း ရသေ့ကြီးလေးပါး ပို၍သဘောကျနေတော့သည်။

တောက်ကျိုရသေ့က...

"မင်းကို မေးစရာတစ်ခုရှိတယ်၊ ဒါပေမယ့်မေးသင့်မမေးသင့် ငါစဉ်းစားနေတာ"

လှိုင်ဖုန်းဝေက...

"ကိစ္စမရှိပါဘူး၊ မေးစရာရှိတာ မေးနိုင်ပါတယ်ခင်ဗျာ"

တောက်ကျိုက...

"မင်းက ဘာကြောင့်သိုင်းပညာ မသင်ချင်တာလဲ၊ ပြောပါဦး"

လှိုင်ဖုန်းဝေ မျက်နှာညှိုးသွားလေသည်။

ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့၏ မျက်နှာကို မြင်ယောင်လာလေသည်။

"သိုင်းပညာဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်ပညာတစ်ခု ဖြစ်နေလို့ပါ ခင်ဗျာ"

"ဟေ"

တောက်ကျို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"လက်စသတ်တော့ သိုင်းပညာကို ရက်စက်ကြမ်းကြုတ်



တဲ့လူသတ်ပညာလို့ မင်းက သဘောထားနေတာကိုး"

လှိုင်ဖုန်းဝေက...

"သိုင်းသမားတွေဟာ ထစ်ခနဲဆိုတာနဲ့ ဓားလှံလက်နက်တွေကို ကိုင်ဆောင်ပြီး တိုက်ကြခိုက်ကြ သတ်ကြ ဖြစ်ကြတာပါပဲ၊ လူ့အသက်ကို ဖက်ရွက်လောက်တောင် တန်ဖိုးမထားကြပါဘူး၊ အင်မတန်ရက်စက်ကြမ်းကြုတ်ကြပါတယ်၊ သည်လိုပညာမျိုးကို ကျွန်တော် မသင်ချင်ပါဘူးခင်ဗျာ"

တောက်ကျိုသည် လှိုင်ဖုန်းဝေက ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် စိတ်နာနာနှင့် ပြောနေခြင်းဖြစ်ကြောင်း နားလည်မိလေသည်။

လှိုင်ဖုန်းဝေသည် ခါးသီးသော အတွေ့အကြုံကြောင့် သိုင်းပညာအား စိတ်နာနေခြင်း မဟုတ်ပါလား။

တောက်ကျို ပြုံးလိုက်သည်။

"မင်းက သိုင်းပညာကို ရက်စက်ကြမ်းကြုတ်တဲ့ပညာ၊ လူသတ်ပညာလို့ သဘောထားနေတာကိုး"

လှိုင်ဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

တောက်ကျိုက...

"ဒါဖြင့် မင်းကိုမေးဦးမယ်"

"ဟုတ်ကဲ့ မေးပါခင်ဗျာ"

"မင်းက ဓားတစ်လက်ကိုကော ဘယ်လိုသဘောထားသ

လဲ၊ ပြောပါဦး"

"ဗျာ"

လှိုဖုန်းဝေသည် တောက်ကျိုး၏မေးခွန်းအဓိပ္ပါယ်ကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

တောက်ကျိုက...

"ဓားတစ်လက်ဟာ ထင်းခွဲလို့ရမယ်၊ သား ငါးလှီးလို့ရမယ်၊ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ ပြုလုပ်ဖို့ လှီးဖြတ်ခုတ်ထွင်နိုင်တယ် မဟုတ်လား"

လှိုဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်ပါတယ်ခင်ဗျာ"

"အဲသည်ဓားနဲ့ မြေခွေးတို့ ဝက်ဝံတို့ ကျားရဲတိရစ္ဆာန်စတဲ့ အန္တရာယ်ပြုမယ့် သားကောင်တွေကို ရင်ဆိုင်ခုခံနိုင်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"လူဆိုးဓားပြတွေ အန္တရာယ်ကကော မကာကွယ်နိုင်ဘူးလား"

"ကာကွယ်နိုင်ပါတယ် ခင်ဗျာ"

တောက်ကျိုရသေ့ ပြုံးလိုက်ပြန်လေသည်။

"ကောင်းပြီ၊ အဲသည်ဓားနဲ့လူသတ်ဓားပြတိုက်မယ်၊ သူတပါးပစ္စည်းတွေ ဖျက်ဆီးမယ်ဆိုယင်ကော မရဘူးလား"

"ရနိုင်ပါတယ် ခင်ဗျာ"



တောက်ကျိုက...

"သိုင်းပညာဟာ ဓားနဲ့တူတယ်ဆိုယင်ကော"

လှိုဖုန်းဝေ ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွားလေသည်။

တောက်ကျိုက...

"ဓားကို ကောင်းတဲ့နေရာမှာ အသုံးချနိုင်သလို ဆိုးတဲ့နေရာမှာလည်း အသုံးချနိုင်တယ် မဟုတ်လား၊ သိုင်းပညာကလည်း သည်လိုပါပဲ၊ ကောင်းတဲ့နေရာမှာ အသုံးချနိုင်သလို မကောင်းတဲ့နေရာမှာလည်း အသုံးချလို့ရတယ်၊ တကယ်တော့ ဓားဖြစ်ဖြစ် သိုင်းပညာဖြစ်ဖြစ် အသုံးချတဲ့လူ အပေါ်မှာ မူတည်ပြီး အကောင်းအဆိုး ကွဲပြားခြားနားသွားတာပဲ မဟုတ်လား"

လှိုဖုန်းဝေ ငေးငိုင်နေသည်။

တောက်ကျိုပြောသည့်စကား အဓိပ္ပါယ်ကို သူနားလည်သဘောပေါက်မိလေသည်။

သိုင်းပညာနှင့် ပတ်သက်ပြီး သူ၏သဘောထားမှာ တစ်ဘက်သတ်ဆန်နေသည် မဟုတ်ပါလား။

တောက်ကျိုရသေ့က...

"မင်းသာ သိုင်းပညာတတ်မြောက်ထားမယ်ဆိုယင် နှိပ်စက်လာတဲ့လူတွေကို ခုခံဆုံးမနိုင်မယ်၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီနိုင်မယ်၊ အများအကျိုးဆောင်ရွက်နိုင်မယ်၊ အဖြစ်ဆိုးတွေနဲ့လည်း ဘယ်တော့မှကြုံတွေ့ရတော့မှာ မဟုတ်ဘူး၊ ကျုပ်ပြောတာ

မှန်ရဲ့လား"

လှိုဖုန်းဝေက...

"ကျွန်တော် နားလည်သဘောပေါက်ပါပြီ ခင်ဗျာ"

တောက်ကျိုက..

"မင်းကို ငါတို့က သိုင်းပညာသင်ပေးလိုက်မယ်၊ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နိုင်အောင်၊ မကောင်းသူပယ် ကောင်းသူကယ်နိုင်အောင် ငါတို့ ကူညီပံ့ပိုးပေးမယ်ဆိုယင်ကော"

လှိုဖုန်းဝေ ဦးညွှတ်လိုက်သည်။

"ကျွန်တော် သိုင်းပညာကို မမှန်းတီးတော့ပါဘူး၊ ဒါပေမယ့်"

"မင်းက သည်ကျွန်းပေါ်ကနေ ထွက်သွားလို့ မဖြစ်နိုင်သေးဘူး၊ သည်အတိုင်း အလကားနေရမယ့်အစား အချိန်ဖြုန်းရာမကျအောင် သိုင်းပညာလေ့ကျင့်နေတာက အကျိုးမရှိဘူးလား၊ အချိန်ကုန်လို့ကုန်မှန်းလည်း မသိတော့ဘူးပေါ့"

တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးရှိစေမည်ဖြစ်ရကား လှိုဖုန်းဝေ သဘောတူလိုက်လေတော့သည်။

* * *



ဘဝသစ်

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။

နွေသစ်တစ်နေ့ ပေါ်ထွန်းလာပြီ ဖြစ်သည်။

ထို့အတူ...

လှိုဖုန်းဝေအတွက်လည်း ဘဝသစ်တစ်ခု စတင်ခဲ့ပြီဖြစ်လေသည်။

သူက သိုင်းပညာသင်ကြားမည်ဟု ဆုံးဖြတ်လိုက်သည် မဟုတ်ပါလား။

လှိုဖုန်းဝေသည် တောက်ကျိုရသေ့နှင့်အတူ သဲသောင်ပြင်ကြီး၌ရှိနေ၏။

ပင်လယ်ထဲမှ ထွက်လာသောနေဝန်းကြီးကို ငေးမောကြည့်နေကြသည်။

နေလုံးကြီးက တစ်စထက်တစ်စ မြင့်တက်လာလေသည်။

တောက်ကျိုရသေ့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ကဲ သိုင်းလေ့ကျင့်မယ်ဆိုယင် သွက်သွက်လက်လက် လှုပ်ရှားနိုင်ဖို့က အရေးကြီးတော့ မင်းက အပြေး အယင်လေ့ကျင့်ရလိမ့်မယ်"

လျှိုဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

တောက်ကျိုက...

"သဲသောင်ပြင်ကြီးဟာ ကျွန်းပတ်လည်ဖုံးလွှမ်းထားတယ်၊ မင်းက ကျွန်းပတ်ပြီး အပြေးလေ့ကျင့်ပေတော့"

"ကောင်းပါပြီခင်ဗျာ"

တောက်ကျိုက လက်ဝှေ့ယမ်းပြလိုက်လျှင် လျှိုဖုန်းဝေလည်း ပြေးထွက်သွားလေသည်။

သိုင်းပညာ သင်ယူမည်ဟု ဆုံးဖြတ်လိုက်ပြီးသည်နှင့် ဘာကိုမှမစဉ်းစားတော့ဘဲ ပြေးလွှားသွားလိုက်လေတော့သည်။

တောက်ကျို ပြုံးလိုက်သည်။

"သည်ကောင်လေးဟာ စိတ်ဓာတ်ခိုင်ကျည်ပြီး တကယ့်ကိုကြိုးစားမယ့် ကောင်လေးပဲ"

စိတ်ထဲ ချီးကျူးလိုက်လေသည်။

လျှိုဖုန်းဝေသည် အားကြိုးမာန်တက် ပြေးလွှားသွားရာ ကျွန်းတစ်ပတ်ပတ်မိပြီး တောက်ကျိုရသေ့ရှေ့သို့ ပြန်လည်ရောက်ရှိလာလေသည်။



သူ၏တစ်ကိုယ်လုံး ချွေးများစို့ရွှဲကာ မောဟိုက်နေပြီ ဖြစ်ပါသည်။

တောက်ကျိုရသေ့က...

"မင်း ဆက်ပြေးနိုင်သေးသလား"

"ဟုတ်ကဲ့ ပြေးနိုင်ပါတယ်"

"ဒါဖြင့် ပြေးဦး"

"ကောင်းပါပြီ ခင်ဗျာ"

လျှိုဖုန်းဝေ ဆက်၍ပြေးလွှားသွားတော့သည်။

တစ်ပတ်။

နှစ်ပတ်။

သုံးပတ်။

လျှိုဖုန်းဝေ ကြိုးစားပြေးလွှားသွားပါသော်လည်း တဖြည်းဖြည်းခြေကုန်လက်ပန်းကျကာ မောဟိုက်နွမ်းနယ်လာတော့သည်။

ဆက်လက် မပြေးနိုင်အောင် ဖြစ်လာတော့သည်။

ထိုအခါမှ တောက်ကျိုက...

"မင်းက ပြေးလွှားတဲ့အခါ အားမစိုက်ဘဲ ခွန်အားကိုချွေတာပြီး အသုံးချရမယ်၊ ဖြည်းဖြည်း မှန်မှန်လုပ်သွားရမယ်၊ ဒါဆိုယင် သက်လုံကောင်းပြီး ကြာကြာပြေးလွှားနိုင်လိမ့်မယ်၊ ပြေးလွှားတဲ့အခါမှ အသက်ရှူရှိုက်ပုံ နည်းစနစ်ကလည်း အရေးကြီးတယ်"

မည်သို့မည်ပုံ ပြေးလွှားရမည်၊ အသက်ရှူရှိုက်ပုံနည်းစနစ်

စသည့် လိုအပ်ချက်များကို သွန်သင်ညွှန်ပြပေးလေသည်။

လှိုဖုန်းဝေ ကောင်းစွာ မှတ်သားနာယူလိုက်၏။

ထို့နောက်...

တောက်ကျိုရသေ့ လမ်းညွှန်ပေးသည့်အတိုင်း လေ့ကျင့်လိုက်လေတော့သည်။

* * *

တောက်ကျိုရသေ့က လှုပ်ရှားမှုများ လျင်မြန်ဖျတ်လတ်လာစေရန်နှင့် သက်လုံကောင်းလာစေရန် အပြေး လေ့ကျင့်ခိုင်းပြီး လှိုဖုန်းဝေက မှတ်သားနာယူ၍ တောက်ကျို စိတ်ကျေနပ်အောင် လုပ်ဆောင်ပြနိုင်လေသောအခါ တောက်ကျို ရသေ့က တောက်ချိန်ရသေ့လက်ထဲသို့ လှိုဖုန်းဝေအား လွှဲပြောင်းပေးအပ်လိုက်လေသည်။

တောက်ချိန်ရသေ့သည် အလွန်ပေါ့ပါးသွက်လက်သော ကိုယ်ဖော့ပညာနှင့် ဆန့်ကျင်ဘက်အသွင်ဆောင်သော ခွန်အားစိုက်ထုတ်ရသည့် အတွင်းအားပညာ ထိုပညာရပ်နှစ်မျိုးအား သင်ကြားပေးလေသည်။

အစပိုင်း၌ နှုတ်အားဖြင့် နားလည်အောင် ရှင်းလင်းပြောပြပြီး လှိုဖုန်းဝေ သဘောပေါက်လာမှ လက်တွေ့လေ့ကျင့်စေသည်။

လှိုဖုန်းဝေကလည်း ကြိုးစားလေ့ကျင့်ခဲ့လေသည်။



တဖန်...

တောက်ဂူရသေ့က လက်နက်မဲ့ သိုင်းပညာ သင်ကြားပေးသည်။

တောက်ခုံးရသေ့က လက်နက်မျိုးစုံ ကိုင်ဆောင်အသုံးပြုနည်းနှင့် လက်နက်ပုန်းပစ်ပညာကို သင်ကြားပေးလေသည်။

သိုင်းပညာ သင်ကြားနေရသဖြင့် အချိန်များ မည်သို့ကုန်ဆုံးသွားမှန်းပင် မသိနိုင်တော့ပါ။

ဖခင်ကြီးနှင့်အစ်ကိုဖြစ်သူအား လွမ်းဆွတ်သတိရဖို့ပင် အချိန်မအားလပ်တော့ပါ။

ရသေ့လေးပါး၏ ဝေယျာဝစ္စများ လုပ်ကိုင်ဆောင်ရွက်ပေယင်း သိုင်းပညာလေ့ကျင့်ယင်း အချိန်များကုန်ဆုံးသွားခဲ့တော့သည်။

ရသေ့လေးပါးသည် တစ်လှည့်စီတာဝန်ယူကာ ပညာမျိုးစုံ သင်ကြားပေးခဲ့ကြပြီး အကြီးဆုံးဖြစ်သော တောက်ကျိုရသေ့က လက်ချောင်းပညာ သင်ကြားပေးလေသည်။

တောက်ကျိုရသေ့သည် လက်ချောင်းထောက်ပညာ၏ လျှို့ဝှက်ချက်များကို ရှင်းပြပြီး အသေးစိတ်သင်ကြားပေးလေသည်။

ထိုပညာသည် လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့် နက်နဲသော အလွန်အစွမ်းထက်သည့်ပညာရပ်တစ်ခု ဖြစ်လေသည်။

လှိုဖုန်းဝေမှာ ဉာဏ်အလွန်ကောင်းပြီး ဇွဲနဘဲဖြင့် မှတ်သားနာယူကြိုးစားခဲ့ခြင်းကြောင့်သာလျှင် လေ့ကျင့်နိုင်ခဲ့ခြင်း ဖြစ်လေ

သည်။ အခြားလုပ်ကိုင်ဆောင်ရွက်စရာများ မရှိ၍လည်း ပို၍ဂရုစိုက်လေ့ကျင့်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

လှိုဖုန်းဝေသည် သိုင်းပညာကို စွဲရှာမှုန်းတီးခဲ့သည်။

ယခုတော့…

ရသေ့လေးပါး၏ ထိပ်တန်းသိုင်းပညာများကို လိုလိုလားလားလား သင်ယူနေပြီဖြစ်လေသည်။

* * *

လာ
လှိုဖု
လုပ်
ရ
သ



နွေ။

မိုး။

ဆောင်း။

ရာသီအလီလီပြောင်းလဲသွားပြီ ဖြစ်လေသည်။

ရှစ်နှစ်..။

ရှစ်နှစ်ဟူသောအချိန်ကာလ မည်သို့မည်ပုံ ကုန်ဆုံးသွားသည်ကိုပင် လှိုဖုန်းဝေ သတိမပြုနိုင်ခဲ့ချေ။

ကောင်လေးတစ်ယောက် ဘဝမှ ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူငယ်လူရွယ်တစ်ယောက် ဖြစ်လာခဲ့လေသည်။

ထို့အတူ…

ရသေ့လေးပါး၏ ထိပ်တန်းသိုင်းပညာရပ်များနှင့် အတွင်းအားကိုလည်း အမွေဆက်ခံရရှိခဲ့ပြီ ဖြစ်လေသည်။

ရသေ့လေးပါးသည် လှိုဖုန်းဝေအား ပညာကုန်သင်ကြားပေးနိုင်ခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတော့သည်။

* * *

ယနေ့...။

ယနေ့သည် လှိုင်ဖုန်းဝေ၏ အတွင်းအားနှင့် သိုင်းပညာကို လက်တွေ့စမ်းသပ်ကြည့်မည့်နေ့ ဖြစ်သည်။

ရသေ့လေးပါး၏ စမ်းသပ်စစ်ဆေးမှု အောင်မြင်သွားမှသာလျှင် လှိုင်ဖုန်းဝေ၏ သိုင်းပညာလေ့ကျင့်မှုများ အဆုံးသတ်သွားမည် ဖြစ်လေသည်။

တောက်ချိန်က...

"လှိုင်ဖုန်းဝေ..မင်းသတိထားပေတော့"

ဟု သတိပေးကာ လက်နှစ်ဘက်ဝှေ့ယမ်းလိုက်လေသည်။

"ဟူး"

လေတိုးသံနှင့်အတူ လေပွေလှိုင်းများ ဖြစ်ပေါ်လာကာ မြေပေါ်၌ပြန့်ကျဲနေသော သစ်ရွက်ခြောက်များသည် ငှက်တစ်အုပ် ဝုန်းခနဲ ထပျံသွားသည့်အလား လေဆဲထိုးတက်သွားလေသည်။

တောက်ဝူက လက်ဝှေ့ယမ်းလိုက်သည်။

"ဟူး"

လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး သစ်ရွက်များကိုလေထဲ၌စုစည်းလိုက်လေသည်။

ထိုစုစည်းသွားသော သစ်ရွက်များ စုပေါင်းလုံးထွေးသွားစေရန်တောက်ခုံးရသေ့က အတွင်းအားအသုံးပြုကာ ပြုလုပ်လိုက်သည်။

လေပွေလှိုင်းများသည် ဝဲကတော့ပုံသဏ္ဍာန်ဖြစ်ပေါ်လာပြီး လေထဲပျံဝဲနေသော သစ်ရွက်များကို စုစည်းလုံးထွေးစေပြီးလျှင်



"သွားစမ်း"

တောက်ကျိရသေ့က ရိုက်ထုတ်လိုက်လေသည်။

"ဟူး"

သစ်ရွက်လုံးကြီးသည် လှိုင်ဖုန်းဝေထံသို့ အရှိန်ပြင်းစွာ ပစ်လွင့်သွားလေတော့သည်။

"ဟိတ်"

လှိုင်ဖုန်းဝေက ညာသံပေးကာ လေထဲခုန်တက်ရှောင်တိမ်းလိုက်လေသည်။

လှိုင်ဖုန်းဝေ လေထဲရောက်သွားသော်လည်း လွတ်မြောက်နိုင်ခြင်းမရှိပါချေ။

ရသေ့လေးပါးက လက်ဝါးများကို တစ်ချက်စီတစ်ချက်စီ အလှည့်ကျရိုက်ထုတ်လိုက်ကြခြင်းဖြင့် သစ်ရွက်လုံးကြီးသည် အသက်ဝင်နေသည့် တစ္ဆေလက်နက်တစ်ခုအလား လှိုင်ဖုန်းဝေ နောက်သို့ ကောက်ကောက်ပါအောင်လိုက်ကာ တိုက်ခိုက်လေတော့သည်။

"ယား"

လှိုင်ဖုန်းဝေက ငှက်ကြီးတစ်ကောင်အလား လေထဲပျံဝဲကာ ရှောင်တိမ်းသည်၊ မြေပေါ်ခုန်ဆင်းပြီး ခန္ဓာကိုယ်ယိမ်းနွဲ့လှုပ်ရှားကာ ရှောင်တိမ်းသည်။

အဆက်မပြတ် လှုပ်ရှားရှောင်တိမ်းနေသည့်တိုင်အောင် သစ်ရွက်လုံးကြီးက တစ်ချက်လွတ်သွားသည်နှင့် ချက်ချင်း ကွေ့ပတ်

ပျံဝဲကာ ထပ်မံတိုက်ခိုက်လာလေသည်။

ရသေ့လေးပါးက အတွင်းအားလှိုင်းများ အသုံးပြုပို့လွှတ်ပြီး သစ်ရွက်လုံးကြီးအား လိုသလိုလှုပ်ရှားတိုက်ခိုက်နိုင်အောင် ပြုလုပ်နေကြခြင်း ဖြစ်လေသည်။

လှိုဖုန်းဝေ အခြေအနေကို တွက်ဆလိုက်သည်။

"ငါ ရှောင်တိမ်းနေလို့ ဆုံးတော့မှာ မဟုတ်ဘူး၊ ထိပ်တိုက်ရင်ဆိုင်မှဖြစ်တော့မယ် ထင်တယ်"

သူတွေးတောနေစဉ် သစ်ရွက်လုံးကြီးက ဟူးခနဲ တိုးဝင်လာသဖြင့် ကပျာကယာ လေထဲခုန်တက်ကာ ရှောင်တိမ်းလိုက်ရလေသည်။

သူ လေထဲရောက်သွားပြီး မရှေးမနှောင်းမှာပင်...

"ဟူး"

နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာကာ သစ်ရွက်လုံးကြီးက တိုးဝင်လာပြန်လေသည်။

"ဟိတ်"

လှိုဖုန်းဝေ ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရပြန်သည်။

သူက အောက်ဘက်သို့ ထိုးဆင်းလိုက်စဉ် သစ်ရွက်လုံးကြီးကနောက်ကျောဘက် ကပ်လျက်လိုက်လာပြန်တော့သည်။

"သိကြသေးတာပေါ့"

လှိုဖုန်းဝေ အံကြိတ်ကာ ချာခနဲလှည့်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလိုက်လေသည်။



"ဝုန်း"

ပြင်းထန်သော အင်အားကြီးနှစ်ခုရင်ဆိုင်မိလိုက်လေသည်။

သစ်ရွက်လုံးကြီးသည် ဘာမှဖြစ်မသွားဘဲ လှိုဖုန်းဝေသာ လျှင် အနောက်ဘက်သို့ တစ်လံလောက် လွင့်စဉ်သွားလေတော့သည်။

"ဗွီး"

သစ်ရွက်လုံးကြီးက လှိုဖုန်းဝေနောက်သို့ လိုက်လာပြန်လေသည်။

လှိုဖုန်းဝေ ပျာယာခတ်သွားလေသည်။

သစ်ရွက်လုံးကြီးက သူ၏မျက်နှာတည့်တည့်သို့ တိုးဝင်လာသည်။

လှိုဖုန်းဝေက ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုတော့ပါ။

သစ်ရွက်လုံးကြီး လှုပ်ရှားနေသည့်နောက်ကွယ်၌ ရသေ့ကြီးလေးပါး၏ အတွင်းအားများ သက်ရောက်နေသည် မဟုတ်ပါလား။

သစ်ရွက်လုံးကြီးက မျက်နှာကို ဝင်ဆောင့်မိကာနီးဆဲဆဲမှ လှိုဖုန်းဝေ ဆတ်ခနဲ ခေါင်းငုံ့ပြီး ပွတ်ကာသီကာ ရှောင်တိမ်းလိုက်လေသည်။

တဆက်တည်းပင် ချာခနဲလှည့်ကာ လက်ဝါးဖြင့် အားကုန်ရိုက်ချလိုက်သည်။

သစ်ရွက်လုံးကြီး၏ အရှိန်နှင့်အကျိုးသက်ရောက်မှုသည် အရှေ့ဘက်၌ရှိနေပြီး အနောက်ဘက်၌မူ ထိန်းချုပ်ထားသောအား

သာရှိကြောင်း လျှိုဖုန်းဝေ တွက်ဆနိုင်ခဲ့ပြီ ဖြစ်လေသည်။

အတွင်းအား သက်ရောက်မှု ထိန်းချုပ်မှုသည် သဘောသာရှိသည့် အနောက်ဘက်မှ တအားရိုက်ချပစ်လိုက်လျှင်..

"ဝုန်း"

ပေါက်ကွဲသံကဲ့သို့ ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာလေသည်။

သစ်ရွက်လုံးကြီး တစစီဖြစ်သွားတော့သည်။

သစ်ရွက်လေးများသည်လည်း မိုးရွာချလိုက်သကဲ့သို့ မြေပေါ်သို့တဖွားဖွား ကျဆင်းသွားတော့သည်။

"ဖြောင်း..ဖြောင်း...ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာသည်။

ရသေ့လေးပါးက လက်ခုပ်လက်ဝါးတီးကာ သြဘာပေးလိုက်ကြလေသည်။

လျှိုဖုန်းဝေ မြေပေါ်ခုန်ဆင်းကာ ရသေ့ကြီးလေးပါးရှေ့၌ ဒူးထောက် ဂါရဝပြုလိုက်လေသည်။

တောက်ကျိုရသေ့ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လျှိုဖုန်းဝေ..မင်းကို စမ်းသပ်တာ အောင်မြင်သွားပါပြီကွယ်၊ မင်းရဲ့ပညာ ပြည့်စုံသွားပါပြီ"

ဟု ချီးကျူး ပြောဆိုလိုက်လေတော့သည်။

* * *



ဇရပ်လေးပေါ်၌ ရသေ့လေးပါး မျက်နှာစုံညီထိုင်ကာ ရေနွေးကြမ်းသောက်ယင်း လျှိုဖုန်းဝေနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးနေကြလေသည်။

တောက်ကျိုက...

"လျှိုဖုန်းဝေဟာ သိုင်းပညာနဲ့ ပတ်သက်လာယင် စိတ်ချရပြီ ဆိုနိုင်တယ်၊ ဘယ်လိုသဘောရသလဲ"

တောက်ချိန်က...

"သိုင်းပညာနဲ့ကိုယ်ဖော့ပညာက ပြောစရာမရှိတာ အမှန်ပါပဲ"

တောက်ဂူက...

"ဒါပေမယ့် သူ့ရဲ့လှုပ်ရှားမှုက နှေးကွေးနေသလိုပဲ"

တောက်ခုံး ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ တိကျမှန်ကန်မှုလည်း နည်းနည်းတော့လိုသေးတယ်ထင်မိတာပဲ"

တောက်ကျို ပြုံးလိုက်သည်။

"ညီနောင်တို့ပြောတာ မှန်ပါတယ်၊ သူ့မှာ ချို့ယွင်းချက်နည်းနည်းတော့ ရှိနေတာ အမှန်ပဲ၊ ဘာကြောင့်များ ဖြစ်မယ်ထင်သလဲ"

တောက်ချိန် တည်ကြည်သော မျက်နှာထားဖြင့်ကြော၏။

"သိုင်းပညာရဲ့ အခရာဟာ အတွင်းအားပါဗျာ"

တောက်ခုံးနှင့်တောက်ဂူးတို့က ထောက်ခံလိုက်ကြသည်။

တောက်ကျိုက...

"ကျုပ်တို့ဟာ သိုင်းလောကကို ကျောနိုင်းခဲ့ကြပြီး လူ့ဝတ်ကြောင်ကိုလည်း စွန့်ခွာလိုက်ပြီ၊ သည်ကျွန်းတွေကနေ ဘယ်ကိုမှ ထွက်မသွားတော့ဘူးလို့လည်း သစ္စာဆိုထားကြတယ်"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်တို့ပညာတွေ အလဟသမဖြစ်ရလေအောင် ဆက်ခံနိုင်မယ့် တပည့်တစ်ယောက်လိုချင်ခဲ့ကြတာလည်း ရခဲ့ပြီ"

"အစ်ကိုကြီး ရှည်ရှည်ဝေးဝေး ပြောမနေပါနဲ့တော့ဗျာ၊ ကျုပ်တို့ရဲ့အတွင်းအားတွေကို လွှဲပြောင်းပေးလိုက်စေချင်တယ် မဟုတ်လားဗျ"

တောက်ချိန်၏စကားကြောင့် တောက်ခုံးနှင့်တောက်ဂူးတို့ ရယ်မောလိုက်ကြလေသည်။

တောက်ကျို ပြုံးလိုက်သည်။

"ကျုပ်တို့ရဲ့အတွင်းအားတွေ အလကားဖြစ်သွားမယ့် အတူတူ သူ့ကိုလွှဲပြောင်းပေးလိုက်ကြတာပေါ့"

အားလုံးကလည်း သဘောတူလိုက်လေတော့သည်။

တောက်ကျိုသည် အချိန်ဆွဲမနေတော့ဘဲ လျိုဖုန်းဝေအား ခေါ်ယူလိုက်လေသည်။

အတွင်းအား လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြပြီး ကြမ်းပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်စေလိုက်သည်။

လျိုဖုန်းဝေက တင်ပျဉ်ခွေထိုင်ကာ လက်ဝါးနှစ်ဘက်ကို



ပေါင်ပေါ်တင်၍ မျက်လုံးမှိတ်ထားလိုက်လေသည်။

တောက်ကျိုက...

"မင်း အတွင်းအားလေ့ကျင့်နေကျအတိုင်း အတွင်းအားကို ဖော်ထုတ်လိုက်ပါ၊ အာရုံစုစည်းပြီး စိတ်ကို တည်ငြိမ်အောင်စုစည်းထားပါ"

ဟု မှာကြားလိုက်သည်။

ထို့နောက် ရသေ့ကြီးလေးပါးလည်း ကြမ်းပြင်ပေါ်၌ နေရာယူလိုက်ကြလေသည်။

တောက်ချိန်ရသေ့က အတွင်းအား ဖော်ထုတ်ကာ သူ၏ ယာဘက်၌ထိုင်နေသော တောက်ဂူရသေ့၏လက်ဝါးပြင်သို့ ပို့လွှတ်လိုက်လေသည်။

တောက်ဂူသည် တောက်ချိန်ပို့လွှတ်လိုက်သော အတွင်းအားလှိုင်းများကို လက်ခံယူကာ သူ၏အတွင်းအားလှိုင်းများနှင့်ပေါင်းစပ်ပြီး တောက်ခုံးရသေ့ထံသို့ ဆက်လက်ပို့ဆောင်လိုက်လေသည်။

တောက်ခုံးရသေ့က လွှဲပြောင်းရောက်ရှိလာသော အတွင်းအားလှိုင်းများကို လက်ခံယူကာ သူ၏အတွင်းအားလှိုင်းများနှင့်ပေါင်းစပ်ပြီး တောက်ကျိုရသေ့ထံသို့ ဆက်လက်ပို့ဆောင်ပေး၏။

တောက်ကျိုရသေ့က လက်ခံယူသည်။

သို့ဖြင့် အတွင်းအားများ ထုတ်ဖော်ကာ အဆင့်ဆင့်လက်ကမ်းကူးပြောင်းပေးပြီး လျိုဖုန်းဝေ၏ကျောပြင်ရှိ အဓိကသွေးကြောများမှတဆင့် ခန္ဓာကိုယ်ထဲသို့ရောက်အောင် ပို့ဆောင်ပေးလိုက်၏။

လျှိုဖုန်းဝေက အတွင်းအားများကို သွေးကြောများအတိုင်း လှည့်ပတ်စီးဆင်းစေခဲ့သည်။

တောက်ကျိုတို့ပို့ဆောင်ပေးသော အတွင်းအားလှိုင်းများသည် လျှိုဖုန်းဝေ၏ အတွင်းအားနှင့် ပေါင်းစပ်ကာ ခန္ဓာကိုယ်ထဲ လှည့်ပတ် စီးဆင်းသွားလေတော့သည်။

လျှိုဖုန်းဝေမှာ သွေးကြောများထဲ၌ ပိုးကောင်ကလေးနိုင်ငံ ထောင်ပေါင်းများစွာ တိုးဝင်ပြေးလွှားနေသကဲ့သို့ ခံစားလိုက်ရလေသည်။

တောက်ကျိုသည် အတွင်းအားပို့ဆောင်ပေးလိုက်သကဲ့သို့ မ';သွားကြောများကိုလည်း ပြုပြင်ပေးလိုက်လေသည်။

သို့ဖြင့်...

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး ထမင်းနှစ်အိုးချက်ခန့် အချိန်ကြာတော့မှ အတွင်းအား ပို့ဆောင်ပေးခြင်း ပြီးဆုံးသွားလေတော့သည်။

ရသေ့ကြီးလေးပါးမှာ လျှိုဖုန်းဝေအား သိုင်းပညာသင်ပေးသည့်အမှုကိစ္စအားလုံး ပြီးမြောက်အောင်မြင်သွားလေတော့သည်။

ဤသို့ဖြင့်...

သိုင်းလောက၌ ထွန်းတောက်လာမည့် လူငယ်သိုင်းသမားတစ်ယောက် မွေးဖွားလာခဲ့လေတော့သည်။

* * *



တောက်ကျိုရသေ့၏မျက်နှာ တည်ကြည်လေးနက်နေ၏။

သူ၏ရှေ့၌ ဒူးထောက်လျက်ရှိနေသော လျှိုဖုန်းဝေအား စိုက်ကြည့်နေ၏။

လျှိုဖုန်းဝေသည် ရောက်လာကာစ ဒုက္ခသည်ကောင်လေး တစ်ယောက် မဟုတ်တော့ဘဲ သိုင်းသမား လူငယ်လူရွယ်တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သိုင်းလောကသူရဲကောင်း လေးယောက်(ဝါ) ရသေ့ကြီးလေးပါး၏ ထိပ်သီးသိုင်းပညာနှင့် အတွင်းအား ကိုလည်း ရရှိလိုက်ပြီဖြစ်လေသည်။

တောက်ကျိုက...

"လျှိုဖုန်းဝေ..မင်းဟာ အရွယ်လည်းရောက်ပြီ၊ သိုင်းပညာလည်းပြည့်စုံနေပြီ၊ ဒါကြောင့် သည်ကထွက်ပြီး သိုင်းလောကကို သွားရလိမ့်မယ်"

လျှိုဖုန်းဝေ စိတ်လှုပ်ရှားနေ၏။

သူ အရွယ်ရောက်လာပြီဖြစ်ရာ ပင်လယ်ပြင်ကိုဖြတ်၍ သိုင်းလောကဆီသို့သွားဖို့ မမှုတော့ပါ။

ရသေ့ကြီးများကဲ့သို့ ကျွန်းများပေါ်၌ တစ်သက်လုံး နေသွားနိုင်မည်လည်း မဟုတ်သဖြင့် တစ်ချိန်ချိန်၌ ထွက်သွားရမည်သာ ဖြစ်လေသည်။

တောက်ကျိုက...

"မင်းက သိုင်းလောကထဲသွားမယ်ဆိုယင် အချက်သုံးချက်

ကို အမိကထားပြီး ဂရုစိုက်ရမယ်၊ သေသေချာချာ မှတ်ထားပါ”

“ဟုတ်ကဲ့”

“ပထမအချက်ကတော့ အားနည်းသူကို ကူညီရလိမ့်မယ်”

တောက်ကျိုက လက်နှစ်ချောင်းထောင်ကာ ဒုတိယအချက်ကိုဆက်ပြောလိုက်သည်။

“ဒုတိယအချက်ကတော့ ကြီးနိုင်ငယ်ညှဉ်း မလုပ်ရဘူး”

“ဟုတ်ကဲ့”

“အေး တတိယအချက်ကတော့ ဆိုးသွမ်းသောင်းကျန်းနေတဲ့ သိုင်းသမားဆိုးတွေကို ဆုံးမနှိမ်နင်းပြီး သိုင်းလောက အေးချမ်းသာယာသွားအောင် ဆောင်ရွက်ရလိမ့်မယ်၊ သည်အချက်သုံးချက်ကို မင်း စွဲစွဲမြဲမြဲ မှတ်သားထားပေတော့”

လှိုဖုန်းဝေ ဦးညွှတ်လိုက်လေသည်။

“စိတ်ချပါဆရာ၊ ကျွန်တော် မှတ်သားထားပါ့မယ်”

ထိုစဉ် တောက်ချိန်က အနီးသို့ရောက်ရှိလာလေသည်။

သူ၏လက်ထဲ၌ ဓားတစ်လက်ကိုင်လာ၏။

တောက်ကျိုက...

“လှိုဖုန်းဝေ သိုင်းလောကထဲသွားမယ်ဆိုယင် လက်နက်တစ်ခုခုဆောင်ထားတာ မမှားဘူး၊ ဒါကြောင့် မင်းဆောင်ထားဖို့ ဓားတစ်လက်ပေးလိုက်မယ်”

တောက်ချိန်၏လက်ထဲမှဓားကိုယူကာ လှိုဖုန်းဝေကို ပေးလိုက်လေသည်။



လှိုဖုန်းဝေ လက်ခံယူလိုက်လေသည်။

တောက်ကျိုက...

“ဓားကို စစ်ဆေးကြည့်ပါဦး”

ဟုပြော၏။

လှိုဖုန်းဝေက ဓားကိုစစ်ဆေးကြည့်လိုက်သည်။

ဓားအိမ်က ဟောင်းနွမ်းနေ၏။

နှစ်ပေါင်းအတော်ကြာကတည်းက ထုလုပ်ထားသောဓားတစ်လက်ဖြစ်ကြောင်း ထင်ရှားလေသည်။

လှိုဖုန်းဝေ ဓားအိမ်ထဲမှဓားကို ထုတ်ယူလိုက်သည်။

“ခြွမ်း”

ဝင်းလက်တောက်ပသော အလင်းရောင်များနှင့်အတူ ဓားတစ်လက်ထွက်ပေါ်လာလေသည်။

“ကောင်းလိုက်တဲ့ဓား”

လှိုဖုန်းဝေ ချီးကျူးလိုက်၏။

တောက်ကျို ပြုံးလိုက်သည်။

“လူလေး...ဓားကို သေသေချာချာ ကြည့်ပါဦး”

သူ၏စကားကြောင့် လှိုဖုန်းဝေ ကြည့်လိုက်သောအခါ ဓားမှာထိပ်ပိုင်းကျိုးပဲ့နေသော ဓားကျိုးတစ်ချောင်းဖြစ်သည်ကို တွေ့ရလေသည်။

“ဟင် ဓားထိပ်ဖျားက ကျိုးနေပါလား”

တောက်ကျိုက...

"ဟုတ်တယ်၊ ဓားပိုင်ရှင်ဟာ တစ်ချိန်ကလျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ စစ်သူကြီးတစ်ယောက်ပဲ၊ သည်ဓားကို ဆွဲကိုင်ပြီး တိုက်ပွဲပေါင်းများစွာကို အနိုင်တိုက်ခိုက်နိုင်ခဲ့တာပေါ့၊ ဓားက အလွန်အစွမ်းထက်တယ်၊ သည်ဓားကြောင့် လူ့အသက်ပေါင်းများစွာ သေဆုံးခဲ့ရတယ်၊ ဓားမှာ သွေးတွေစွန်းထင်းပေကျံခဲ့တယ်၊ စစ်သူကြီးဟာ နောက်ပိုင်း အသက်အရွယ်ကြီးရင့်လာတဲ့အခါ အနားယူလိုက်တယ်၊ တိုက်ပွဲတွေကို ကျောခိုင်းလိုက်တယ်၊ သူ့ရဲ့ဓားကိုလည်း ထိပ်ပိုင်းကျိုးပဲ့သွားအောင် ချိုးဖဲ့ပစ်လိုက်တယ်"

လှိုဖုန်းဝေက မရှင်းသဖြင့် မေးလိုက်လေသည်။

"ဓားထိပ်ပိုင်းကို ဘာကြောင့်ချိုးပစ်လိုက်ရတာလဲခင်ဗျာ"

တောက်ကျိ ရှင်းပြသည်။

"ဓားထိပ်ပိုင်းကို ချိုးဖဲ့ထားတော့ လူကိုမထိခိုက်နိုင်တော့ဘူး၊ စစ်သူကြီးရဲ့ဓားသိုင်းအရ လိုအပ်တဲ့ဓားအရှည်ပမာဏမရှိတော့ယင် တစ်ဘက်လူကို ထိခိုက်အောင် ထိုးနှက်နိုင်မှာ မဟုတ်တော့ဘူး၊ ဓားထိပ်ပိုင်းကို မချိုးခင်က ရန်သူရဲ့ရင်ဝကို ထိုးဖောက်လိုက်မယ့်အချိန်မှာ ဓားကိုချိုးဖဲ့ထားလိုက်တော့ ရင်ဝကို ချိန်ရွယ်ထားတာမျိုးပဲ ရှိတော့မယ်၊ ထိုးစိုက်မိတော့မှာ မဟုတ်ဘူးလေ"

လှိုဖုန်းဝေသည် တောက်ကျိဆိုလိုသည့် သဘောအဓိပ္ပါယ်ကိုနားလည်လိုက်လေသည်။

တောက်ကျိက...

"သည်ဓားဟာ ကျောက်တုံးကျောက်ခဲ၊ သံတုံးသံခဲတွေကို



တောင် ခုတ်ဖြတ်နိုင်အောင် အစွမ်းထက်တယ်ကွယ့်၊ မင်းကိုပေးလိုက်မယ်၊ အကျိုးရှိအောင် အသုံးချပေတော့"

"စိတ်ချပါ ခင်ဗျာ"

လှိုဖုန်းဝေက စစ်သူကြီး၏ ရှေးဟောင်းဓားကို လက်ခံယူထားလိုက်လေသည်။

တောက်ကျိက...

"လှိုဖုန်းဝေ..မင်းအတွက် အစစအရာရာ ပြည့်စုံသွားပြီ၊ သည်တော့ မနက်ဖြန် မနက်မိုးလင်းတာနဲ့ သည်ကသွားပေတော့"

ဟုပြောလိုက်လေတော့သည်။

* * *

သိုင်းလောကသူရဲကောင်း လေးယောက်က နှိမ်နင်းခဲ့ကြသဖြင့် အမှောင်ဂိုဏ်း ပျက်စီးသွားခဲ့လေသည်။

ထို့နောက် လူဆိုးဓားပြများ ထကြွသောင်းကျန်းခြင်း မပြုဝံ့တော့သဖြင့် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားခဲ့လေသည်။

သို့သော်...

သိုင်းလောကသည် ပြဿနာအမျိုးမျိုးရှိနေသော လောကတစ်ခုဖြစ်ပါသည်။

သိုင်းသမားများကလည်း ခံယူချက်အမျိုးမျိုးရှိကြပြီး ကိုယ့်

သဘောဆန္ဒအတိုင်း လုပ်ကိုင်ဆောင်ရွက်တတ်ကြသူများ ဖြစ်လေသည်။

သိုင်းပညာချင်း သူသာသည် ကိုယ်သာသည် အချင်းများပြီး တိုက်ပွဲများလည်း ဖြစ်ပေါ်လေ့ရှိသည်။

ထို့ကြောင့်...

သိုင်းလောက၏ တည်ငြိမ်အေးချမ်းမှုသည် ကြာရှည်တည်တံ့နိုင်မြဲမှုမရှိဘဲ တိုက်ပွဲများ ဟိုနေရာသည်နေရာ ဖြစ်ပေါ်လာသည်။

စည်းလုံးညီညွတ်မှု ပျက်ပြားလာသောအခါ အကျင့်ပျက်သိုင်းသမားများ၊ လူဆိုးဓားပြများလည်း ပြန်လည်ခေါင်းထောင်လာကြလေသည်။

သိုင်းလောက ပြဿနာများ တစ်စတထက်တစ်စ ကြီးထွားလာသည်။

ဒုစရိုက်သမားများ၊ အမှောင်သိုင်းသမားများ ပြန်လည်မနေရာယူလာခြင်းဖြင့် သိုင်းလောက၏ တည်ငြိမ်အေးချမ်းမှု ကွယ်ပျောက်သွားရပြန်တော့သည်။

* * *



## လုံ့ဝိဇ္ဇာ

လုံ့ဝိဇ္ဇာဖုံးစိန်သည် ထင်ရှားသော အဖြူရောင်သိုင်းသမားကြီးတစ်ဦး ဖြစ်လေသည်။

ဖုံးစိန်က အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ပြီး ဒုစရိုက်သမားများ အမှောင်သိုင်းသမားများအား ဆုံးမရာ၌ လက်သံပြောင်သူဟု သတင်းကြီးသူလည်း ဖြစ်လေသည်။

ဖုံးစိန်ထံသို့ မိတ်ဆွေတစ်ဦး ရောက်ရှိလာလေသည်။

ဖုံးစိန်၏ မိတ်ဆွေမှာ ရှမ်းကုံးဆိုသူဖြစ်သည်။

ရှမ်းကုံးသည် 'ရဲသုံးဖော်' ဟုထင်ရှားသော အဖြူရောင်သိုင်းသမားသုံးယောက်၌ တစ်ယောက်အပါအဝင်ဖြစ်လေသည်။

ဖုံးစိန်သည် ရှမ်းကုံး ရောက်လာသဖြင့် ဝမ်းသာအားရကြို ဆိုဧည့်ခံလိုက်လေသည်။

အရက်၊ စားသောက်ဖွယ်ရာများဖြင့် လိုလေသေးမရှိအောင် ဧည့်ခံလိုက်ခြင်း ဖြစ်သည်။

သို့တိုင်…

ရှမ်းကုံးသည် အရက်တစ်ခွက်သာ သောက်ခဲ့လေသည်။

လုံဝိဇ္ဇာဖုံးစိန်က ရှမ်းကုံး၏မျက်နှာ မသာမယာဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

ထို့ကြောင့်…

"မိတ်ဆွေ မျက်နှာမကောင်းပါလားဗျာ၊ ဘယ်လိုအကြောင်းကိစ္စများ ရှိနေလို့လဲ ပြောပါဦး"

ဟုမေးလိုက်လေသည်။

ရှမ်းကုံး သက်ပြင်းချလိုက်လေသည်။

"ကျုပ်က မိတ်ဆွေဆီမှာ အကူအညီတောင်းချင်လို့ လာခဲ့တာပါဗျာ"

ဖုံးစိန် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အို…ကိုယ့်အချင်းချင်းတွေပဲ၊ ဘာမှ အားနာစရာမလိုပါဘူး၊ ကျုပ် ဘာအကူအညီပေးရမလဲ၊ ပြောပါဗျာ"

ရှမ်းကုံးက…

"ကျုပ်တို့ ရဲသုံးဖော်ထဲက ချင်းထီးကို ခင်ဗျားသိတယ်မဟုတ်လား"



"ဟာ ဒါများ မေးနေရသေးသလားဗျာ၊ 'ရှမ်းကုံး'၊ 'ချင်းထီး' 'ဟန်စု' ဆိုတဲ့ ခင်ဗျားတို့ရဲသုံးဖော်ကို ကျုပ်မပြောနဲ့ သိုင်းလောကတစ်ခုလုံး သိထားကြတာပဲ မဟုတ်လားဗျာ၊ ချင်းထီးက ဘာဖြစ်လို့လဲ၊ ပြောပါဦး"

ရှမ်းကုံးက…

"ချင်းထီးက သူနဲ့ဆွေမျိုးတော်စပ်တဲ့ ကုန်သည်ဝမ်းမှာ အခက်အခဲတစ်ခုရှိနေလို့ သွားပြီး ကူညီလိုက်ဦးမယ်ဆိုပြီး ထွက်သွားတာ ပြန်ရောက်မလာတော့ဘူးဗျ"

ချင်းထီးမှာ ထိပ်တန်းသိုင်းပညာရှိသလို တိုက်ပွဲအတွေ့အကြုံရင့်ကျက်သူလည်း ဖြစ်လေသည်။

မိတ်ဆွေသင်္ဂဟများလည်း ပေါများခြင်းကြောင့် သူ့အားအမှောင်လာကသားများ၊ ဒုစရိုက်သမားများက ဒုက္ခမပေးဝံ့ကြချေ။

ရှမ်းကုံး စကားဆက်လိုက်သည်။

"ချင်းထီး ပျောက်ဆုံးနေတာ မရိုးသားဘူးလို့ ကျုပ်တို့ယူဆမိတာနဲ့ ကုန်သည်ဝမ်းဆီကို လိုက်သွားပြီး စုံစမ်းကြည့်ခဲ့ကြတယ်"

ဖုံးစိန်က စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ရှမ်းကုံးက..

"ကုန်သည်ဝမ်းက ရွှေချောင်းတစ်ရာကို ဖွဲမာန်အာမခံဌာနကိုအပ်နှံပြီး ကောက်ကျင်းနယ်ကိုပို့ဆောင်ခိုင်းတယ်၊ ဖွဲမာန် အာမခံဌာနပိုင်ရှင် လျှိုစန်းတို့သားအဖတွေနဲ့ အဖွဲ့သားတွေကော ရွှေချောင်းတွေပါ ပျောက်ဆုံးသွားတာကြောင့် သည်ကိစ္စစုံစမ်းပေးဖို့

ချင်းထီကို အကူအညီတောင်းခဲ့တယ်လို့ သိခဲ့ရပါတယ်ဗျာ"

ဖုံးစိန်က...

"ဒါဖြင့် ချင်းထီက ကောက်ကျင်းနယ်ကို လိုက်သွားတာ ပေါ့"

"ဟုတ်တယ်၊ဒါပေမယ့် သူပြန်ရောက်မလာဘူး၊ ကျုပ်တို့ရဲသုံးဖော်ထဲက ဟန်စုက စိတ်မချတာနဲ့လိုက်သွားတယ်၊ သူလည်း ပြန်ရောက်မလာတော့ဘူးဗျ"

ချင်းထီတို့သည် ကောက်ကျင်းနယ်ထဲ၌ ဒုက္ခရောက်နေကြပြီဟု ဖုံးစိန် နားလည်လိုက်လေတော့သည်။

ဖုံးစိန် ပြုံးလိုက်သည်။

"ခင်ဗျားက ကောက်ကျင်းနယ်ကို လိုက်သွားချင်တာလား ဗျာ"

"ဟုတ်ပါတယ်ဗျာ၊ ကောက်ကျင်းနယ်မှာ 'ရွှေမျက်နှာ'ဆိုတဲ့ လူဆိုးတစ်ယောက် သတင်းကြီးနေတယ်လို့ ကျုပ် စုံစမ်းသိရှိခဲ့ရတယ်၊ ရွှေမျက်နှာရဲ့လက်ချက်ကြောင့် နာမည်ကြီးသိုင်းသမားအတော်များများ..."

သူ၏စကားမဆုံးမီ ဖုံးစိန်က လက်ကာပြလိုက်သည်။

"ကျုပ် သဘောပေါက်ပြီ၊ ခင်ဗျားက ချင်းထီတို့ကို လိုက်ရှာချင်တယ်ဆိုယင် ကျုပ်လည်း အဖော်လိုက်ခဲ့ပါ့မယ်ဗျာ"

ရှမ်းကုံး ဝမ်းသာသွားလေတော့သည်။

* * *



ကောက်ကျင်းနယ်မှာ တောတောင်ရေမြေသဘာဝ အလှအပများဖြင့် သာယာလှပနေသော နယ်မြေဒေသကြီးတစ်ခု ဖြစ်လေသည်။

သို့သော်...

ကောက်ကျင်းနယ်၏ အေးချမ်းသာယာလှပမှုအပေါင်းကို ရွှေမျက်နှာလူဆိုးကြီးက ဖျက်ဆီးနေပါသည်။

ကုန်သည်ပွဲစားများ၊ အာမခံဌာနများသည် ကောက်ကျင်းနယ်ကို ခြေမချဝံ့အောင်ဖြစ်ရလေသည်။

ကောက်ကျင်းနယ်ထဲမှ သူဌေးသူကြွယ်များသည်လည်း ရပ်ဝေးသို့ ပြောင်းရွှေ့ကုန်ကြပြီ ဖြစ်လေသည်။

သို့ပါလျှက်...

ရာသီဥတုသာသာယာယာ ရှိနေသော ယနေ့တွင် လူငါးယောက်က မြင်းလှည်းတစ်စီးကို ခြံရံကာ ကောက်ကျင်းနယ်ထဲသို့ ဝင်ရောက်လာခဲ့ကြလေသည်။

မြင်းလှည်းပေါ်၌ 'ငွေလုံအာမခံဌာန' ဟုရေးသားထားသော အလံတစ်ခု လွှင့်ထားထားလေသည်။

ငွေလုံအာမခံဌာနသည် နာမည်ဆိုးဖြင့် သတင်းကြီးနေသော ကောက်ကျင်းနယ်ထဲသို့ အတင့်ရဲစွာ ဝင်ရောက်လာခဲ့ကြသည်မှာ အဘယ်ကြောင့်ပါနည်း။ အမှန်တော့....

ငွေလုံအာမခံဌာနဟူသည်မှာ ရွှေမျက်နှာ သဘောကျသွားအောင် လုံ့ဝိဇ္ဇာဖုံးစိန်က ငါးစာချထားခြင်း ဖြစ်သည်။

ဖုံးစိန်သည် တပည့်ငါးယောက်နှင့် မိတ်ဆွေတစ်ယောက်ကိုခေါ်ကာ ရှမ်းကုံးနှင့်အတူ လိုက်လာခဲ့ခြင်းဖြစ်လေသည်။

ရှမ်းကုံးက မြင်းလှည်းမောင်းသမားအဖြစ် ရုပ်ဖျက်ထားသည်။

ဖုံးစိန်၏တပည့်ငါးယောက်က အာမခံအဖွဲ့သားများအဖြစ် ဟန်ဆောင်ထားကြသည်။

ဖုံးစိန်နှင့် သူ၏မိတ်ဆွေကမူ မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာခဲ့ကြလေသည်။

ဖုံးစိန်က ကောက်ကျင်းနယ်ထဲသို့ မရောက်မီကပင် အဖိုးတန်ရွှေငွေကျောက်မျက်ရတနာများ သယ်ဆောင်လာသည်ဟုကြိုတင် သတင်းလွှင့်ထားလိုက်သေး၏။

သတင်းကြီးနေသည့် ရွှေမျက်နှာ လာမလုဘဲ နေမည်ကို မပူရတော့ချေ။

ဖုံးစိန်တို့ မျှော်လင့်ထားသည့်အတိုင်း ကောက်ကျင်းနယ်ထဲသို့ရောက်ရှိလာကြပြီး သုံးရက်မြောက်သောနေ့ လူပြတ်သော တောအုပ်တစ်ခုသို့ ရောက်လျှင်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လမ်းဘေးဝဲယာရှိ သစ်ပင်ချုံပုတ်များကြားမှ လူတစ်စု ပြေးထွက်လာကာ ဟန့်တားလိုက်ကြလေတော့သည်။

* * *



"ဟေး...ရပ်လိုက်"

ရှမ်းကုံးက မြင်းများကို အော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

ဖုံးစိန်၏တပည့်ငါးယောက်က လက်နက်များ ဆွဲထုတ်ပြီး မြင်းလှည်းကို အကာအကွယ်ပေးထားလိုက်ကြ၏။

ဖုံးစိန်ကား မြင်းလှည်းအိမ်ထဲမှ ထွက်လာခြင်းမရှိသေးချေ။

ရှမ်းကုံးက မြင်းလှည်းမောင်းသူနေရာမှ ခုန်ဆင်းကာ ရန်သူကို ရင်ဆိုင်လိုက်လေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ကာ လက်နက်အသီးသီးကိုင်ဆောင်ထားကြသည့် လမ်းဓားပြနှစ်ဆယ်ခန့်က နှောက်ယှက်လာကြခြင်း ဖြစ်လေသည်။

ရှမ်းကုံးက တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ကျုပ်တို့ အာမခံဌာနကို နှောက်ယှက်ဝံ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ မင်းတို့ ဒုက္ခမရောက်ချင်ယင် မြန်မြန်ထွက်သွားကြစမ်း"

ဟုအော်ငေါက် မောင်းထုတ်လိုက်လေသည်။

လမ်းဓားပြများ အမှုမထားကြချေ။

ရှမ်းကုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ သည်လောက် အတင့်ရဲနေပုံထောက်ယင် ကောက်ကျင်းနယ်မှာ သောင်းကျန်းနေတဲ့ ရွှေမျက်နှာရဲ့လူတွေပဲ ဖြစ်မယ်ထင်တယ်"

လမ်းဓားပြတစ်ယောကက် ရယ်မောလိုက်လေသည်။

"သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်တို့ဆရာ ရွှေမျက်နှာအကြောင်း သိတယ်ဆိုယင် ပစ္စည်းတွေထားပြီး ခင်ဗျားတို့ ထွက်သွားကြပေတော့"

ရှမ်းကုံးကလည်း ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား..ကျုပ်တို့က ရွှေမျက်နှာကို ဆုံးမချင်တဲ့ လူတွေဆိုတာ မင်းတို့မသိကြသေးဘဲကိုး"

စကားဆုံးလျှင် ဓားပြများထဲသို ခုန်ဝင်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

ဖိုးစိန်၏တပည့်ငါးယောက်ကလည်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြလေသည်။

ရှမ်းကုံးက တိုက်ပွဲကို ဖန်တီးလိုက်သည်နှင့် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

"တိုက်ကြဟေ့"

လမ်းဓားပြများကလည်း ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မိလိုက်ကြသည်နှင့်...

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လမ်းဓားပြများ အထိနာကာ ဖရိုဖရဲ နောက်ဆုတ်သွား



ကြရတော့သည်။

"ဟား..ဟား..ဟား"

ရှမ်းကုံး လှောင်ပြောင်ရယ်မောလိုက်သည်။

တဖန်..

"ကျုပ်တို့ကို ဒုက္ခပေးချင်တယ်ဆိုယင် ရွှေမျက်နှာကို သွားခေါ်လိုက်ကြ"

ဟုစိန်ခေါ်လိုက်လေသည်။

လမ်းဓားပြ ထက်ဝက်ခန့် မြေပေါ်လဲကျနေကြသကဲ့သို့ ကျန်တစ်ဝက်မှာလည်း ဒဏ်ရာကိုယ်စီရထားကြပြီ ဖြစ်သည်။

လမ်းဓားပြများသည် ရှမ်းကုံးတို့အား ဆက်၍မတိုက်ခိုက်ဝံ့အောင် ထိတ်လန့်နေပြီဖြစ်လေသည်။

သို့သော် တစ်ယောက်မှ နောက်ဆုတ်ထွက်ပြေးသွားခြင်း မပြုကြပါချေ။

အဘယ်ကြောင့်ပါနည်း။

ရွှေမျက်နှာက အနီးပတ်ဝန်းကျင်၌ ရှိနေခြင်းကြောင့် ထွက်မပြေးဝံ့ကြခြင်းဖြစ်ကြောင်း ရှမ်းကုံး နားလည်လိုက်လေသည်။

ရှမ်းကုံး အော်ပြောလိုက်သည်။

"ရွှေမျက်နှာ သည်အနီးပတ်ဝန်းကျင်မှာ ခင်ဗျားရှိနေတယ်ဆိုတာ ကျုပ်တို့ မသိဘူးမှတ်နေသလား၊ လိပ်လို ခေါင်းဝှက်ပြီးပုန်းမနေပါနဲ့ ထွက်လာခဲ့ပါဗျာ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

“ဟူး”

လေပြင်းတစ်ချက် တိုက်ခတ်လာကာ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

ထိုလူမှာ ရွှေမျက်နှာဖုံးစွပ်ထားသည့် နာမည်ကျော်ဓားပြကြီးရွှေမျက်နှာ ဖြစ်ပါတော့သည်။

ရွှေမျက်နှာ ရောက်လာသည်နှင့်...

“တိုက်ကြဟေ့”

“ယား”

ဖုံးစိန်၏တပည့်ငါးယောက်က ညာသံပေးကာ ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ရှမ်းကုံး ဟန့်တားဖို့ အချိန်မရလိုက်ချေ။

ရှမ်းကုံး ရင်ထိတ်သွားပြီး...

“သတိထားကြ”

ဟုအော်ပြောလိုက်သော်လည်း နောက်ကျသွားပြီဖြစ် သည်။

“မင်းတို့ သေချင်နေကြတာပဲ”

ရွှေမျက်နှာ လက်တစ်ဘက်ဝှေ့ယမ်းလိုက်လျှင်...

“ဝှစ်..ဝှစ်..ဝှစ်”

အဆိပ်လက်နက်ပုန်းလေးများ ပစ်လွှင့်လာကာ ဖုံးစိန်၏ တပည့်သုံးယောက်အား ထိမှန်သွားတော့သည်။

“အား”



“အမယ်လေး”

“သေပါပြီဗျ”

ဖုံးစိန်၏တပည့်သုံးယောက် ရူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွားတော့သည်။

အပ်ကလေးများ၌ သုတ်လိမ်းထားသော အဆိပ်က ပြင်း ထန်လှသည်ဖြစ်ရကား ထိုလူသုံးယောက်၏ တစ်ကိုယ်လုံး မီးသွေး တုံးပမာ နည်းနက်သွားတော့သည်။

“ဟင်”

“ဟာ”

ကျန်နှစ်ယောက် အထိတ်တလန့်ဖြင့် နောက်ဆုတ်ရန် ကြိုး စားလိုက်ကြသည်။

ရွှေမျက်နှာ ခေါင်းခါယမ်းလိုက်လေသည်။

“ခုမှတော့ နောက်ဆုတ်လို့ မရတော့ဘူးကွ”

စကားဆုံးလျှင် လျှပ်တပြက်ရွေ့တိုးကာ ထိုလူနှစ်ယောက် အား တိုက်ခိုက်လိုက်လေသည်။

ထိုလူနှစ်ယောက်လည်း လက်နက်များဝှေ့ယမ်းကာ အ ကြောက်အကန် ပြန်လည်ခုခံလိုက်ကြသည့်တိုင်...

“သွားစမ်း”

“ခြွမ်း..ခြွမ်း”

ရွှေမျက်နှာကသူတို့၏လက်နက်များကို လုယူကာ ချိုးဖွဲ့ပစ် လိုက်သည်။

တဆက်တည်းပင်..

"သေလိုက်ကြစမ်း"

လက်ဝါးဖြင့် ရိုက်ချလိုက်လျှင်...

"အား"

"အမယ်လေး"

ထိုလူနှစ်ယောက် စူးရှစွာအော်ဟစ်ယင်း မြေပေါ်လဲကျ အသက်ပျောက်သွားကြလေတော့သည်။

* * *

ရွှေမျက်နှာ ရောက်လာသည်နှင့် မျက်စိတမှိတ် လျှပ်တပြက်အချိန်လေးအတွင်းမှာပင် ဖုံးစိန်၏တပည့်ငါးယောက် ရက်ရက်စက်စက် တိုက်ခိုက်ခံရကာ အသက်ပျောက်သွားကြလေတော့သည်။

ရှမ်းကုံး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"မင်း..မင်း"

ရွှေမျက်နှာ ရယ်မောလိုက်သည်။

"ကောက်ကျင်းနယ်ကို လာမယ်ဆိုယင် ကျုပ်ရဲ့အကြောင်းကိုအယင်ဆုံး လေ့လာစုံစမ်းခဲ့ဖို့ ကောင်းတာပေါ့ဗျာ"

ရှမ်းကုံး အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ဂရုစိုက်နေရမှာလား၊ ခင်ဗျားကို ဆုံးမချင်လို့ အာမခံအဖွဲ့တစ်ခုလို ဟန်ဆောင်ပြီး လာခဲ့တယ်ဆိုတာ



မှတ်ထားစမ်းပါ"

ရွှေမျက်နှာ ကြောင်အမ်းအမ်း ဖြစ်သွားည်။

"ဘာပြောတယ်"

ရှမ်းကုံးက...

"ကျုပ်ရဲ့သွေးသောက်ညီအစ်ကိုတွေဖြစ်တဲ့ ချင်းထီနဲ့ဟန်စုဘယ်မှာလဲ၊ သူတို့အကြောင်းကို ခင်ဗျားသိရမယ်"

ရွှေမျက်နှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရဲသုံးဖော်မှာ ပါဝင်တဲ့ ချင်းထီနဲ့ဟန်စု ဟုတ်လား"

"ဟုတ်တယ်"

"သူတို့ သေသွားပြီ"

"ဘာ"

"သူတို့ဟာ ကုန်သည်ဝမ်းရဲ့ရွှေချောင်းတွေကို သယ်လာတဲ့ဖွဲ့မာန်အာမခံအဖွဲ့အကြောင်း လာပြီးစုံစမ်းကြတာ၊ ကျုပ်ကို ဒုက္ခပေးမယ့်လူတွေဖြစ်နေလို့ ကျုပ်က ဆုံးမလိုက်တာပေါ့"

"တောက်"

ရှမ်းကုံး တက်ခေါက်လိုက်မိလေသည်။

ချင်းထီနှင့်ဟန်စုတို့ ကြမ္မာဆိုးကြုံတွေ့သွားရပြီဖြစ်ကြောင်း သေချာသွားပြီ မဟုတ်ပါလား။

ရွှေမျက်နှာ မည်မျှပင် ကြောက်စရာကောင်းပါစေ၊ သူ၏အသက်သေချင်သေပါစေ၊ ရင်ဆိုင်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ရှမ်းကုံး အံတင်းတင်း ကြိတ်လိုက်သည်။

"ရွှေမျက်နှာ..ခင်ဗျား သေဖို့သာပြင်ထားပေတော့"

သူက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"ခဏနေဦး"

ဟန့်တားသံနှင့်အတူ မြင်းလှည်းတံခါး ပွင့်သွားပြီးလူနှစ်ယောက် ခုန်ထွက်လာကြလေသည်။

ထိုလူနှစ်ယောက်မှာ လုံ့ဝိဇ္ဇာဖုံးစိန်နှင့် သူ၏မိတ်ဆွေဖြစ်လေသည်။

ရွှေမျက်နှာသည် လူရိပ်နှစ်ခု ခုန်ထွက်လာသည်ကိုမြင်လျှင် အဆိပ်အပ်ကလေးများ ပစ်လွှတ်လိုက်လေသည်။

ဖုံးစိန်က...

"သွားစမ်း"

အကျီလက်ကို ဝှေ့ယမ်းလိုက်လျှင် လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး အဆိပ်အပ်ကလေးများ ပြန်လည်လွင့်စဉ်သွားလေသည်။

အဆိပ်အပ်ကလေးများသည် စုရုံးနေကြသော ရွှေမျက်နှာ၏နောက်လိုက်များထံသို့ ပစ်လွင့်သွားလျှင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ရွှေမျက်နှာ၏တပည့် လူဆိုးဓားပြ လေးငါးယောက် လဲကျသွားတော့သည်။



"ဟင်"

ရွှေမျက်နှာ ရင်ထိတ်သွားလေသည်။

ဖုံးစိန်အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ခင်ဗျား"

ဖုံးစိန် ပြုံးလိုက်သည်။

"လုံ့ဝိဇ္ဇာဖုံးစိန်ဆိုတာ ကျုပ်ပါပဲ"

ပြောယင်း ခါးကြားထိုးထားသော ငွေလှံ့ကို ထုတ်ယူလိုက်လေသည်။

ဖုံးစိန်၏ မိတ်ဆွေမှာ အပြာရောင်ဝတ်ဆင်ကာ စာပေသမားတစ်ယောက်အသွင် ရှိလေသည်။

သူ၏လက်ထဲ၌ စုတ်တံတစ်ချောင်းနှင့် စာအုပ်တစ်အုပ်ကိုင်ထားလေသည်။

ရွှေမျက်နှာ မကျေမနပ် ဖြစ်သွားလေသည်။

"လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်နဲ့ရင်ဆိုင်ဖို့ လာခဲ့ကြတာကိုး"

ဖုံးစိန်က....

"ရွှေမျက်နှာ ခင်ဗျားအသုံးပြုခဲ့တဲ့ အဆိပ်အပ်ကလေးတွေကိုကြည့်ယင် ခင်ဗျားဟာ သူရဲကောင်းသိုင်းသမား လေးယောက်ဖြို့ခွဲလို့ ပျက်စီးသွားတဲ့ အမှောင်ဂိုဏ်းက ဒုဂိုဏ်းချုပ်'မော်ပု' ဖြစ်လိမ့်မယ်"

ထိုစကားကြားလျှင် ရွှေမျက်နှာ ကပျာကယာ နောက်ဆုတ်

လိုက်လေသည်။

ဖုံးစိန်က…

"မော်ပု..အမှောင်ဂိုဏ်းက ထွက်ပြေးခဲ့ရတာတောင် မမှတ်သေးဘဲ ဆက်ပြီး ဆိုးသွမ်းချင်သေးတာကိုး၊ ခင်ဗျားဘာကြောင့်သည်လောက်တောင် မိုက်လုံးကြီးချင်နေရတာလဲ၊ ခင်ဗျားရဲ့လုပ်ရပ်တွေကြောင့် ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး"

ရွှေမျက်နှာ မြေပေါ် ခြေဆောင့်လိုက်သည်။

"ကျုပ်က ခင်ဗျားတို့ကို ကြောက်နေမယ်များ ထင်နေသလား"

ဖုံးစိန်က…

"ခင်ဗျား ဘာများတတ်နိုင်မှာလဲ"

ငွေလှံကိုအသုံးပြုကာ စတင်တိုက်ခိုက်လိုက်ကြလေသည်။

အမှောင်ဂိုဏ်းမှ ထွက်ပြေးလွတ်မြောက်သွားသော 'အရိပ်မဲ့အဆိပ်'မော်ပုမှာ ကောက်ကျစ်စဉ်းလဲသူ၊ ရက်စက်ကြမ်းကြုတ်သူ အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံး သိထားကြလေသည်။

ထို့ကြောင့် အပြီးတိုင်သုတ်သင်ရှင်းလင်းပစ်ရန် ဖုံးစိန်က ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

ရွှေမျက်နှာ (ဝါ) အရိပ်မဲ့အဆိပ်မော်ပုက ဖုံးစိန်အား ကြောက်ရွံ့ထိတ်လန့်နေသည်တော့ မဟုတ်ပါ။

သူ၏လျှို့ဝှက်ချက် ပေါ်ပေါက်သွားခြင်းကြောင့် ထိတ်လန့်



သွားခြင်း ဖြစ်လေသည်။

ဖုံးစိန် တိုက်ခိုက်လာသည်နှင့် ရွှေမျက်နှာက လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

* * *

ရွှေမျက်နှာ(ဝါ)အရိပ်မဲ့မော်ပုအား သုတ်သင်ရှင်းလင်းပစ်ရမည်ဖြစ်ကြောင်း ရှမ်းကုံးလည်း နားလည်ထားလေသည်။

ဖုံးစိန်က ငွေလှံကို အသုံးပြုကာ တိုက်ခိုက်နေ၏။

ရွှေမျက်နှာကလည်း လက်ဝါးနှစ်ဘက်ဖြင့် ပြန်လည်တိုက်ခိုက်နေသည်။

ရွှေမျက်နှာ၏ လက်ဝါးနှစ်ဘက်မှာ မည်းနက်နေခြင်းကြောင့် အဆိပ်များ သုတ်လိမ်းထားကြောင်း ပေါ်လွင်နေ၏။

ရွှေမျက်နှာသည် ဖုံးစိန်၏ငွေလှံကို ဖမ်းယူဖို့ကြိုးစားနေ၏။

ဖုံးစိန်က စိတ်တိုင်းကျ တိုက်ခိုက်နိုင်ခြင်းမရှိအောင် အဆိပ်အပ်ကလေးများဖြင့်လည်း တစ်ချက်တစ်ချက် တိုက်ခိုက်လိုက်လေသည်။

ဖုံးစိန်မှာ သိုင်းပညာအရ ရွှေမျက်နှာကို ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အပြင် အထက်စီးရယူနိုင်မည် ဖြစ်ပါသည်။

သို့သော်…

ရွှေမျက်နှာက အဆိပ်အပ်ကလေးများနှင့် အဆိပ်လက်ဝါး

ကိုအသုံးပြုနေခြင်းကြောင့် အထက်စီးမရဘဲ အခက်ကြုံနေတော့သည်။

အခြေအနေ စောင့်ကြည့်နေသော ရှမ်းကိုးက...

"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

အော်ပြောယင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ဖုံးစိန်နှင့်အတူ လက်တွဲကာ ရွှေမျက်နှာအား တိုက်ခိုက်လိုက်လေသည်။

ရှမ်းကိုးမှာ တစ်ယောက်ချင်းသာ ယှဉ်ပြိုင်ရမည်ဆိုလျှင် ရွှေမျက်နှာအား ယှဉ်နိုင်လိမ့်မည် မဟုတ်ပါချေ။

သို့သော် ဖုံးစိန်နှင့်လက်တွဲလိုက်သောအခါ ရွှေမျက်နှာ နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်ခဲ့လေသည်။

နှစ်ယောက်သား တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြရာ သိုင်းကွက်သုံးဆယ်ခန့် ရောက်လျှင် ဖုံးစိန်၏ငွေလှံက ရွှေမျက်နှာ၏ ပခုံးကို ထိုးမိလိုက်လေသည်။

"အား"

ရွှေမျက်နှာ အော်ဟစ်လိုက်သည်။

သူ၏ပခုံး၌ သွေးချင်းချင်းနီရဲသွားလေသည်။

ရွှေမျက်နှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

"မပြေးနဲ့"

ရှမ်းကိုး အော်ငေါက်ကာ ပြေးလွှားလိုက်သွား၏။



ထိုအချိန်မှာပင်...

"သေလိုက်စမ်း"

ရွှေမျက်နှာက ချာခနဲလှည့်ကာ ရှမ်းကိုးအား တိုက်ခိုက်လိုက်လေသည်။

ရှမ်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရွှေမျက်နှာ ထွက်ပြေးသွားမည် ယူဆပြီး ယခုကဲ့သို့ ရုတ်တရက်နောက်လှည့်ကာ ပြန်လည်တိုက်ခိုက်လာမည်ဟု မမျှော်လင့်ပါချေ။

ထို့ကြောင့် ရွှေမျက်နှာက အဆိပ်အပ်ကလေးများဖြင့် ပစ်ခတ်လိုက်သောအခါ ရှောင်တိမ်းရန် နောက်ကျသွားလေတော့သည်။

တိတ်တဆိတ် ပစ်သွင်းလာသော အဆိပ်အပ်ကလေးများသည် ရှမ်းကိုး၏ရင်ဝသို့ တိုးဝင်သွားတော့သည်။

"အား"

ရှမ်းကိုးလည်း မြေပေါ်လဲကျသွားလေတော့သည်။

* * *

ပြင်းထန်သော အဆိပ်ကြောင့် ရှမ်းကုံး၏ခြေလက်များ တွန့်လိမ်ကောက်ကွေးသွားလေသည်။

ဝေဒနာဆိုးကြောင့် စူးစူးဝါးဝါး အော်ဟစ်လိုက်၏။

သူ၏တစ်ကိုယ်လုံး မည်းနက်ပြာနှမ်းသွားသည်။

ရှမ်းကုံး မချိမဆန့်သေဆုံးသွားရပုံကို ကြည့်ကာ ဖုံးစိန် ဒေါသ ချောင်းချောင်း ထွက်သွားတော့သည်။

ရှမ်းကုံးမှာ ရွှေမျက်နှာ၏ လှည့်ကွက်ထဲဝင်မိ၍ ဒုက္ခရောက်သွားရခြင်း ဖြစ်လေသည်။

"ဟား..ဟား..ဟား"

ရွှေမျက်နှာ ဟားတိုက်ရယ်မောလိုက်လေသည်။

"ကဲ..ခင်ဗျားတို့ နှစ်ယောက်ကော"

ဖုံးစိန်အား မခန့်လေးစား မေးလိုက်လေသည်။

ဖုံးစိန်က...

"စိတ်ချ..ကျုပ်က မင်းကို မဆုံးမရဘဲ ကောက်ကျင်းနယ်ကပြန်မသွားဘူး"

ငွေလှံ ငှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ်...

စာပေသမားကလည်း လက်ပိုက်ကြည့်မနေဘဲ ခုန်ဝင်လာလေတော့သည်။

စာပေသမားမှာ 'သံစုတ်တံစာပေသမား' ဟုထင်ရှားသော မြေလတ်သိုင်းသမား ကျန်းအိမင် ဖြစ်လေသည်။



ကျန်းအိမင်၏ သိုင်းပညာထက်မြက်လှသဖြင့် ဖုံးစိန်က အကျိုးအကြောင်း ပြောပြအကူအညီ တောင်းကာခေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ဖုံးစိန်နှင့် ကျန်းအိမင်တို့နှစ်ယောက် လက်တွဲကာ တိုက်ခိုက်လိုက်လျှင် ရွှေမျက်နှာ နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

ဖုံးစိန်က...

"ကျုပ်တို့ကိုတော့ လှည့်စားလို့ရမယ် မထင်နဲ့"

ဟုကြုံးဝါးပြီး အလှည့်စားမခံဘဲ ဖိ၍တိုက်ခိုက်လိုက်၏။

စာပေသမားကျန်းအိမင်ကလည်း ထောင့်စေ့အောင် ဝိတ်ဆို့ တိုက်ခိုက်လိုက်လေသည်။

ရွှေမျက်နှာ အကြပ်ရိုက်သွား၏။

အဆိပ်သုတ်လိမ်းထားသော လက်ဝါးနှစ်ဘက်ဖြင့် အဆက်မပြတ် ရိုက်ထုတ်ကာ ခုခံနေသည့်ကြားမှ ဖုံးစိန်၏ငွေလှံက ရွှေမျက်နှာ၏ဝမ်းဗိုက်ကို ထိုးစိုက်မိလိုက်လေသည်။

ထို့အတူ...

စာပေသမားကျန်းအိမင်၏ သံမဏိစုတ်တံကလည်း ဖုံးစိန်၏ယာဘက်ပခုံးကို ထိုးစိုက်မိလိုက်လေသည်။

"အား"

ဖုံးစိန် အသံနက်ကြီးဖြင့် အော်လိုက်သည်၊

ရွှေမျက်နှာ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ မြေပေါ် ဖင်ထိုင်လဲကျသွားလေသည်။

"တောက်"

အရေးနိမ့်သွားခြင်းကြောင့် ခံပြင်းသွားပြီး တက်ခေါက်လိုက်လေသည်။

လက်နှစ်ဘက်ဝှေ့ယမ်းကာ အဆိပ်အပ်ကလေးများဖြင့်လည်း ပစ်ခတ်လိုက်လေသည်။

အဆိပ်အပ်ကလေးများ ပစ်လွှင့်လာသောအခါ ကျန်းအိမင်က လက်ထဲကိုင်ထားသော စာအုပ်ဖြင့် ခံပေးလိုက်လေသည်။

"တောက်..တောက်..တောက်"

အဆိပ်အပ်ကလေးများသည် စာအုပ်ကလေး၌ ကပ်ငြိသွားလေတော့သည်။

ကျန်းအိမင်က စာအုပ်ကို ဝှေ့ယမ်းလိုက်လျှင် အဆိပ်အပ်ကလေးများသည် ရွှေမျက်နှာထံသို့ ပြန်လည်ပစ်လွှင့်သွားလေသည်။

"ဟာ"

ရွှေမျက်နှာ ထိတ်လန့်ကာ မြေပေါ် လူးလိမ့်ရှောင်တိမ်းလိုက်ရလေသည်။

ဖုံးစိန်က...

"သေပေတော့"

ရှမ်းကုံး အကောက်ကြံခံရကာ သေဆုံးသွားခြင်းကြောင့် ဒေါသထွက်နေပြီး ညှာတာထောက်ထားခြင်းမပြုတော့ဘဲ ရွှေမျက်နှာအား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပြီဖြစ်လေသည်။

ဖုံးစိန်က တရကြမ်း တိုက်ခိုက်လိုက်လျှင် ရွှေမျက်နှာရှောင်



တိမ်းနေသည့်ကြားမှ ကျောပြင်၌ ထိုးစိုက်မိသွားပြန်လေတော့သည်။

"အား"

ရွှေမျက်နှာ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ပြီး မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

* * *

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ရှမ်းကုံးနှင့် ဖုံးစိန်၏တပည့် ငါးယောက် သေဆုံးသွားကြသကဲ့သို့ ရွှေမျက်နှာလည်း သေဆုံးသွားပြီ ဖြစ်လေသည်။

ဖုံးစိန်နှင့် ကျန်းအိမင်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

"ကျုပ်တို့က ရွှေမျက်နှာကို သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ပေမယ့် ရှမ်းကုံး သေဆုံးသွားတာတော့ အတော်ကို ဝမ်းနည်းစရာကောင်းပါတယ်ဗျာ"

ကျန်းအိမင်က...

"ရှမ်းကုံးဟာ သူ့ရဲကောင်းတစ်ယောက်အဖြစ် သေဆုံးသွားခဲ့တာပါပဲလေ"

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဖုံးစိန်နှင့်ကျန်းအိမင်တို့ အချင်းချင်း ကြည့်လိုက်ကြသည်။

ကျန်းအိမင်က...

“ကျုပ်တို့ သွားကြပါစို့ဗျာ”

ဟုပြောလျှင် ဖုံးစိန် သဘောတူလိုက်လေသည်။

“ကောင်းပြီလေ”

နှစ်ယောက်သား မြင်းလှည်းဆွဲသည့် မြင်းနှစ်ကောင်ကို ဖြုတ်ယူလိုက်ကြလေသည်။

နှစ်ယောက်သား မြင်းနှစ်ကောင်ပေါ်သို့တက်ရန် ဟန်ပြင်လိုက်ကြ၏။

သို့သော်...

မြင်းပေါ် မတက်ဖြစ်သေးဘဲ နောက်လှည့်ကြည့်လိုက်ကြလေသည်။

ရွှေမျက်နှာကား မြေပေါ်၌ မှောက်ခုံကြီးလဲကျကာ မလှုပ်မယှက် ရှိနေသည်။

ကျန်းအိမင်နှင့် ဖုံးစိန်တို့ အချင်းချင်းကြည့်လိုက်ကြ၏။

သူတို့သည် ရွှေမျက်နှာကို စိတ်မချနိုင်ကြပါချေ။

ရွှေမျက်နှာသည် အလွန်ဉာဏ်များသူ တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

နှစ်ယောက်သား တိုင်ပင်ထားစရာမလိုဘဲ ရွှေမျက်နှာထံသို့ လှမ်းသွားလိုက်ကြလေသည်။

အနီးသို့ရောက်သွားကြသည်အထိ ရွှေမျက်နှာကား တုတ်တုတ်မျှ မလှုပ်ချေ။



ဖုံးစိန်က...

“သူ သေသွားပြီထင်တယ်”

ကျန်းအိမင် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ”

ဖုံးစိန်က...

“ဒိုပြီး သေချာသွားအောင်”

စကားဆုံးအောင်မပြောဘဲ လက်ထဲမှငွေလှံဖြင့် ရွှေမျက်နှာ၏ကျောပြင်ကို ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။

“နေဦး”

ကျန်းအိမင်က ဟန့်တားလိုက်သည်။

ဖုံးစိန်က...

“ဘာဖြစ်လို့လဲဗျ”

ကျန်းအိမင်က...

“ဒါကတော့ ရက်စက်လွန်းပါတယ်ဗျာ၊ ကျုပ်ကြည့်လိုက်ပါဦးမယ်”

ဖုံးစိန်က ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျန်းအိမင်က ရှေ့တိုးပြီး ရွှေမျက်နှာ၏အလောင်းအနီး၌ ဒူးထောက်ချကာ စစ်ဆေးကြည့်ရန် ဟန်ပြင်လိုက်လေသည်။

ရွှေမျက်နှာကား မလှုပ်မယှက်။

ကျန်းအိမင်က မှောက်ခုံကြီးဖြစ်နေသော ရွှေမျက်နှာကို ပက်လက်အနေအထားဖြစ်အောင် ဆွဲလှန်လိုက်သည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ရွှေမျက်နှာ၏လက်တစ်ဘက် လှုပ်ရှားသွားပြီး အဆိပ်အပ်ကလေးများ တရစပ်ပစ်လွှင့်လာလေတော့သည်။

အနီးကပ်ရှိနေပြီဖြစ်သော ကျန်းအိမင် မရှောင်နိုင်တော့ပါချေ။

"အား"

အဆိပ်အပ်များထိမှန်ကာ ပက်လက်လန်လဲကျသွားတော့သည်။

ဖုံးစိန်က သတိရှိနေပါသည်။

ရွှေမျက်နှာသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်မှာ မှန်သော်လည်း တကယ်တမ်း သေဆုံးသွားခြင်းမရှိသေးဘဲ သေချင်ဟန်ဆောင်နေခဲ့ခြင်း ဖြစ်သည်။

ဖုံးစိန်က လက်ထဲမှ ငွေလုံးကို ပစ်လွှတ်လိုက်လေသည်။

"ဝှစ်"

"ဒုတ်"

"အား"

ငွေလုံးက ရွှေမျက်နှာ၏ရင်ဝတည့်တည့်သို့ စိုက်ဝင်သွားတော့သည်။

ရွှေမျက်နှာ ရူးရှစွာ အော်ဟစ်လိုက်သည်။

သို့တိုင်...

မိုက်လုံးကြီးစွာဖြင့် ဖုံးစိန်အား အဆိပ်အပ်ကလေးများဖြင့်



ပစ်ခတ်လိုက်ပြန်လေသည်။

ဖုံးစိန်သည် ရွှေမျက်နှာက ယခုအချိန်အထိ တိုက်ခိုက်လိမ့်ဦးမည်ဟု မယုံနိုင်ခဲ့ပါချေ။

ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင်အောင် သူ၏ခြေထောက်တစ်ဘက်၌ အဆိပ်အပ်တစ်ချောင်းထိမှန်သွားလေတော့သည်။

"အင့်"

ဖုံးစိန် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ခြေထောက်၌ စိုက်ဝင်နေသော အဆိပ်အပ်လေးကို ဆွဲနုတ်လိုက်သောအခါ သွေးမည်းများ စီးကျလာ၏။

ဖုံးစိန်က ဒဏ်ရာအနီးတဝိုက်မှ သွေးကြောများကို ထိုးပိတ်လိုက်လေသည်။

ထိုစဉ်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုံးစိန် ကြည့်လိုက်သောအခါ ရွှေမျက်နှာက ရယ်မောယင်း လူးလိမ့်ထလာသည်ကို တွေ့လိုက်ရလေသည်။

သွေးချင်းချင်းနီရဲကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ရွှေမျက်နှာမှာ တစ္ဆေသရဲတစ်ကောင်ပမာ ကြောက်မက်ဖွယ်ကောင်းနေပါတော့သည်။

ရွှေမျက်နှာ၏ တစ်ကိုယ်လုံး ပြင်းထန်သော ဒဏ်ရာများရရှိထားပြီ ဖြစ်လေသည်။

သို့တိုင် ယခုထိ သေဆုံးသွားခြင်းမရှိဘဲ ရယ်မောနေနိုင်သေးသည်မှာ အံ့သြစရာကောင်းလှတော့သည်။

"ဖိုးစိန်..ခင်ဗျား သွေးကြောပိတ်လိုက်ပေမယ့် ကျုပ်ရဲ့အဆိပ်ကို ဟန့်တားနိုင်မှာမဟုတ်ပါဘူး၊ ဘယ်သမားတော်မှလည်း ကျုပ်ရဲ့အဆိပ်ကို ဖြေပေးနိုင်မှာ မဟုတ်ပါဘူး၊ အဆိပ်ဖြေဆေးဟာ ကျုပ်တစ်ယောက်ထဲမှာပဲရှိတာ၊ အခု အဆိပ်အပ်ထိသွားပြီ၊ ခင်ဗျား သေရတော့မှာပဲ"

"မင်း"

ဖိုးစိန် ဒေါသတကြီး အော်ငေါက်ရန် ဟန်ပြင်လိုက်သော်လည်း စကားသံတစ်ဝက်တစ်ပျက်ဖြင့် ပျောက်ကွယ်သွားလေသည်။

အဆိပ်တက်လာပြီး အသက်ရှူမွန်းကြပ်လာသည်။

မျက်လုံးကြီးများလည်း ပြူးထွက်လာကာ...

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

"ဟား..ဟား..ဟား"

ရွှေမျက်နှာ ဟားတိုက်ရယ်မောလိုက်လေသည်။

ရယ်မောယင်း နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာလေသည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်လာပြီး..



"ဝုန်း"

မြေပေါ် လဲကျသွား၏။

သို့တိုင်...

ရွှေမျက်နှာ သေဆုံးသွားခြင်း မရှိသေးပါချေ။

မြေပေါ်တွားသွားကာ မြင်းတစ်ကောင်အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

"ဟီး..ဟီး..ဟီး"

မြင်းညိုကြီး တစ်ချက်ဟီလိုက်သည်။

ရွှေမျက်နှာက စုတ်သပ်၍မြင်းကို ချော့မော့လိုက်သည်။

တဖန် အားယူပြီး မြင်းပေါ်တက်လိုက်သည်။

ထို့နောက်...

"ဟီး..ဟီး..ဟီး"

"ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းဟီသံ၊ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မြင်းညိုကြီးသည် ရွှေမျက်နှာကို ကျောပေါ်တင်လျှက် ဒုန်းစိုင်း ပြေးလွှားသွားလေတော့သည်။

* * *

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်နေသည်။

မြင်းညိုကြီးတစ်ကောင်က တောလမ်းအတိုင်း ပြေးလွှားလာလေသည်။

မြင်းညိုကြီး၏ ကျောပေါ်၌ လူတစ်ယောက် မှောက်လျက်လိုက်ပါလာလေသည်။

ရွှေမျက်နှာ ဖြစ်လေသည်။

ရွှေမျက်နှာက မျက်နှာဖုံးစွပ်ကို ချွတ်ပစ်လိုက်ပြီ ဖြစ်သည်။

ထိုအခါ တည်ကြည်ခန့်ညားသည့် ဥပဓိရုပ်ရှိသူတစ်ဦးအသွင် ပေါ်လွင်လာသည်။

သူ့အား လူဆိုးဓားပြကြီးရွှေမျက်နှာဟု မည်သူမျှ ထင်မိကြမည် မဟုတ်ပါ။

အမှောင်ဂိုဏ်းမှ ဒုဂိုဏ်းချုပ်မော်ပုဟု ထင်မှတ်ကြမည်မဟုတ်ပါ။

မော်ပုသည် အမှောင်ဂိုဏ်း ဒုဂိုဏ်းချုပ်ဘဝကပင် သူ့အား မည်သူမျှ မမှတ်မိနိုင်အောင် မျက်နှာဖုံးစွပ် ရုပ်ဖျက်ကာ လှုပ်ရှားခဲ့သည် မဟုတ်ပါလား။

အမှောင်ဒုဂိုဏ်းချုပ်(ဝါ) ရွှေမျက်နှာ(ဝါ) မော်ပုသည် အုံသြစရာကောင်းအောင် အသက်ပြင်းလှသည်။

ဒဏ်ရာဗရပွရထားသော်လည်း ယခုတိုင် အသက်ရှင်နေ



သေးသည်။

မြင်းညိုကြီးသည် တောလမ်းအတိုင်း ဒုန်းစိုင်းပြေးလာယင်း လမ်းချိုးကွေ့တစ်ခုသို့ ရောက်လျှင်...

"ဝုန်း"

ချိုးကွေ့ပြေးလွှားလိုက်သည့်အရှိန်ကြောင့် မြင်းပေါ်မှပြုတ်ကျသွားလေတော့သည်။

မြင်းညိုကြီးက ဆက်၍ပြေးလွှားသွားတော့သည်။

* * *

မော်ပုမှာ မြင်းပေါ်မှပြုတ်ကျသွားသည့်အရှိန်ဖြင့် မြေပေါ် သုံးလေးပတ် လိမ့်သွားလေသည်။

သူ၏တစ်ကိုယ်လုံး ကျိုးပဲ့ကြေမွကုန်ပြီဟုပင် ခံစားလိုက်ရလေသည်။

"အား"

ပြင်းထန်သော နာကျင်မှုကြောင့် စူးရှစွာအော်ဟစ်လိုက်မိလေသည်။

သတိလစ်မေ့မျောလုမတတ်လည်း ဖြစ်သွားလေသည်။

သို့သော်..

မော်ပုက သတိလွတ်ကင်းမသွားရလေအောင် အားတင်းထားလိုက်လေသည်။

တောထဲတောင်ထဲ ကူညီစောင့်ရှောက်မည့်သူမရှိဘဲ သေဆုံးသွားရမည့်အဖြစ်ကို သူ မလိုလားပါချေ။

သူ အသက်ရှင်နေရဦးမည် ဖြစ်သည်။

တစ်ချိန်က အမှောင်ဂိုဏ်း ချေမှုန်းခံခဲ့ရပြီးသည့်နောက် သူသည် ပြင်းထန်သော ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ဒဏ်ရာများ ပျောက်ကင်းအောင် ကုသပြီး သူရဲကောင်းသိုင်းသမားလေးယောက်က ရသေ့ဝတ်သွားပြီး ပင်လယ်ထဲရှိ ကျွန်းများ၌ တစ်သက်လုံး နေထိုင်သွားတော့မည်ဟူသော သတင်းကြားရသောအခါ သူက ရွှေမျက်နှာဘွဲ့ထူးခံယူပြီး ကောက်ကျင်းနယ်၌ ထင်



တိုင်းကျဲခဲ့လေသည်။

ယခုတဖန်...

ဖုံးစိန်တို့ကြောင့် မရှုမလှခံလိုက်ရပြန်ပြီ ဖြစ်သည်။

သို့ပါသော်လည်း မော်ပုသည် ယခုတစ်ကြိမ်လည်း အသက်ရှင်လွတ်မြောက်နိုင်ဦးမည်ဟု ကိုယ့်ကိုကိုယ် ယုံကြည်ထားလေသည်။ သူက ထိုသို့ အခိုင်အမာ ယုံကြည်ထားသည်မှာ...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

တောလမ်းအတိုင်း ဒုန်းစိုင်းနှင်လာနေသော မြင်းခွာသံများကိုကြားလိုက်ရသည် မဟုတ်ပါလား။

ထွက်ပြေးသွားသော သူစီးနင်းလာသည့် မြင်းညိုကြီး၏ခွာသံမဟုတ်ပါ။

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည့် မြင်းခွာသံများဖြစ်လေသည်။

မြင်းခွာသံများ တစ်စထက်တစ်စ နီးကပ်လာလေသည်။

မြင်းစီးသမားတစ်စုသည် မော်ပု လဲကျနေသောနေရာနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေသည်။

"လူတစ်ယောက် လဲကျနေပါလား"

"ဟုတ်တယ် ဒဏ်ရာတွေနဲ့ဗျို့"

"လူဆိုးဓားပြတွေရဲ့ လက်ချက်မိခဲ့တာဖြစ်မယ်"

တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာ

လေသည်။ မရှေးမနှောင်းမှာပင် လူတစ်ယောက်က အနီးသို့ရောက်ရှိလာပြီး…

“မိတ်ဆွေ အားတင်းထား၊ ကျုပ်တို့ ခင်ဗျားကို ကူညီမယ်”

အားပေးပြောဆိုလိုက်သော စကားသံကို ကြားရ၏။

မော်ပုစိတ်ထဲမှ ပြုံးလိုက်သည်။

ထို့နောက် စိတ်လျှော့ချလိုက်ရာ လုံးဝ သတိလစ်မေ့မြောသွားလေတော့သည်။

မြင်းစီးသမားများသည် မော်ပုအား ဂရုဏာသက်ကာ ပြုစုပေးပြီးမြင်းတစ်ကောင်ပေါ်တင်ကာ ခေါ်ဆောင်သွားလေတော့သည်။

* * *



နွေ။

မိုး။

ဆောင်း။

ရာသီအလီလီ ပြောင်းလဲသွားပြီ ဖြစ်လေသည်။

တစ်နှစ်…နှစ်နှစ်..သုံးနှစ်..။

နှစ်များ ကုန်ဆုံးသွားသည်။

ရွှေမျက်နှာအား ကောက်ကျင်းတစ်နယ်လုံးက မေ့ပျောက်သွားကြလေတော့သည်။

ထို့အတူ….

* * *

## ဧည့်သည်

ရွှေဧည့်သည် တည်းခိုခန်း။

ရွှေဧည့်သည်တည်းခိုခန်း၏ ဆိုင်တံခါး တစ်ခြမ်းပိတ်ထားလိုက်ပြီ ဖြစ်သည်။

ညဉ့်နက်နေပြီ မဟုတ်ပါလား။

ထိုင်ခုံတစ်လုံးပေါ်၌ ထိပ်ပြောင်က ထိုင်ကာ ငိုက်မြည်းနေလေသည်။

ထိပ်ပြောင်သည် တည်းခိုခန်းဘာဝန်ခံဖြစ်သည်။

ယခုတလော တည်းခိုခန်း၌ လာရောက်တည်းခိုသည့် ဧည့်သည် နည်းပါးခြင်းကြောင့် စိတ်ပျက်မိသည်။

"နှစ်ကုန်တဲ့အထိ သည်အတိုင်းပဲ ဧည့်သည်ကျဲနေမယ်ဆိုယင်တော့ ဆိုင်ပိတ်လိုက်ရတော့မယ် ထင်တယ်"



ညဉ့်နက်သည့်တိုင် အိပ်စက်ခြင်း မပြုနိုင်သေးဘဲ ညည်းတွားလိုက်လေသည်။

ထိုစဉ်...

ခြေသံများ ထွက်ပေါ်လာပြီး ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အစိမ်းရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဖြစ်လေသည်။

တည်းခိုခန်းထဲ၌ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေ၏။

လူရွယ်သည် ထိပ်ပြောင် အိပ်ငိုက်နေသည်ထင်မှတ်သွားပြီး အသံပေးလိုက်သည့်အနေဖြင့် ချောင်းတစ်ချက် ဟန့်လိုက်လေသည်။

"အဟမ်း"

ထိပ်ပြောင် ခေါင်းထောင်လိုက်သည်။

"ကျုပ် အိပ်ငိုက်နေတာ မဟုတ်ပါဘူး၊ မောင်ရင်လေး အခန်းငှားမလို့လား"

"ဟုတ်ပါတယ်၊ အခန်းတစ်ခန်းလောက် လိုချင်လို့ပါ"

"ရပါတယ်..ရပါတယ်၊ အခန်းလွတ်တွေ အများကြီးရှိပါတယ်၊ ကြိုက်တဲ့အခန်း ယူပါ"

ထိပ်ပြောင်သည် စိတ်ရှည်လက်ရှည်ဖြင့် အခန်းလွတ်များကိုလိုက်လံပြသပေးလေသည်။

လူရွယ်က လေဝင်လေထွက် ကောင်းပြီး ပြတင်းပေါက်များ ပါသော အခန်းတစ်ခန်းကို ရွေးချယ်လိုက်လေသည်။

ထိပ်ပြောင်က ကျသင့်ငွေကို လက်ခံယူယင်း...

"မောင်ရင်လေးရဲ့နာမည်ကို ဘယ်လိုစာရင်းသွင်းရမလဲ" ဟုမေးလိုက်သည်။

လူရွယ်က...

"လှိုဖုန်းဝေဆိုယင် ရပါပြီခင်ဗျာ"

"လှိုဖုန်းဝေ"

"ဟုတ်ပါတယ်"

"ကောင်းပြီ...ကောင်းပြီ"

ထိပ်ပြောင် ပြန်ထွက်သွားလေသည်။

လူရွယ်မှာ ပင်လယ်ထဲရှိ ကျွန်းလေးကျွန်းမှနေ၍ ခရီးထွက်လာခဲ့သော လှိုဖုန်းဝေ ဖြစ်ပါသည်။

လှိုဖုန်းဝေသည် အများအကျိုး ဆောင်ရွက်ရန် သိုင်းလောကထဲရောက်ရှိလာပြီဖြစ်လေသည်။

လှိုဖုန်းဝေသည် ခရီးပမ်းလာသည့်အလျောက် အခန်းတံခါးပိတ်ကာ ကုတင်ပေါ် လှဲချလိုက်သည်နှင့် ချက်ချင်း အိပ်ပျော်သွားလေတော့သည်။

* * *



သည်။ ကျောက်ပေါက်မာက ငွေပေးချေပြီးလျှင်...

"သည်လို ပုလဲလုံးကလေးတွေ ရှိသေးယင် ကျုပ်ဆီမှာပဲ လာရောင်းပါ မိတ်ဆွေလေး၊ ကျုပ် ဈေးကောင်းကောင်း ပေးပါ့မယ်"

"ဟုတ်ကဲ့ ပုလဲရတာနဲ့ လာခဲ့ပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပြီ..ကောင်းပြီ"

လှိုဖုန်းဝေက ကျောက်ပေါက်မာကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

* * *

ယခု...

လှိုဖုန်းဝေ၏လက်ထဲ၌ ငွေအတော်များများ ရှိနေပြီဟုဆိုနိုင်သည်။

လှိုဖုန်းဝေက တစ်ခုခုစားသောက်မည်ဟု ကြံရွယ်ကာ စားသောက်ဆိုင်များရှိရာဘက်သို့ ထွက်လာခဲ့လေသည်။

စားသောက်ဖွယ်ရာများ ရောင်းချသည့် ဈေးတန်းဘက်၌ လူစည်ကားနေပါသည်။

လှိုဖုန်းဝေက ဟိုဟိုသည်သည် ကြည့်ကာ ဈေးတန်းထဲ လှမ်းဝင်လိုက်စဉ် အရက်မူးသမားသုံးယောက်က ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့ရာ ဝင်တိုက်မိလိုက်ကြလေတော့သည်။

ထိုလူသုံးယောက်မှာ တကယ်တမ်း မူးယစ်နေကြသည် မဟုတ်ဘဲ အရက်မူးချင်ဟန်ဆောင်နေကြခြင်း ဖြစ်ပါသည်။

အရက်သမားတစ်ယောက်က လျှို့ဖုန်းဝေ၏ငွေအိတ်ကို လှမ်းပြီးနှိုက်ယူလိုက်လေသည်။

ထိုလူက ကိုယ့်ကိုကိုယ် မထိန်းနိုင်သဖြင့် လျှို့ဖုန်းဝေအပေါ် လဲကျလာဟန်ဆောင်ကာ ငွေအိတ်နှိုက်ယူလိုက်ခြင်း ဖြစ်သည်။

"မိတ်ဆွေ လဲကျသွားပါဦးမယ်ဗျာ"

လျှို့ဖုန်းဝေက ထိုလူအား ထိန်းပေးထားလိုက်သလိုဖြင့် လက်ကောက်ဝတ်ကို လှမ်းဆုပ်ထားလိုက်လေသည်။

လက်ဆွဲခံလိုက်ရသူက ရုန်းထွက်လိုက်သော်လည်း ရုန်းထွက်၍မရတော့ပါ။

ထိုလူသည် နှိုက်ယူထားသော ငွေအိတ်ကို အခြားလူတစ်ယောက်ထံသို့ ပစ်ပေးလိုက်လေသည်။

"ဟိတ်"

လျှို့ဖုန်းဝေက ညာသံတစ်ချက်ပေးကာ ငွေအိတ်လေးကို ခြေထောက်ဖြင့် လှမ်းခတ်လိုက်လေသည်။

"ဖုတ်"

ငွေအိတ်ကလေးက အပေါ်မြောက်တက်သွားလေတော့သည်။ လျှို့ဖုန်းဝေက လက်တစ်ဘက်မြှောက်ကာ အသာအယာပင် ဖမ်းယူထားလိုက်လေသည်။ ထိုစဉ်...

"ယား"



အခြားအရက်သမားတစ်ယောက်က ဓားမြှောင်တစ်လက် ထုတ်ကာ လျှို့ဖုန်းဝေအား ပြေးဝင်တိုက်ခိုက်လာလေတော့သည်။

လျှို့ဖုန်းဝေက ဖမ်းဆီးထားသူအား လှုပ်ရှားခြင်းမပြုနိုင်အောင်သွေးကြောပိတ်လိုက်သည်။

တဆက်တည်းပင် ဓားဖြင့် ဝင်ထိုးသူ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ချုပ်ကိုင်လိုက်၏။

"ဓားလွှတ်လိုက်စမ်း"

ဟုငေါက်ကာ အားစိုက်ပြီး ဖျစ်ညှစ်လိုက်လျှင်...

"အမယ်လေး လက်ကျိုးပါပြီဗျာ"

ထိုလူ၏လက်ထဲမှဓား လွတ်ကျသွားသကဲ့သို့ မျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

လျှို့ဖုန်းဝေလည်း ထိုလူအား သွေးကြောပိတ်လိုက်ပြန်သည်။

အရက်သမားနှစ်ယောက် သွေးကြောပိတ်ခံလိုက်ရပြီး ကျောက်ရုပ်များအလား မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

လျှို့ဖုန်းဝေ ပြုံးလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် သည်အတိုင်း နေခဲ့ကြဦး၊ ကျုပ်တစ်ခုခု သွားစားလိုက်ဦးမယ်"

ဟုပြောပြီး စားသောက်တန်းထဲသို့ ဆက်၍ဝင်သွားလေတော့သည်။

* * *

များမကြာမီ လျှိုဖုန်းဝေက စားသောက်ပြီး ဆိုင်ထဲမှပြန်ထွက်လာခဲ့လေသည်။

စားသောက်တန်းအပြင်ဘက်သို့ ရောက်လျှင် အရက်သမားနှစ်ယောက်စလုံး မလှုပ်မယှက် ရှိနေသေးပြီး သူတို့၏အဖော်က မလှမ်းမကမ်း၌ မျက်နှာငယ်ကလေးဖြင့် ရှိနေသည်ကို တွေ့ရလေသည်။ လျှိုဖုန်းဝေက ထိုလူကို လှမ်းခေါ်လိုက်လေသည်။

"ခင်ဗျား လာခဲ့ဦး"

ထိုလူ ထွက်မပြေးတော့ဘဲ မဝံ့မရဲဖြင့် လှမ်းလာလေသည်။

လျှိုဖုန်းဝေက...

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

နာမည်ကို အယင်ဆုံး မေးလိုက်လေသည်။

ထိုလူ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အဖြေပေးလေသည်။

"ကျုပ်..ကျုပ်က ထန်ပြောင်ပါ"

လျှိုဖုန်းဝေက သွေးကြောပိတ်ထားသော အရက်သမားနှစ်ယောက်အား ညွှန်ပြလိုက်လေသည်။

"သူတို့ဟာ ခင်ဗျားရဲ့မိတ်ဆွေတွေလား"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့က ကျုပ်ဆီက ငွေကို မတရားယူချင်နေကြတာပဲ"

ထန်ပြောင်းက တောင်းပန်လေသည်။

"ကျုပ် ကျုပ်တို့မှာ စားစရာမရှိလို့ ခုလိုလုပ်ရတာပါဗျာ၊



တစ်ကြိမ်တစ်ခါ ခွင့်လွှတ်စေချင်ပါတယ်၊ တောင်းပန်ပါတယ်ဗျာ"

"စားစရာမရှိဘူးဆိုယင် အလုပ်အကိုင်တစ်ခုခု လုပ်ပေါ့ဗျာ၊ ဘာကြောင့် အရက်သောက်ပြီး မကောင်းတာလုပ်ချင်ရတာလဲ၊ သူတို့နှစ်ယောက်ရဲ့ခါးက ခါးစည်းကြိုးကိုဖြုတ်ပြီး သူတို့ရဲ့လက်တွေကို ချည်ထားလိုက်ပါ၊ သေသေချာချာလုပ်နော်"

"ဟုတ်..ဟုတ်ကဲ့"

ထန်ပြောင်က လျှိုဖုန်းဝေ ခိုင်းသည့်အတိုင်း တသွေမတိမ်း ပြုလုပ်လိုက်သည်။ လျှိုဖုန်းဝေက ခါးစည်းကြိုးစတစ်ဘက်ကို ထန်ပြောင်၏ လက်ထဲမှ ဆွဲယူပြီး ထိုလူနှစ်ယောက်အား သွေးကြောဖွင့်ပေးလိုက်လေသည်။

"အင့်"

ထိုလူနှစ်ယောက် သွေးကြောပွင့်သွားလျှင် မြေပေါ်ဖင်ထိုင်ကျသွားလေတော့သည်။

လျှိုဖုန်းဝေက ကြိုးစကို ထန်ပြောင်အား ပြန်ပေးလိုက်ပြီး

"သူတို့နှစ်ယောက်ကိုခေါ်ပြီး ကျုပ်နောက်ကို လိုက်လာခဲ့ပေတော့"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ထန်ပြောင်တို့ သုံးယောက် ထွက်မပြေးဝံ့ဘဲ လျှိုဖုန်းဝေနောက်သို့ မဝံ့မရဲ လိုက်ပါသွားကြတော့သည်။

ဤသို့ဖြင့် တည်းခိုခန်းသို့ ရောက်ရှိသွားကြလေတော့သည်။

* * *

## ပင့်ကူနက်

တည်းခိုခန်း...။

လှိုင်ဖုန်းဝေမှာ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

သူတစ်ယောက်ထဲ ရောက်လာခြင်းမဟုတ်ဘဲ အဖော်သုံးယောက်နှင့်အတူ ရောက်ရှိလာခြင်း ဖြစ်လေသည်။

လှိုင်ဖုန်းဝေက တာဝန်ခံ ထိပ်ပြောင်အားငွေပေးကာ စားသောက်ဖွယ်ရာများ စီစဉ်နိုင်းလိုက်လေသည်။

ထို့နောက် ထန်ပြောင်တို့ သုံးယောက်အား ကျွေးမွေးလိုက်လေသည်။

ထန်ပြောင်တို့သုံးယောက်မှာ ဆာလောင်မွတ်သိပ်နေကြသဖြင့် မရှက်နိုင်မကြောက်နိုင်ဘဲ အားရပါးရ စားသောက်ကြလေရာ



စားစရာများမှာ တခဏအတွင်းမှာပင် တက်တက်စင်ပြောင်သွားလေတော့သည်။

ထန်ပြောင်က ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ယင်း...

"စားလို့ကောင်းလိုက်တာဗျာ၊ အစ်ကိုလေးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်တို့လည်း ကျေးဇူးတင်ပါတယ်ဗျာ"

ထန်ပြောင်၏မိတ်ဆွေနှစ်ယောက်ကလည်း ပြောလေသည်။

လှိုင်ဖုန်းဝေက...

"ခင်ဗျားတို့ကို ကြည့်ရတာ လူဆိုးလူမိုက်တွေနဲ့လည်း မတူပါဘူး၊ ဘာကြောင့် မကောင်းတာ လုပ်ချင်ကြတာလဲဗျ၊ ပြောပါဦး"

ထန်ပြောင်က ရှင်းပြသည်။

"ကျုပ်တို့ သူငယ်ချင်းသုံးယောက်ဟာ မိဘမဲ့တစ်ကောင်ကြွက်အချင်းချင်းမို့ တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုတွေလို သံယောဇဉ်ရှိကြပါတယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို ကျုပ်တို့မှာရှိတဲ့ပစ္စည်းတွေကို ထုခွဲရောင်းချပြီး ကုန်ရောင်းကုန်ဝယ်လုပ်မယ်ဆိုပြီး ထွက်လာခဲ့ကြတာ၊ လမ်းမှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ ပင့်ကူနက်ဂိုဏ်းနဲ့တွေ့ပြီး..."

သူ၏အဖော်တစ်ယောက်က ကြားဝင်ပြောလိုက်လေသည်။

"သေချင်တဲ့ကျား တောပြောင်းဆိုသလို ကျုပ်တို့ပါလာတဲ့ ငွေအားလုံး ဓားပြတိုက်ခံရပြီး စားရမဲ့သောက်ရမဲ့ဘဝ ရောက်နေတော့တာပါပဲ အစ်ကိုလေး"

လှိုဖုန်းဝေက..

"ပင့်ကူနက်ဂိုဏ်းက အတော်ကို ဆိုးသွမ်းသောင်းကျန်းတာပဲလားဗျာ"

ထန်ပြောင်က...

"ဘယ်ပြောကောင်းပါ့မလဲ အစ်ကိုလေးရယ်၊ သူတို့ကြောင့် ဒုက္ခရောက်ရတဲ့လူတွေ မနည်းတော့ဘူး၊ သူတို့ဟာ တောထဲတောင်ထဲမှာသာမကဘူး မြို့ထဲကိုတောင် ဝင်ပြီးတော့ လုယက်တိုက်ခိုက်ဝံ့အောင် အတင့်ရဲကြပါတယ်ဗျာ"

"သည်လောက်တောင်ပဲလား"

"လက်တွေ့မှာ ကျုပ်တို့ပြောတာထက်တောင် ပိုဆိုးပါသေးတယ် အစ်ကိုလေး"

လှိုဖုန်းဝေသည် မကောင်းသူပယ် ကောင်းသူကယ်ရန် သိုင်းလောကထဲဆင်းလာခဲ့ခြင်း ဖြစ်လေသည်။

ယခု ဆိုးသွမ်းသောင်းကျန်းကာ လူအများကို ဒုက္ခပေးနေသည့် ပင့်ကူနက်ဂိုဏ်းအကြောင်း သတင်းကြားလိုက်ရပြီ ဖြစ်လေသည်။

ပွဲဦးထွက်အဖြစ် ပင့်ကူနက်ဂိုဏ်းအား ဆုံးမသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။



"ကောင်းပြီ..ကျုပ်က ပင့်ကူနက်ဂိုဏ်းကို ဆုံးမပေးမယ်၊ ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

"ဟာ..သိပ်ကောင်းတာပေါ့ဗျာ"

ထန်ပြောင်တို့ သုံးယောက် ချက်ချင်းထောက်ခံလိုက်ကြလေသည်

လှိုဖုန်းဝေက...

"ပင့်ကူနက်ဂိုဏ်း ဆိုးသွမ်းသောင်းကျန်းနေတဲ့နေရာကို ခင်ဗျားတို့ လိုက်ပြမလား"

"လိုက်ပြပါ့မယ် အစ်ကိုလေး"

"ဒါဖြင့် သွားကြတာပေါ့"

လှိုဖုန်းဝေက ပင်ကူနက်ဂိုဏ်းသို့သွားရန် စီစဉ်လိုက်လေတော့သည်။

* * *

## ပထမခြေလှမ်း

နွေးထွေးသော နံနက်ခင်း နေရောင်ခြည်က ဝန်းကျင်တစ်ခုလုံးလွှမ်းခြုံထားလိုက်ပြီ ဖြစ်လေသည်။

ရောင်စုံပန်းကလေးများက ဝွားဝွားစွင့်စွင့် ဖူးပွင့်နေ၏။

ကျေးငှက်ကလေးများသည်လည်း ဘာသာဘာဝ တေးသီကျေးကာ ဟိုမှသည်မှ ပျံဝဲနေကြလေသည်။

စိမ်းလန်းသော သစ်ပင်ပန်းပင်များကြား၌ ကွေ့ကွေ့ကောက်ကောက် တောလမ်းကလေး ရှိနေ၏။

ရုတ်တရက်...

လှည်းဘီးလိမ့်သံများ ထွက်ပေါ်လာကာ လူလေးယောက် လက်တွန်းလှည်းတစ်စီးနှင့်အတူ တောလမ်းအတိုင်း ထွက်ပေါ်လာလေသည်။



ထိုလူလေးယောက်မှာ လှိုဖုန်းဝေနှင့်ထန်ပြောင်တို့ မိတ်ဆွေသုံးယောက် ဖြစ်လေသည်။

ထူးခြားသည်ကား ထန်ပြောင်တို့သုံးယောက်က ကုန်သည်ပွဲစားများပမာ ကောင်းမွန်စွာ ဝတ်ဆင်ထားကြပြီး လှိုဖုန်းဝေက အလုပ်သမားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ကာ လက်တွန်းလှည်းကို တွန်းလာခြင်းဖြစ်လေသည်။

အမှန်တော့ ထိုသို့ပြုလုပ်ရသည်မှာ လှိုဖုန်းဝေ၏ အစီအစဉ်ပင် ဖြစ်လေသည်။

လှိုဖုန်းဝေက...

"ခင်ဗျားတို့ လုယက်တိုက်ခိုက်ခံရတာ သည်တောအုပ်ထဲမှာလား"

ဟုမေးလိုက်သည်။

ထန်ပြောင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်၊ သူတို့ဟာ ရှေ့က တောင်ကုန်းလေးနားမှာ ကျုပ်တို့ကို လုယက်တိုက်ခိုက်ခဲ့ကြတာပါ အစ်ကိုလေး"

"ဒါဖြင့် အဲသည်တောင်ကုန်းလေးကို သွားကြတာပေါ့"

"အစ်ကိုလေး သဘောပါပဲ"

ထန်ပြောင်တို့သုံးယောက်သည် လှိုဖုန်းဝေအား မလွှန်ဆန်ဝံ့သဖြင့် လိုက်သွားကြသော်လည်း ပင့်ကူနက်ဂိုဏ်းကို ကြောက်ရွံ့ထိတ်လန့်နေမိကြလေသည်။

ထန်ပြောင်တို့ သုံးယောက်က ပစ္စည်းများ သယ်ဆောင်

လာသော ကုန်သည်များအသွင်ဖြင့် ရှေ့မှလှမ်းသွားကြသည်။

လှိုင်ဖုန်းဝေက လက်တွန်းလှည်းသမား အလုပ်သမားအသွင်ဖြင့် တွန်းလှည်းကိုတွန်းကာ လိုက်လာလေသည်။

ပင့်ကူနက်ဂိုဏ်းသားများ သောင်းကျန်းနေသည်ဆိုသော တောင်ကုန်းလေးအနီးသို့ ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

ဤတွင် လှိုင်ဖုန်းဝေတို့ မျှော်လင့်ထားသည့်အတိုင်း လူတစ်စုထွက်ပေါ်လာလေတော့သည်။

"ဟိတ်..ရပ်လိုက်စမ်း"

အော်ငေါက်ဟန့်တားသံများနှင့်အတူ ထိုလူစုသည် ပြေးလွှားရောက်ရှိလာကြတော့သည်။

"ဓားပြတွေပါလား"

"အမယ်လေး"

ထန်ပြောင်တို့သုံးယောက်သည် ကြောက်လန့်တကြား ဖြစ်ကာ လှိုင်ဖုန်းဝေထံ ပြေးလာကြတော့သည်။

လှိုင်ဖုန်းဝေက...

"ခင်ဗျားတို့ အနောက်ဘက် ခပ်လှမ်းလှမ်းမှာ နေကြပါ"

ဟုတိုးတိုး ပြောလိုက်လေသည်။

ထန်ပြောင်တို့လည်း ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်အထိ ဆုတ်သွားကြလေသည်။

ပင့်ကူနက်ဂိုဏ်းသားများသည် ပြေးလွှားလာကြပြီး လှိုင်ဖုန်းဝေအနီးသို့ ရောက်ရှိကာ ဝိုင်းရံထားလိုက်ကြလေသည်။



လှိုင်ဖုန်းဝေ ပြုံးလိုက်သည်။

"တောင်တက်လမ်းမှာ တွန်းလှည်းတွန်းရတာ မသက်သာဘူး ကျုပ်ကို ဝိုင်းကူတွန်းပေးကြပါလားဗျာ"

သူ၏စကားကြောင့် ပင့်ကူနက်ဂိုဏ်းသားများ အချင်းချင်း ကြည့်လိုက်ကြသည်။

ပြီးလျှင် တဝါးဝါး တဟားဟား လှောင်ပြောင်ရယ်မောလိုက်ကြလေသည်။

လှိုင်ဖုန်းဝေက..

"ခင်ဗျားတို့ ဘာရယ်တာလဲဗျ"

ဓားပြတစ်ယောက်က...

"မင်းကို သဘောကျလို့ပေါ့ကွာ"

"ဗျာ"

"လက်တွန်းလှည်းတွန်းရတာ ပင်ပန်းတယ် မဟုတ်လား၊ ကိစ္စမရှိဘူး၊ မင်းမတွန်းနဲ့တော့ ငါတို့ပဲ တွန်းသွားတော့မယ်"

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့ကွာ"

"ဟာ..ကျေးဇူးတင်လိုက်တာဗျာ"

လှိုင်ဖုန်းဝေက ဝမ်းသာသွားသည့်အလား ထခုန်လိုက်လေသည်။

"ကဲ..ကဲ..ကျုပ်လည်း ဝိုင်းတွန်းပေးမယ် လာကြပါဗျာ"

ဓားပြများအား ခေါင်းဆောင်လာသူမှာ မုတ်ဆိတ်ရှည်

များရှိသူ ဖြစ်လေသည်။

ထိုမုတ်ဆိတ်က သူ၏လူများကိုခေါင်းညိတ်ပြလိုက်လေသည်။

ဓားပြသုံးယောက်က ရှေ့တိုးလာပြီး တွန်းလှည်းကို တွန်းကြလေသည်။

အမှန်တော့ တွန်းလှည်းကို တွန်းယူသွားကြရန် ဖြစ်သည်။

လှိုဖုန်းဝေက တွန်းလှည်းဘောင်ကို လက်တစ်ဘက်ဖြင့် ဖိထားလိုက်လေသသည်

အားကောင်းမောင်းသန် ဓားပြသုံးယောက်က တွန်းလိုက်ကြသော်လည်း တွန်းလှည်းသည် တစ်လက်မပင် ရွေ့လျားမသွားပါချေ။

ဓားပြသုံးယောက် ချွေးတဒီဒီး ကျအောင်တွန်းလိုက်ကြသော်လည်း တွန်းလှည်းကား တုတ်တုတ်မျှ မလှုပ်ချေ။

ဓားပြသုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

လှိုဖုန်းဝေက ပြုံးနေ၏။

"ခင်ဗျားတို့ တွန်းလို့မရဘူးလားဗျာ"

ဓားပြတစ်ယောက်က...

"အေးမင်းတို့သယ်လာတဲ့ပစ္စည်းတွေက အတော်များနေတာကိုး"

ဓားပြခေါင်းဆောင် မုတ်ဆိတ်က သဘောကျနေ၏။



"ငါတို့ပွပေါက်တိုးတာပဲ၊ ပစ္စည်းတွေ အများကြီးရတော့မယ်"

ဟုပီတိ ဖြစ်နေသည်။

ထိုစဉ် လှိုဖုန်းဝေ၏စကားသံ ထွက်ပေါ်လာလေသည်။

"ခင်ဗျားတို့ ဘယ်တွန်းလို့ရမှာလဲ၊ ကျုပ်က လက်နဲ့ဖိထားတာကိုး"

"ဟင်"

လက်တွန်းလှည်းကို တွန်းနေသော ဓားပြသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လှိုဖုန်းဝေက...

ကျုပ်ကသာ လက်နဲ့ဖိမထားဘူးဆိုယင် ခင်ဗျားတို့တွန်းပုံနဲ့ တောင်ကုန်းထိပ်ကိုတောင် ရောက်သွားလောက်ပြီ"

သူ၏လက်ကို အသာဖယ်လိုက်ရာ ဓားပြသုံးယောက် အားစိုက်တွန်းနေသော လက်တွန်းလှည်းမှာ လေးညို့မှလွှတ်လိုက်သည့် မြှားတစ်စင်းအလား ရှေ့သို့တဟုန်ထိုး ထွက်သွားတော့သည်။

"ဝုန်း"

"အမယ်လေးဗျ"

ဓားပြသုံးယောက် အရှိန်လွန်ကာ မြေပေါ်မှောက်လျက်လဲကျသွားတော့သည်။

"ဟား...ဟား..ဟား"

လှိုဖုန်းဝေက လှောင်ပြောင်ရယ်မောလိုက်လေသည်။

ဓားပြသုံးယောက် လူးလိမ့်ထလိုက်ကြလေသည်။

တောင်ကုန်းပေါ်တက်သည့်လမ်း ဖြစ်ရကား တွန်းလှည်းက အောက်ဘက်သို့ ပြန်လိမ့်ဆင်းကျလာလေသည်။

လှိုဖုန်းဝေက လက်တစ်ဘက်ဆန့်ထုတ်ကာ ဖမ်းပြီးထိန်းထားလိုက်လေသည်။

ဓားပြသုံးယောက် ဒေါပွသွားကြလေသည်။

"မင်း သေချင်တာကိုး"

ချက်ချင်းပင် လှိုဖုန်းဝေထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

လှိုဖုန်းဝေက...

"သွားစမ်း"

လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင်...

"ဝုန်း"

"အား"

"အမယ်လေး"

ဓားပြသုံးယောက် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ဓားပြခေါင်းဆောင် မုတ်ဆိတ် အံ့သြသွား၏။

"အလုပ်သမားကောင်လေးက သိုင်းပညာတတ်နေပါလား"

ဓားပြခေါင်းဆောင်က သူ့အား လှမ်းပြောလာလေသည်။

လှိုဖုန်းဝေက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်...ကျုပ်က ခင်ဗျားတို့ကို ဆုံးမဖို့လာခဲ့တာဗျ"



"မင်းကများ..."

မုတ်ဆိတ်သည် ဒေါသတကြီးဖြစ်ကာ လှိုဖုန်းဝေထံ ပြေးဝင်သွားလေသည်။

လှိုဖုန်းဝေက ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

သူ၏ခြေထောက်တစ်ဘက်မြှောက်ကာ ကန်ကျောက်လိုက်သည်နှင့်...

"ဝုန်း"

မုတ်ဆိတ်မှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

"ဟင်"

"ဟာ"

ပင့်ကူနက်ဂိုဏ်းသားများ အထိတ်တလန့်ဖြစ်သွားကြလေသည်။

မုတ်ဆိတ် မြေပေါ်မှလူးလိမ့် ထလိုက်လေသည်။

လှိုဖုန်းဝေကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်သည်။

"မင်း...မင်း"

လှိုဖုန်းဝေက...

"ခင်ဗျားတို့ ပင့်ကူနက်ဂိုဏ်းသားတွေကို ဆုံးမဖို့ ကျုပ်လာခဲ့တာဗျ"

"တောက် မင်းက သူရဲကောင်းလုပ်ချင်တာကိုး"

"ဟဲ...ဟဲ...ခင်ဗျားတို့လိုချင် မက်မောချင်စိတ်ပေါက်အောင် လှယက်ချင်စိတ်ပေါ်လာအောင် ကျုပ်က ဘာမှမပါတဲ့ အိတ်တွေကို

လက်ကျွန်းလှည်းနဲ့ သယ်လာခဲ့တာ"

လက်တွန်းလှည်းပေါ်မှ ဘာမှမပါသော အိတ်များကိုယူပြီး အောက်သို့ ပစ်ချလိုက်လေသည်။

အိတ်အားလုံး ဘာမှမပါဘဲ ဟောင်လောင်းဖြစ်နေပါတော့သည်။

မှတ်ဆိတ်မှာ လှည့်စားခံလိုက်ရမှန်း သိသွားပြီး ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"မင်း..မင်းက လူလည်ကျတာပေါ့လေ"

"ဟဲ..ဟဲ..ဒါမှ ခင်ဗျားတို့လာပြီး လုကြမယ်၊ ဒါဆိုယင် ကျုပ်လည်း ဆုံးမလို့ရမယ် မဟုတ်လား"

"တောက် မင်းသေဖို့သာ ပြင်ထားပေတော့"

မှတ်ဆိတ်က သူ၏လူများကို အော်ငေါက်လိုက်လေသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ တိုက်ကြပါတော့လားကွ"

ထိုအခါ နောက်လိုက်ဓားပြများလည်း လက်နက်ကိုယ်စီဆွဲကာ ပြေးလွှားလာကြလေတော့သည်။

"သေပေတော့"

"ယား"

ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လျှိုဖုန်းဝေကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း"



"အမယ်လေး"

"သေပါပြီဗျ"

ဆူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေတော့သည်။

လူဆိုးဓားပြများကား တခဏအတွင်းမှာပင် အထိနာကာ ဖရိုဖရဲ ဖြစ်သွားလေတော့သည်။

မှတ်ဆိတ်ကိုယ်တိုင်လည်း သုံးလေးချက်နားရင်းအုပ်ခံလိုက်ရသဖြင့် ဦးခေါင်းထဲ မူးနောက်ကာ ဒယီးဒယိုင်ဖြစ်နေတော့သည်။

လျှိုဖုန်းဝေက မှတ်ဆိတ်၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖမ်းဆီးထားလိုက်လေသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ ပြောစမ်း"

"ကျုပ်...ကျုပ်က မှတ်ဆိတ်'

"ဩော်..ခင်ဗျားက မှတ်ဆိတ်ပဲကိုး၊ ကောင်းပြီ ခင်ဗျားတို့ဂိုဏ်းဌာနချုပ်က ဘယ်မှာလဲ၊ ဂိုဏ်းချုပ်ကကော ဘယ်သူလဲ ပြောပါ"

မှတ်ဆိတ် ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မပြောနိုင်ဘူး"

လျှိုဖုန်းဝေက...

"ခင်ဗျား သေသွားချင်လို့လား"

"ကျုပ်ကို သတ်မစ်လိုက်စမ်းပါ"

"ခင်ဗျား တကယ်ပဲ သတ္တိကောင်းနေတာကိုး"

လှိုဖုန်းဝေက လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်

မုတ်ဆိတ်က အံကြိတ်ထားလိုက်လေသည်။

လှိုဖုန်းဝေ မျက်မှောင်ကုပ်သွား၏။

"ခင်ဗျား တကယ်ပဲ သေရမှာ မကြောက်ဘူးလား"

မုတ်ဆိတ်က...

"မင်းမေးတာကို ကျုပ်ပြောပြလိုက်ယင် ဂိုဏ်းချုပ်က ကျုပ်ကိုသတ်မှာပဲ၊ ဘာထူးသေးလို့လဲ"

"ဪ"

လှိုဖုန်းဝေ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျား မပြောချင်ယင်လည်း နေပါဗျာ၊ ခင်ဗျားကို ချမ်းသာပေးလိုက်ပါ့မယ်၊ ပင့်ကူနက်ဂိုဏ်းကိုပြန်ရောက်ယင်သာ လှိုဖုန်းဝေက ပင့်ကူနက်ဂိုဏ်းကို ချေမှုန်းပစ်မယ်ဆိုတာ ခင်ဗျားတို့ ဂိုဏ်းချုပ်ကို ပြန်ပြောပြလိုက်ပါ"

မုတ်ဆိတ် မယုံနိုင်အောင် ဖြစ်နေသည်။

"ကျုပ်...ကျုပ်ကို တကယ်ပဲ ချမ်းသာပေးမှာလား"

"ဒါပေါ့ ခင်ဗျားကို ချမ်းသာပေးလိုက်လို့ ဆက်ပြီးဆိုးသွမ်းမိုက်မဲဖို့တော့ မစဉ်းစားနဲ့နော်၊ နောက်တစ်ခါ ကျုပ်နဲ့တွေ့လို့ကတော့ သက်သာမှာ မဟုတ်ဘူး"

"ကျုပ် ဆက်ပြီး မမိုက်မဲဝံ့တော့ပါဘူးဗျာ"

လှိုဖုန်းဝေ လက်ဝှေ့ယမ်းလိုက်လေသည်။



"ကဲ သွားကြပေတော့"

မုတ်ဆိတ်သည် သူ၏လူများခေါ်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ထန်ပြောင်၊ ရှောင်မိန်နှင့် ရှောင်ရှမ်းတို့က လှိုဖုန်းဝေအနီးသို့ ချက်ချင်းရောက်လာကြလေသည်။

လှိုဖုန်းဝေကို ဝိုင်းဝန်းချီးကျူးလိုက်ကြ၏။

"အစ်ကိုလေးက သိပ်တော်တာပဲ"

ပင့်ကူနက်ဂိုဏ်းက ဓားပြတွေကို ကောင်းကောင်းကြီးဆုံးမနိုင်လိုက်တာပဲ"

"အစ်ကိုလေးကို ချီးကျူးပါတယ်ဗျာ"

လှိုဖုန်းဝေ ပြုံးလိုက်သည်။

"ကျုပ်က သည်လောက်လည်း မဟုတ်သေးပါဘူးဗျာ"

ထန်ပြောင်က...

"အစ်ကိုလေး ဘာကြောင့် သူတို့ကိုလွှတ်ပေးလိုက်ရတာလဲဗျ"

လှိုဖုန်းဝေက ရှင်းပြသည်။

"သူတို့ဟာ ပင့်ကူနက်ဂိုဏ်းက လက်အောက်ငယ်သားတွေပါဗျာ၊ သူတို့က အရေးမကြီးပါဘူး၊ သူတို့ဂိုဏ်းချုပ်ကို ဆုံးမနိုင်မှသာ ပင့်ကူနက်ဂိုဏ်းကို ချေမှုန်းနိုင်မှာ မဟုတ်လားဗျာ"

"ပင့်ကူနက်ဂိုဏ်းချုပ်က.."

"သူက မုတ်ဆိတ်တို့ကို ဆုံးမလိုက်တာကြောင့် ခံပြင်းနေ

မှာပါ။ ကျုပ်ကို မကျေနပ်ဘဲ ဒုက္ခပေးဖို့ကြိုးစားမှာပါ။ သူတို့ကို လိုက်ရှာစရာမလိုပါဘူး၊ သူတို့ရောက်လာမယ့်အချိန်ကို ထိုင်စောင့်နေလိုက်ကြတာပေ့ါ”

ထန်ပြောင် သဘောပေါက်ကာ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

“အစ်ကိုလေးက အကြံအစည်ရှိနေတာကိုး၊ ကောင်းတယ်ကောင်းတယ်”

ထို့နောက် လေးယောက်သား နောက်ကြောင်းလှည့်ကာပြန်လာခဲ့ကြလေတော့သည်။

* * *



## လုပ်ကြံခြင်း

ရွှေညို့သည် တည်းခိုခန်း။

လှိုုဖုန်းဝေ၊ ထန်ပြောင်၊ ရှောင်မိန်နှင့် ရှောင်ရှမ်းတို့ လေးယောက် ပြန်လည်ရောက်ရှိလာပြီး ဝိုင်းဖွဲ့ထိုင်ကာ စားသောက်လိုက်ကြလေသည်။

ရွှေညို့သည်တည်းခိုခန်းပိုင်ရှင် ထိပ်ပြောင်ကလည်း လိုလေသေးမရှိ ဆောင်ရွက်ပေးလေသည်။

တည်းခိုမည့်ဧည့်သည် ရှားပါးနေချိန်၌ ဧည့်သည်လေးယောက် ရောက်ရှိလာသဖြင့် ဝမ်းသာနေသည် မဟုတ်ပါလား။

လှိုုဖုန်းဝေကလည်းအခြားသူများထက် ငွေပိုပေးထားသည် မဟုတ်ပါလား။

စားပွဲပေါ်၌ အရက်နှင့်ဟင်းလျာများ စုံစုံလင်လင်ရှိနေပါသည်။

ထန်ပြောင်တို့သည် လှိုင်ဖုန်းဝေကို လေးစားနေကြပြီဖြစ်လေသည်။

ရောင်မိန်က...

"အစ်ကိုလေးကို နောက်ယှက်မိခဲ့တာကို ကျုပ်တို့ နောင်တရလို့မဆုံးပါဘူးဗျာ၊ ပြန်တွေးမိတိုင်း ရှက်မိပါတယ်၊ ကျုပ်တို့ကို ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ်ဗျာ"

ရောင်ရှမ်းက...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ကို ခွင့်လွှတ်ပါ"

လှိုင်ဖုန်းဝေ လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ တကယ်လို့သာ ခင်ဗျားတို့ မနောက်ယက်ခဲ့ကြဘူးဆိုယင် ကျုပ်တို့ ခုလိုခင်မင်ရင်းနှီးစရာအကြောင်း ဘယ်ရှိပါတော့မလဲ မဟုတ်ဘူးလား"

သူ၏စကားကြောင့် ရောင်မိန်တို့ ရယ်မောလိုက်ကြလေသည်။

ထန်ပြောင်က..

"အစ်ကိုလေး..ကျုပ်တို့ဟာ တစ်ကောင်ကြွက်တွေဖြစ်တဲ့အပြင် ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ မရှိတော့လို့ ဘယ်သွားရ ဘယ်လာရမှန်းမသိတော့ပါဘူး၊ ဒါကြောင့် အစ်ကိုလေးနောက်ကို လိုက်ခဲ့ချင်ပါတယ်"



ဟုစကားစလိုက်လျှင် ရောင်မိန်က..

"ဟုတ်ပါတယ်ဗျာ၊ အစ်ကိုလေးရဲ့ စိတ်နေသဘောထားကို ကျုပ်တို့လေးစားပါတယ်၊ ကျုပ်တို့ကို ခိုင်းချင်ရာခိုင်းပါဗျာ"

ရောင်ရှမ်းက...

"ကျုပ်တို့လည်း အစ်ကိုလေးနဲ့လက်တွဲပြီး အများအကျိုးဆောင်ရွက်ချင်ပါတယ်ဗျာ"

လှိုင်ဖုန်းဝေသည် အများအကျိုးကို စတင်ဆောင်ရွက်နိုင်ပြီဟု ဝမ်းသာသွားလေသည်။

ထန်ပြောင်တို့က စောင့်ကြည့်နေကြ၏။

လှိုင်ဖုန်းဝေ ပြောင်းလိုက်မည်ကို စိုးရိမ်နေပါတော့သည်။

လှိုင်ဖုန်းဝေက...

"ခင်ဗျားတို့ တကယ်ပြောနေတာလားဗျ"

ထန်ပြောင်က...

"တကယ်ပြောတာပါ အစ်ကိုလေး"

"အင်းလေ..ခင်ဗျားတို့က အများအကျိုးကို တကယ်ပဲ ဆောင်ရွယ်မယ်ဆိုယင် ကျုပ်နဲ့လက်တွဲလို့ရပါတယ်ဗျာ"

"ဟင် အစ်ကိုလေး တကယ်ပြောတာနော်"

"တကယ်ပေါ့ဗျာ"

"ဝမ်းသာလိုက်တာဗျာ"

ထန်ပြောင်၊ ရောင်မိန်နှင့် ရောင်ရှမ်းတို့ ဝမ်းသာသွားကြလေတော့သည်။

ထိုစဉ်...

"မင်းတို့ တော်တော်ပျော်နေကြတယ် ဟုတ်လား"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှိုင်ဖုန်းဝေတို့ ကြည့်လိုက်ကြသောအခါ တည်းခိုခန်းထဲသို့ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

* * *

အနက်ရောင်ဝတ်ထားသူ တစ်ယောက်တည်း တည်းခိုခန်းထဲသို့ လှမ်းဝင်လာလေသည်။

ထိုလူ ဝင်ရောက်လာသည်နှင့် မမြင်ရသော အေးစိမ့်မှုတစ်ခုက တစ်ဆိုင်လုံးလွှမ်းခြုံထားလိုက်သကဲ့သို့ ရှိနေပါတော့သည်။

ထိပ်တန်းသိုင်းသမား တစ်ယောက် ရောက်ရှိလာပြီဟု လှိုင်ဖုန်းဝေ နားလည်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူက မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်ပြီး လှိုင်ဖုန်းဝေတို့အား အကဲခတ်ကြည့်လိုက်လေသည်။

"လှိုင်ဖုန်းဝေဆိုတာ ဘယ်သူလဲ"

ဟုမေးလာလေသည်။

လှိုင်ဖုန်းဝေ ထိုင်ရာမှထလိုက်လေသည်။

"ကျုပ်ပါပဲဗျာ"



အနက်ရောင်ဝတ်ထားသူက...

"ဆိုင်အပြင် ထွက်ခဲ့ပါ"

ဟုပြောကာ ဆိုင်အပြင်ဘက် ထွက်သွားလေသည်။

လှိုင်ဖုန်းဝေက...

"ခင်ဗျားတို့ ဆိုင်ထဲမှာပဲ နေခဲ့ကြပါ"

ထန်ပြောင်တို့အား မှာကြားပြီး အနက်ရောင်ဝတ်ထားသူနောက်သို့ လိုက်သွားလေသည်။

"အစ်ကိုလေး..သတိထားပါဗျာ"

ထန်ပြောင်က စိုးရိမ်တကြီး သတိပေး၏။

လှိုင်ဖုန်းဝေ ခေါင်းညိတ်ပြကာ ဆိုင်အပြင်ဘက် ထွက်လိုက်လေသည်။

ဆိုင်အပြင်ဘက်၌ မြေကွက်လပ်တစ်ခု ရှိနေပါသည်။

အနက်ရောင်ဝတ်ဆင်ထားသူက မြေကွက်လပ်၌ ခြေလှမ်းရပ်လိုက်လေသည်။

လှိုင်ဖုန်းဝေလည်း ခြေလှမ်းရပ်လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။

အနက်ရောင်ဝတ်ထားသူက မေးလာသည်။

"မင်းက ဘာကြောင့် ကျုပ်တို့ပင့်ကူနက်ဂိုဏ်းကို ဒုက္ခပေးချင်ရတာလဲ၊ ပြောစမ်းပါဦး"

လှိုင်ဖုန်းဝေ အဖြေမပေးဘဲ ပြန်မေးလိုက်လေသည်။

"ခင်ဗျားတို့ ပင့်ကူနက်ဂိုဏ်းကလည်း ဘာကြောင့် လူသတ်

ဓားပြတိုက် လူတကာကို ဒုက္ခပေးနေရတာလဲ၊ ပြောပါဦး"

"ဘာကွ"

"ခင်ဗျားတို့ ဘာကြောင့် အများပြည်သူ လက်မခံနိုင်တဲ့ ဒုစရိုက်မှုတွေလုပ်ပြီး ဒုက္ခ ပေးနေကြရတာလဲ၊ ပြောပါဦး"

"ဟား…ဟား…ဟား"

အနက်ရောင်ဝတ်ထားသူ ဟားတိုက်ရယ်မောလိုက်လေသည်။

လျှိုဖုန်းဝေ့က…

"ကျုပ်က အများအကျိုးအတွက် ခင်ဗျားတို့ ပင့်ကူနက်ဂိုဏ်းကို ချေမှုန်းမယ်လို့ ဆုံးဖြတ်လိုက်တာ မှားနေလို့လားဗျာ"

အနက်ရောင်ဝတ်ထားသူက..

"လက်စသတ်တော့ မင်းက သူရဲကောင်းလုပ်ချင်တာကိုး"

"ခင်ဗျားကို ပင့်ကူနက်ဂိုဏ်းချုပ်က လွှတ်လိုက်တာ ဟုတ်လား"

"သေချာတာပေါ့၊ မင်းကို ဆုံးမခိုင်းလိုက်တာပဲ၊ ကဲ သေဖို့ သာပြင်ထားပေတော့"

အနက်ရောင်ဝတ်ထားသူက ရုတ်တရက် ရှေ့တိုးလာပြီး လျှိုဖုန်းဝေအား တိုက်ခိုက်လိုက်လေသည်။

သူ၏လှုပ်ရှားပုံမှာ လျင်မြန်လှသည်။

လက်နှစ်ဘက်ဝှေ့ယမ်းလိုက်ပုံကလည်း ထူးခြားနေ၏။

သို့သော် လျှိုဖုန်းဝေ၏အကျီစကိုပင် ထိအောင်တိုက်ခိုက်



နိုင်ခြင်းမရှိပါချေ။

လျှိုဖုန်းဝေက ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းလိုက်ပြီး ခြေတစ်ဘက် ဆန့်ထုတ်ကန်ကျောက်လိုက်သည်နှင့်…

"ဝုန်း"

အနက်ရောင်ဝတ်ထားသူ ဖရိုဖရဲနှင့် အဝေးသို့လွင့်စဉ်သွားလေတော့သည်။

အနက်ရောင်ဝတ်ထားသူမှာ အရေးနိမ့်သွားသည်နှင့် ဆက်လက်တိုက်ခိုက်ရန် မစဉ်းစားတော့ဘဲ အရှိန်ဖြင့်ခုန်ထွက်ကာ ရှောင်တိမ်းသွား၏။

တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

ပင့်ကူနက်ဂိုဏ်းမှ သိုင်းသမားတစ်ယောက်အား လျှိုဖုန်းဝေက မောင်းထုတ်လိုက်ပြီ ဖြစ်လေသည်။

ထန်ပြောင်၊ ရှောင်မိန်နှင့်ရှောင်ရှမ်းတို့ ဝမ်းသာအားရဖြစ်နေကြလေသည်။

"အစ်ကိုလေးဟာ တကယ့်သူရဲကောင်းတစ်ယောက်ပဲ"

"အဲသည်လူဟာ ပင့်ကူနက်ဂိုဏ်းချုပ်ရဲ့ကိုယ်ရံတော်ခြောက်ယောက်ထဲမှာ ပါဝင်တဲ့လူတစ်ယောက်ပဲ"

ထိုစကားပြောလိုက်သူကား ဆိုင်တာဝန်ခံ ထိပ်ပြောင်ဖြစ်လေသည်။

လျှိုဖုန်းဝေတို့က ထိပ်ပြောင်ကို ကြည့်လိုက်ကြသည်။

ထိပ်ပြောင်က...

"ပင့်ကူနက်ဂိုဏ်းချုပ်မှာ ကိုယ်ရံတော်ခြောက်ယောက်ရှိတယ်၊ ပင့်ကူနက်ဂိုဏ်းမှာ ဂိုဏ်းချုပ်နဲ့ကိုယ်ရံတော်တွေဟာ သိုင်းပညာထက်မြက်တယ်၊ ကြောက်စရာကောင်းတယ်ဆိုတာ လူတိုင်းသိတယ်၊ ကျုပ်တို့မြို့ကိုလာပြီး နှောက်ယှက်နေတာလဲ၊ သူတို့ပဲ"

လျှိုဖုန်းဝေက ပင့်ကူနက်ဂိုဏ်းမှ ကိုယ်ရံတော်တစ်ယောက်အား ဆုံးမလိုက်ခြင်းကြောင့် ထိပ်ပြောင်က လေးစားသွားခြင်းဖြစ်လေသည်။

ထိပ်ပြောင်က ဆက်ပြောလိုက်သည်။

"ပင့်ကူနက်ဂိုဏ်းက အတော်ကြောက်စရာကောင်းတယ်၊ ကိုယ်ရံတော်တစ်ယောက် ခံလိုက်ရယင် နှစ်ယောက်ရောက်လာ



ဦးမှာပဲ၊ သတိထားရလိမ့်မယ်၊ သူတို့ဟာ.."

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

အပြင်ဘက်မှ ကျယ်လောင်သော စိန်ခေါ်သံ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေသည်။

"လျှိုဖုန်းဝေ မင်းထွက်လာခဲ့ပါ"

ပင့်ကူနက်ဂိုဏ်းချုပ်၏ ကိုယ်ရံတော်များ ရောက်ရှိလာကြပြန်ပြီဖြစ်လေသည်။

* * *

လျှိုဖုန်းဝေက အပြင်ဘက် လှမ်းထွက်လိုက်သောအခါ အနက်ရောင်ဝတ်ထားသူ နှစ်ယောက် ရောက်ရှိလာသည်ကိုတွေ့ရလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က ဓားတစ်လက်ကိုင်ထားပြီး ကျန်တစ်ယောက်က လှံတိုတစ်လက်ကိုင်ထားလေသည်။

သူတို့၏ပုံစံကိုကြည့်ရုံဖြင့် ထိပ်တန်းသိုင်းသမားများဖြစ်ကြောင်း လျှိုဖုန်းဝေ သတိပြုမိလိုက်လေသည်။

ပင့်ကူနက်ဂိုဏ်းချုပ်၏ ကိုယ်ရံတော်နှစ်ယောက်က ဝဲယာတစ်ဘက်တစ်ချက်မှနေ၍ လျှိုဖုန်းဝေအား မသိမသာဝိုင်းရံထားလိုက်လေသည်။

တစ်ယောက်က မေးသည်။

"မင်းက လှိုုဖုန်းဝေ ဟုတ်လား"

လှိုုဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့ကကော ပင့်ကူနက်ဂိုဏ်းက ကိုယ်ရံတော်တွေ ဟုတ်လား"

ဓားကိုင်ထားသူက…

"ပင့်ကူနက်ဂိုဏ်းကို စော်ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

လှံကိုင်ထားသူကလည်း အော်ငေါက်လိုက်သည်။

"သည်အရပ်ဒေသမှာ ပင့်ကူနက်ဂိုဏ်းကို ဘယ်သူကမှ ခေါင်းမော့ကြည့်ဝံ့ကြတာ မဟုတ်ဘူး၊ မင်း သေချင်လို့ပဲဖြစ်မယ်"

လှိုုဖုန်းဝေ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့ ကြီးကြီးကျယ်ကျယ် ပြောနေကြမယ့်အစား ကျုပ်နဲ့လာပြီး ယှဉ်ပြိုင်ကြည့်ကြပါလားဗျာ"

"စိတ်ချ မင်းသတိထားပေတော့"

ကိုယ်ရံတော်နှစ်ယောက်က ဝဲယာတစ်ဘက်တစ်ချက်မှ တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *



"ဝှစ်…ဝှစ်"

ဝင်းလက်သော ဓားရောင်လှံရောင်များ ထွက်ပေါ်လာ၏။

ကိုယ်ရံတော်နှစ်ယောက်က မပေါ့ဆဝံ့ကြဘဲ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြလေသည်။

ထိပ်တန်းသိုင်းသမားများ ဖြစ်ရကားသူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ဓားလှံ တစ်ချက်ထိသွားသည်နှင့် လှိုုဖုန်းဝေ လဲကျသေဆုံးသွားရမည်သာ ဖြစ်လေသည်။

သို့သော်…

ကိုယ်ရံတော်နှစ်ယောက်၏ဓားနှင့်လှံသည် လေထဲသို့သာ ထိုးသွင်းမိလိုက်လေသည်။

လှိုုဖုန်းဝေက သူတို့၏မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းကြောင့်ဖြစ်သည်။

"ဟင်"

ကိုယ်ရံတော်နှစ်ယောက် အံ့သြသွားကြလေသည်။

မျက်လုံးပြူးကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း၌ လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေသော လှိုုဖုန်းဝေကို တွေ့လိုက်ရလေသည်။

"မင်း…မင်း"

လျှို့ဖုန်းဝေ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက်လည်း တတ်နိုင်ကြမှာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကို ခေါ်လိုက်တာ ကောင်းမယ်"

"တောက်"

"ငါတို့က မင်းကိုကြောက်နေရမှာလား"

ကိုယ်ရံတော်နှစ်ယောက်သည် ဓားနှင့်လှံကိုဝှေ့ယမ်းကာ တဟုန်ထိုးပြေးလာကြလေသည်။

လျှို့ဖုန်းဝေက မလှုပ်မယှက် ရပ်နေဆဲ။

ကိုယ်ရံတော်နှစ်ယောက်က တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။

လျှို့ဖုန်းဝေက လက်တစ်ဘက်ဆန့်ထုတ်လိုက်လေသည်။

သူ၏လက်ချောင်းကလေးများ လှုပ်ရှားသွားပြီး ကိုယ်ရံတော်နှစ်ယောက်၏ လက်ကောက်ဝတ်မှ သွေးကြောများအား ထိုးပိတ်ပြီးသား ဖြစ်သွားလေတော့သည်။

"အင့်"

ကိုယ်ရံတော်နှစ်ယောက် မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

လျှို့ဖုန်းဝေက ထိုလူနှစ်ယောက်အနီးသို့ ချဉ်းကပ်သွားပြီး သေသေချာချာ ကြည့်လိုက်သည်။

"အတော်ကို ရက်စက်ကြမ်းကြုတ်မယ့်လူတွေပဲ"

ဟုမှတ်ချက်ချလိုက်သည်။



တဖန်...

"ခင်ဗျားတို့က မကောင်းမှုတွေကို စွန့်လွှတ်လိုက်မယ်ဆိုယင် အသက်ချမ်းသာပေးလိုက်မယ်"

ဟု ပြောလိုက်လေသည်။

ကိုယ်ရံတော်နှစ်ယောက် ဘာမှမပြောကြပါ။

လျှို့ဖုန်းဝေက သွေးကြောများ ဖွင့်ပေးလိုက်လေသည်။

ကိုယ်ရံတော်နှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး နောက်ဆုတ်လိုက်ကြလေသည်။

လျှို့ဖုန်းဝေကိုလည်း ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်လိုက်ကြလေသည်။

လျှို့ဖုန်းဝေက...

"ကဲ..ခင်ဗျားတို့နှစ်ယောက် ဘယ်လိုသဘောရသလဲဗျ"

ဓားကိုင်ကိုယ်ရံတော် အံတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်တို့ကို သတ်ပစ်လိုက်ပါ"

ဟုလည်း ခပ်ပြတ်ပြတ် ပြောလေသည်။

လျှို့ဖုန်းဝေ မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားတို့ဟာ မကောင်းမှုတွေကို သည်လောက်တောင် ခင်တွယ်နေတာလားဗျာ"

ဓားကိုင်ကိုယ်ရံတော်က..

"ကျုပ်တို့က မင်းပြောသမျှ လိုက်နာမယ်ဆိုယင် ဂိုဏ်းချုပ်က ကျုပ်တို့ကို သတ်ပစ်လိုက်မှာပဲ၊ ဘာထူးမှာမို့လဲ"

"ဩော်"

လှိုဖုန်းဝေ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကျုပ် နားလည်ပါပြီ၊ ကဲ ခင်ဗျားတို့ သွားကြပါတော့"

ကိုယ်ရံတော်နှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျုပ်..ကျုပ်တို့"

"ခင်ဗျားတို့ သွားကြပါတော့ဗျာ"

ကိုယ်ရံတော်နှစ်ယောက် အချင်းချင်းကြည့်လိုက်ကြလေသည်။

နောက်သို့ တရွေ့ရွေ့ ဆုတ်သွားကြ၏။

လှိုဖုန်းဝေ မလှုပ်မယှက် ရပ်နေသည်။

ကိုယ်ရံတော်နှစ်ယောက်သည် ခပ်လှမ်းလှမ်းသို့ရောက်လျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားကြလေတော့သည်။

ထန်ပြောင်၊ ရှောင်မိန်၊ ရှောင်ရှမ်းနှင့် တာဝန်ခံထိပ်ပြောင်တို့က လှိုဖုန်းဝေအနီးသို့ ပြေးလွှားရောက်လာကြလေသည်။

ထန်ပြောင်က...

"အစ်ကိုလေး ဘာကြောင့် သူတို့ကိုလွှတ်ပေးလိုက်ရတာလဲဗျာ"

လှိုဖုန်းဝေက...

"သူတို့ကို ဆုံးမလိုက်လည်း သိပ်ပြီးအကြောင်းထူးမှာ မဟုတ်ပါဘူး၊ ပင့်ကူနက်ဂိုဏ်းချုပ်ကို ဆုံးမနိုင်မှ ပင့်ကူနက်ဂိုဏ်းကို



ဖြိုခွဲနိုင်မှာ မဟုတ်လားဗျာ"

ဟုရှင်းပြလိုက်သဖြင့် ထန်ပြောင်တို့ ဘာမှမပြောကြတော့ချေ။

လှိုဖုန်းဝေက...

"ကျုပ်ကို သည်မှာပဲ စောင့်နေကြပါ၊ ကျုပ် ပြန်လာခဲ့ပါ့မယ်"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

သူက ပင့်ကူနက်ဂိုဏ်းသို့သွားမည်ဖြစ်ကြောင်းထန်ပြောင်တို့နားလည်လိုက်ကြလေတော့သည်။

* * *

ပင့်ကူနက်ဂိုဏ်း..။

ပင့်ကူနက်ဂိုဏ်းသည် လှိုဖုန်းဝေတို့ ရောက်ရှိခဲ့သည့် တောင်ကုန်းလေးတစ်ဘက်ရှိ တောအုပ်ထဲ၌တည်ရှိနေခြင်း ဖြစ်လေသည်။

တောအုပ်အလယ်၌ မြေကွက်လပ်တစ်ခု ရှိသည်။

မြေကွက်လပ်တစ်ဘက်၌ နန်းတော်ကြီးအလား ခန်းနား

ထည်ဝါလှသော အဆောက်အဦးကြီးတစ်ခု ရှိနေသည်။

ထိုအဆောက်အဦးကြီးကား ပင့်ကူနက်ဂိုဏ်းဌာနချုပ်ဖြစ်ပါတော့သည်။

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာပြီး လူနှစ်ယောက်ပြေးလွှား ရောက်ရှိလာကြလေသည်။

ထိုလူနှစ်ယောက်ကား ဓားကိုင်ကိုယ်ရံတော်နှင့် လှံကိုင်ကိုယ်ရံတော်တို့ဖြစ်လေသည်။

အဆောက်အဦးကြီးရှေ့၌ စောင့်ကြပ်နေကြသော ပင့်ကူနက်ဂိုဏ်းသားများက ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

ကိုယ်ရံတော်နှစ်ယောက်က ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ အဆောက်အဦးကြီးအတွင်းသို့ ပြေးဝင်သွားကြ၏။

အဆောက်အဦးအတွင်းဘက်၌ ကျယ်ဝန်းသော ခန်းမဆောင်ကြီး ရှိနေပါသည်။

ခန်းမဆောင်ကြီး အရှေ့ဘက်၌ ရွှေပိန်းချထားသော ထိုင်ခုံကြီးတစ်လုံးရှိပြီး ရွှေရောင်အနားကွပ်အနက်ရောင်ဝတ်ရုံကြီး လွှမ်းခြုံထားသူတစ်ယောက် အခန့်သား ထိုင်နေ၏။

ထိုလူမှာ ပင့်ကူနက်ဂိုဏ်းချုပ်ဖြစ်လေသည်။

ပင့်ကူနက်ဂိုဏ်းချုပ်၏အမည်မှာ ထိချီဖြစ်သည်။

ကိုယ်ရံတော်နှစ်ယောက် အပြေးတပိုင်း ဝင်ရောက်လာကြသည်ကိုမြင်လျှင် ပင့်ကူနက်ဂိုဏ်းချုပ်ထိချီ၏မျက်နှာ ခက်ထန်သွားလေသည်။



"မင်းတို့နှစ်ယောက်လည်း အရေးနိမ့်လာခဲ့ကြပြန်ပြီ ဟုတ်လား"

ကိုယ်ရံတော်နှစ်ယောက် ဒူးထောက်လိုက်ကြသည်။

"ရန်သူရဲ့သိုင်းစွမ်းရည် မြင့်မားလှတာကြောင့် ကျုပ်တို့ဘယ်လိုမှမယှဉ်နိုင်ဘဲ အရေးနိမ့်ခဲ့ရတာပါ ဂိုဏ်းချုပ်ကြီး"

"တောက်...အသုံးမကျတဲ့ကောင်တွေ"

ဂိုဏ်းချုပ်ထိချီ ဝုန်းခနဲ ထရပ်လိုက်လေသည်။

ကိုယ်ရံတော်နှစ်ယောက် ခေါင်းငုံ့ထားလိုက်ကြ၏။

ဂိုဏ်းချုပ်ထိချီက..

"သည်ကောင်က သည်လောက်တောင်ပဲ အစွမ်းထက်ရသလား၊ နေပါဦး၊ မင်းတို့ အရေးနိမ့်သွားတာတောင် သည်ကောင်က ဘာမှမလုပ်ဘဲ လွှတ်ပေးလိုက်တယ် ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

"တောက်...သည်ကောင် ဘာကြောင့်သည်လောက်တောင်သဘောကောင်းနေရတယ်ဆိုတာကို မင်းတို့ မတွေးမိကြဘူးလားကွ"

ကိုယ်ရံတော်နှစ်ယောက် အချင်းချင်းကြည့်လိုက်ကြ၏။

ဂိုဏ်းချုပ်ထိချီက...

"ငါတို့ပင့်ကူနက်ဂိုဏ်းဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာကို သည်ကောင်မသိဘူး၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကို လွှတ်ပေး

လိုက်ပြီး မင်းတို့နောက်ကို နောက်ရောင်ခံလိုက်လာတာပဲ"

"ဗျာ"

ကိုယ်ရံတော်နှစ်ယောက် အထိတ်တလန့်ဖြစ်သွားကြ၏။

ဂိုဏ်းချုပ်ထိချိုက...

"မင်းရောက်နေမှတော့ ဘာကြောင့်ဝင်မလာသေးတာလဲ"

ဟုအော်ပြောလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဝုန်း"

ခေါင်မိုး၌ အပေါက်ကြီးတစ်ခုဖြစ်သွားပြီး လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့လိုက်ရလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–ဓာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။